# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဇွန် ၂၃ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၉)၊ အမှတ် (၂၆၄)


## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၀) အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၀) အစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၂**

အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၀) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ စီမံကိန်းကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသဦးစီးဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားစီမံကိန်းကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယခုအချိန်သည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် COVID-19 ရောဂါကြောင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးထိခိုက်မှုများ လျော့နည်းစေရန် အဘက်ဘက်က ဝိုင်းဝန်းကြိုးပမ်းနေသည့် ကာလဖြစ်ပါကြောင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် က

### Covid ကာလမှာ အခက်အခဲ ကျော်လွှားနည်းကောင်းတွေ၊ ပြင်ပကမ္ဘာကြီးနဲ့ခြားပြီးအိမ်တွင်းမှာပဲ နေရချိန်တွေကို တန်ဖိုးရှိရှိ သုံးစွဲနည်းတွေ တွေ့ရှိထားရင် မျှဝေကြပါ ဟု ရေးသားဖော်ပြ

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Covid ကာလမှာ အခက်အခဲကျော်လွှားနည်းကောင်းတွေ၊ ပြင်ပကမ္ဘာကြီးနဲ့ခြားပြီး အိမ်တွင်းမှာပဲ နေရချိန်တွေကို တန်ဖိုးရှိရှိ သုံးစွဲနည်းတွေ တွေ့ရှိထားရင် မျှဝေကြပါဟု ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာမှ ယနေ့တွင် ရေးသားဖော်ပြထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "Covid အလွန်ကမ္ဘာ" ဆိုတဲ့ အသုံးအနှုန်းက အတော်ကျယ်ပြန့်လာပါကြောင်း၊ ၂၀၁၉ ခုနှစ်ကုန်အထိ သိခဲ့ကြတဲ့ ကမ္ဘာကြီးပုံစံ ပြန်လည်မဖြစ်နိုင်တော့ဘူးဆိုတဲ့ အဓိပ္ပာယ်လား၊ ထိရောက်တဲ့ ကာကွယ်ဆေးကို သုံးစွဲနိုင်တဲ့အခါမှာတောင် အရင်လို ပြန်မဖြစ်နိုင်ဘူးလား၊ ဘာတွေက ပြန်မပြောင်းနိုင်ဖြစ်နေမှာလဲ။

အင်မတန်ပြင်းထန်တဲ့ အတွေ့အကြုံတွေကြောင့် လူတွေ၊ နိုင်ငံတွေ၊ ကမ္ဘာကြီးတစ်ခုလုံး၊ ပြန်လှန်လို့မရနိုင်လောက်အောင် အကြီးအကျယ် ပြောင်းလဲခဲ့တာတွေ ရှိပါကြောင်း၊ မိမိတို့နိုင်ငံသမိုင်းကို ကြည့်ရင်ပဲ တွေ့နိုင်ပါကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ကြည့်မယ်ဆိုရင် (၂၀) ရာစု နှစ်အတွင်းမှာကို ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်၊ စစ်အေးခေတ်၊ စစ်အေးလွန်ခေတ်၊ ဆက်သွယ်ရေးနည်းပညာတော်လှန်ရေးခေတ်တို့ကို မြင်နိုင်ပါကြောင်း။

တစ်ခေတ်တစ်ခေတ်အလွန်မှာ တိုးတက်တဲ့ဘက်ကို ပြောင်းသွားတာတွေ၊ ဆုတ်ယုတ်တဲ့ဘက်ကို ပြောင်းသွားတာတွေ နှစ်မျိုးလုံး မြင်ရပါကြောင်း၊ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းဆိုတာ ကာယကံရှင်တွေအပေါ် အများကြီးတည်ပါကြောင်း၊ ဖြစ်ပေါ်လာတဲ့ အခြေအနေတွေကို အကောင်းဆုံး ကိုင်တွယ်နိုင်ဖို့ အားထုတ်ရမည် ဖြစ်ပါကြောင်း၊ ကံ၊ ('ကံ' ကို "ကမ္မ=အလုပ်" ဆိုတဲ့ အခြေခံ အဓိပ္ပာယ်နဲ့သုံးပါတယ်)၊ ဉာဏ်၊ ဝီရိယတို့စိုက်ထုတ်ပြီး အကောင်းဆုံးလမ်းရွေးပြီး လျှောက်ဖို့ပဲ ဖြစ်ပါကြောင်း။

လမ်းကလည်း ကြမ်းတဲ့အပိုင်းတွေရှိတော့ မိမိတို့တွေအချင်းချင်း ကူညီဖို့လိုပါကြောင်း၊ Covid ကာလမှာ အခက်အခဲတွေ ကျော်လွှားနည်းကောင်းတွေ၊ ပြင်ပကမ္ဘာကြီးနဲ့ခြားပြီး အိမ်တွင်းမှာပဲ နေရချိန်တွေကို တန်ဖိုးရှိရှိ သုံးစွဲနည်းတွေ တွေ့ရှိထားရင် မျှဝေကြပါ။ မိမိလည်း အလျဉ်းသင့်သလို မိမိရဲ့အတွေ့အကြုံတွေအကြောင်း ဆွေးနွေးမည်ဖြစ်ပါကြောင်း ရေးသားဖော်ပြထားသည်။

> **"တစ်ခေတ်တစ်ခေတ်အလွန်မှာ တိုးတက်တဲ့ဘက်ကို ပြောင်းသွားတာတွေ၊ ဆုတ်ယုတ်တဲ့ဘက်ကို ပြောင်းသွားတာတွေ နှစ်မျိုးလုံးမြင်ရ၊ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း ဆိုတာ ကာယကံရှင်တွေအပေါ် အများကြီးတည်၊ ဖြစ်ပေါ်လာတဲ့ အခြေအနေတွေကို အကောင်းဆုံး ကိုင်တွယ်နိုင်ဖို့ အားထုတ်ရမည်"**

## တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများထုတ်ပြန်

(စာမျက်နှာ - ၇)


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# တိုက်အိုတိုက်ဟောင်းများ အန္တရာယ်မကျရောက်မီ

မကြာသေးသည့် ရက်သတ္တပတ်များအတွင်း ရန်ကုန်မြို့မှ အဆောက်အအုံတချို့၏ အစိတ်အပိုင်းလိုက်ပြိုကျခဲ့သည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည်။ လူနေအိမ်များပါဝင်သည့် ယင်းအဆောက်အအုံ ပြိုကျမှုများတွင် သက်တမ်းရင့် အဆောက်အအုံများ ဆွေးမြည့်မှုနှင့် ရာသီဥတုဒဏ်တို့ကြောင့် ပြိုကျမှု၊ သက်တမ်းအထိုက်အလျောက်သာရှိသေးသော်လည်း နည်းပညာနှင့် အရည်အသွေးညံ့ဖျင်းမှုတို့ကြောင့် ပြိုကျမှု၊ အဆောက်အအုံအသစ်ဖြစ်သော်လည်း အင်ဂျင်နီယာတွက်ချက်မှုအားနည်းချက်ကြောင့် ပြိုကျမှုတို့ ပါဝင်သည်ကို သတင်းများအရ သိရှိရသည်။

ရန်ကုန်မြို့ကို ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲအပြီး ကိုလိုနီလက်အောက်ခံဘဝ ကျရောက်ခဲ့ပြီးနောက် နိုင်ငံတကာ ဆိပ်ကမ်းမြို့တစ်ခုအဖြစ် တည်ဆောက်ခဲ့ချိန်မှစ၍ ရေတွက်ပါက မြို့၏ သက်တမ်းမှာ နှစ်ပေါင်း ၁၇၀ နီးနီးရှိပြီဖြစ်သည်။ ရန်ကုန်တွင် ခေတ်မီမြို့ပြအဆောက်အအုံများရှိသလို ရှေးဟောင်းမြို့ပြအမွေအနှစ် အဆောက်အအုံများနှင့်အတူ သက်တမ်းရင့်လူနေအဆောက်အအုံများလည်း ရှိနေသည်။ အချို့လူနေအဆောက်အအုံများမှာ ကိုလိုနီခေတ်လက်ကျန်များဖြစ်ပြီး အချို့လူနေအဆောက်အအုံများမှာ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း ပုဂ္ဂလိက ကန်ထရိုက်စနစ်များဖြင့် ဆောက်လုပ်ခဲ့ကြသည့် အရည်အသွေးညံ့ဖျင်းလှသော အဆောက်အအုံများဖြစ်သည်။ သို့ဖြစ်သည့်အတွက် သက်တမ်းရင့်၍ ကြံ့ခိုင်မှုမရှိသလို အရည်အသွေးညံ့ဖျင်း၍ ကြံ့ခိုင်မှုမရှိသည့် အဆောက်အအုံများ ရန်ကုန်မြို့တွင် တည်ရှိနေရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မြို့နယ်အလိုက် ကြံ့ခိုင်မှုအားနည်းပြီး ဘေးအန္တရာယ်ရှိသည့် အဆောက်အအုံစာရင်းများ ပြုစုထားရှိကြောင်း သိရသည်။ ထို့အပြင် မကြာသေးမီက အစိတ်အပိုင်းအလိုက် ပြိုကျမှုဖြစ်ပွားခဲ့သည့် အဆောက်အအုံ အားလုံးတို့မှာ အကြီးစား ပြင်ဆင်မှုများ ပြုလုပ်ရန်ဆိုပြီး စာထုတ်ထားသည့် အဆောက်အအုံများဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်ဟု သိရသည်။

ရန်ကုန်မြို့ကို နိုင်ငံတကာမြို့တော်ကြီးများကဲ့သို့ သန့်ရှင်းသာယာလှပ၍ နေချင်စဖွယ်မြို့တော်ကြီးဖြစ်လာအောင် အဆင့်မြှင့်တင်ဆောင်ရွက်ရေးအတွက် အန္တရာယ်ရှိ အဆောက်အအုံများ ရှင်းလင်းဖျက်သိမ်းရန်၊ စီးပွားရေးမြို့တော်၏ အင်္ဂါရပ်နှင့် ညီမျှသည့် အဆောက်အအုံသစ်များနှင့် တင့်တင့်တယ်တယ်ရှိစေရန် ရည်ရွယ်၍ ပြည်သူ့လွှတ်တော်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တို့တွင် မေးမြန်းဆွေးနွေးမှုများ ရှိခဲ့သည်။ ၂၀၁၈ ခုနှစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေပုဒ်မ-၇၄ အရ မြို့တော်နယ်နိမိတ်အတွင်း အဆောက်အအုံတစ်ခုခု သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ်၏ ပျက်စီးမှုအခြေအနေသည် မြို့တော်အင်္ဂါရပ်ကို ထိခိုက်စေလျှင်ဖြစ်စေ၊ နောင်တွင် အန္တရာယ်ရှိနိုင်သည်အထိ အခြေအနေဆိုးရွားလာနိုင်လျှင်ဖြစ်စေ၊ ကော်မတီသည် ပိုင်ရှင် သို့မဟုတ် နေထိုင်သူအား မူလအတိုင်း ပြန်လည်ပြင်ဆင်ရန် ဆင့်ဆိုနိုင်သည်။ ယင်းအဆောက်အအုံပိုင်ရှင်က ငြင်းဆန်ခြင်းမရှိစေရဟူ၍ ပြဋ္ဌာန်းထားရှိပြီး အန္တရာယ်ရှိ အဆောက်အအုံတစ်ခုကို အသစ်ပြန်လည်တည်ဆောက်ရန်အတွက် မူလနေထိုင်သူများ၊ မြေရှင်၊ ကန်ထရိုက်တာ သုံးဦး သုံးဖလှယ် ညှိနှိုင်းပြီး ဆောက်ခွင့်ပြုကြောင်း သိရသည်။ သို့ရာတွင် မူလနေထိုင်သူများအကြား ညီညွတ်မှုမရှိခြင်း၊ ညှိနှိုင်း၍ မရခြင်း၊ မြေရှင်ကွယ်လွန်သွားခြင်း၊ နိုင်ငံခြားသို့ ပြန်သွားခြင်း၊ ကန်ထရိုက်တာမရှိခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေခြင်းတို့ကြောင့် အန္တရာယ်ရှိ အဆောက်အအုံတို့ကို ဖျက်သိမ်းပြီး အဆောက်အအုံသစ် ပြန်လည်ဆောက်လုပ်ရန် ကြန့်ကြာမှုများ ရှိနေသည်ကိုလည်း သိရသည်။

နှစ်ကာလကြာမြင့်သည်နှင့်အမျှ တိုက်အိုတိုက်ဟောင်းများနှင့် အန္တရာယ်ရှိ အဆောက်အအုံများ အရေအတွက်တိုးလာဦးမည်ဖြစ်သည်။ ရန်ကုန်ကို အနာဂတ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ရေရှည်ကို မျှော်တွေးပြီး မြို့ပြအဆောက်အအုံများဆိုင်ရာ မူဝါဒများနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ရန်၊ နိုင်ငံတကာမှ အတတ်ပညာ၊ နည်းပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်ရန် စသည်တို့ လိုအပ်မည်ဟု ယူဆမိသည်။ မြို့တော်ကြီးလည်း နိုင်ငံတကာအဆင့်မီ၊ မြေရှင်များနှင့် မူလနေထိုင်သူများလည်း ကျေနပ်ဝမ်းမြောက်နိုင်မည့် နည်းလမ်းတို့ကို ရှာဖွေအကောင်အထည်ဖော်နိုင်မည်ဆိုပါက စိတ်နှလုံးမွေ့လျော်ဖွယ်ရာ မြို့တော်ကြီးအဖြစ် ရန်ကုန်ကို ဖော်ဆောင်နိုင်မည်ဟု ယုံကြည်မိပါကြောင်း။ ။

# တရားမအထူးအယူခံမှု (၆) မှုနှင့် တရားမအထွေထွေလျှောက်ထားမှု (စာချွန်တော်) (၂) မှုတို့ကို စီရင်ချက်ချမှတ်၊ တရားမအထူးအယူခံမှု (၈) မှုကို ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးမျိုးဝင်းတို့ ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁) ၌ တရားမ အထူးအယူခံမှု (၆) မှုနှင့် တရားမ အထွေထွေလျှောက်ထားမှု (စာချွန်တော်) (၂) မှုတို့ကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် တရားမအထူးအယူခံမှု (၈) မှုကို ရုံးထိုင်ကြားနာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၂၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Total E&P Myanmar ကုမ္ပဏီသည် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Metocean Survey လုပ်ငန်းများအား MV. PACIFIC PATRIOT (Call Sign: 9VCT8) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၄ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း ရည်ညွှန်းစာဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် အဆိုပါလုပ်ငန်းများမပြီးပြတ်သေးပါသဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်သည်။

Metocean Survey လုပ်ငန်းများဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းများကို ဖော်ပြသည့် Coordinate များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Deep Site 1(Current mooring) | 16˙ 56' 39.747"N | 93˙ 42' 30.561"E |
| Deep Site 1(DWR mooring) | 16˙ 55' 37.957"N | 93˙ 42' 06.253"E |
| Mid-Shallow Site 2(Wave Scan mooring) | 16˙ 57' 14.8"N | 94˙ 05' 20.4"E |
| Mid-Shallow Site 2(Corrent meter) | 16˙ 57' 31"N | 94˙ 05' 20.4"E |
| Shallow Site 3(Current meter) | 15 40' 32"N | 93 53' 51"E |
| Rise Site 4(Current meter) | 17 01' 29.177"N | 93 56' 37.873"E |
| Slope Site 5(Current meter) | 17 01' 37.98"N | 94 00' 33.938"E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် Metocean Survey လုပ်ငန်းများအား MV.PACIFIC PATRIOT (Call Sign: 9VCT8) ရေယာဉ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာထားသည်။

သတင်းစဉ်

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇွန် ၂၂

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ခန္တီးမြို့တွင် ၅ ဒသမ ၈၄ လက်မ၊ သံတွဲမြို့၊ မဒေါက်မြို့နှင့် မအူပင်မြို့တို့တွင် ၁ ဒသမ ၇၈ လက်မစီ၊ ရွှေကျင်မြို့တွင် ၁ ဒသမ ၅၀ လက်မ၊ ဟုမ္မလင်းမြို့တွင် ၁ ဒသမ ၂၉ လက်မ၊ ပလက်ဝမြို့နှင့် တောင်ငူ (လေကြောင်း မိုးလေဝသ) တို့တွင် ၁ ဒသမ ၁၈ လက်မစီ။

ကျောက်ဖြူ မြို့တွင် ၁ ဒသမ ၁၀ လက်မ၊ ပူတာအို မြို့၊ နေပြည်တော် (ဒက္ခိဏသီရိ မြို့နယ်) နှင့် ကျောက်တော်မြို့တို့တွင် ၁ ဒသမ ၀၂ လက်မစီနှင့် ဥက္ကံမြို့နှင့် ဖားဆောင်းမြို့တို့တွင် ၀ ဒသမ ၉၈ လက်မစီတို့ ဖြစ်ကြသည်။

မိုး/ဇလ

# ဖြောင့်မတ်တည်ကြည်မှု ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်များ လွှဲပြောင်းပေးအပ်

နေပြည်တော် ဇွန် ၂၂

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ထုတ်ဝေသည့် ဖြောင့်မတ်တည်ကြည်မှု ကျင့်ဝတ်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ရည်ညွှန်းစာစောင်၊ စာအုပ်စာတမ်းများကို ချင်းပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်နှင့် ပြည်နယ်တရားလွှတ်တော်များသို့ လှူဒါန်းပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ချင်းပြည်နယ်အစိုးရဧည့်ဂေဟာ၌ ကျင်းပသည်။




အခမ်းအနားသို့ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ကော်မရှင်အဖွဲ့ဝင် ဦးစိုးတင့်၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ကော်မရှင်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ကော်ရှင်အဖွဲ့ဝင် ဦးစိုးတင့်က ရည်ညွှန်းစာစောင်များ လှူဒါန်းပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ ရည်ညွှန်းစာစောင် (၄၆) စုံကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

သတင်းစဉ်

# SIM Card များ စနစ်တကျပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် SIM Card များ စနစ်တကျ ပြန်လည်မှတ်ပုံတင်နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သုံးစွဲသူများအနေဖြင့် သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများက ဆောင်ရွက်ပေးလျက်ရှိသော စစ်ဆေးနိုင်မည့် နည်းလမ်းများဖြင့် မိမိသုံးစွဲနေသော SIM Card သည် မိမိ၏ ကိုယ်ရေးအချက်အလက်များဖြင့် မှတ်ပုံတင်ထားသော SIM Card မှန်/ မမှန်စစ်ဆေး၍ မမှန်ပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ Online ဝန်ဆောင်မှုဖြင့် လည်းကောင်း၊ အရောင်းဆိုင်များတွင်လည်းကောင်း၊ သတ်မှတ်ရက်အတွင်း ပြန်လည်မှတ်ပုံတင်ကြပါရန် (၂၃-၀၂-၂၀၂၀) ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် လည်းကောင်း၊ Website များနှင့် လူမှုကွန်ရက်မီဒီယာများတွင် လည်းကောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တည်ဆဲဥပဒေအရ ထုတ်ပေးထားသည့် သက်သေခံလက်မှတ် (နိုင်ငံသား/ဧည့်နိုင်ငံသား/ နိုင်ငံသားပြု/ နိုင်ငံသား စိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား)၊ Passport (နိုင်ငံခြားသားများအတွက်) တစ်ခုခုဖြင့် (၂) ကတ်ထက်ပို၍မှတ်ပုံတင်ထားသော SIM Card များနှင့် အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို (၃၀-၄-၂၀၂၀) နောက်ပိုင်းမှတ်ပုံတင်ရေးကိစ္စများကို စုံစမ်းနိုင်ရန် Call Center သို့ ခေါ်ဆိုနိုင်ခြင်းမှလွဲ၍ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းကို ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အထွက်ခေါ်ဆိုမှု ပိတ်ထားခြင်းခံရသည့် SIM Card များအား အပိုဒ် (၁) တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် (၃၀-၆-၂၀၂၀) ရက်နေ့နောက်ဆုံးထား၍ မှတ်ပုံတင်ကြပါရန်နှင့် မှတ်ပုံတင်ခြင်းမပြုလုပ်ပါက (၃၀-၆-၂၀၂၀) ရက်နေ့နောက်ပိုင်း အပြီးသတ် ပိတ်သိမ်းသွားမည် ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သုံးစွဲသူများအနေဖြင့် မိမိတို့အမှန်တကယ်သုံးစွဲနေသော SIM Card များကို ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် မိမိတို့၏ SIM Card များကို သတ်မှတ်ရက်အတွင်း မှန်ကန်စွာ မှတ်ပုံတင်နိုင်ရေးဆောင်ရွက်ကြပါရန်နှင့် ဈေးကွက်အတွင်း ရောင်းချနေသော အချက်အလက်မှန်ကန်စွာဖြင့် မှတ်ပုံတင်ထားခြင်းမရှိသည့် ကြိုတင်မှတ်ပုံတင်ထားသော SIM Card များကို ဝယ်ယူသုံးစွဲခြင်းမပြုကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန



အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၀) အစည်းအဝေး ကျင်းပစဉ်။ သတင်းစဉ်

# “လုပ်ငန်းစီမံကိန်းကြီးများကို အကောင်အထည်ဖော်ရာတွင်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ရန်လိုအပ်ပြီး တန်ဖိုးနှင့်ညီမျှသည့် ရလဒ်ရရှိရေးကိုလည်း အထူးအလေးထားရန်လို”

◆ *ရှေ့ဖုံးမှ*

ကပ်ရောဂါစိန်ခေါ်မှုများကြားက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ဖြစ်မြောက်အောင် ရေးဆွဲတင်ပြလာသည့်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအားလုံး၏ ကြိုးပမ်းအားထုတ်မှုများကို မှတ်တမ်းတင်ကြောင်း ပြောကြားလိုပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၀၀ (ခ) အရ ပြည်ထောင်စုလွှတ်တော်သို့ မတင်သွင်းမီ ညှိနှိုင်းအတည်ပြုချက်ရယူရန်အတွက် ယနေ့အစည်းအဝေးကိုခေါ်ယူကျင်းပရခြင်း ဖြစ်ပါကြောင်း။

COVID-19 ကြောင့် ယခုနှစ်တွင် ကမ္ဘာ့စီးပွားရေးကျဆင်းနေပြီး ဒေသအလိုက် စီးပွားရေးအခြေအနေမှာလည်း ကျဆင်းနေသည်ကို တွေ့ရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်နှစ်ကုန်တွင် စီးပွားရေးတိုးတက်မှုနှုန်းသည် ယခင်ဘဏ္ဍာနှစ်တွင် ရရှိခဲ့သည့် တိုးတက်မှုနှုန်းအောက် ကျဆင်းမည်ဟု နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာဌာနကလည်း ခန့်မှန်းထားသည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း လေးနှစ်တာကာလအတွင်းတွင် လျှပ်စစ်ဓာတ်အားကို အိမ်ထောင်စုများ၏ ၅၀ ရာခိုင်နှုန်းအထိ ပေးနိုင်ခဲ့သည့်အပြင် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက် လျော့ကျစေရေးအတွက် လမ်းတံတားလုပ်ငန်းများ၊ အခြေခံပညာကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

ထို့ပြင် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အရ လူမှုရေးပင်စင်ခံစားခွင့်ကို အသက် ၈၅ နှစ်အထိ လျှော့ပေါ့ခံစားခွင့်ပြုခဲ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ယင်းတို့မှ မွေးဖွားလာသည့် (၂) နှစ်အောက် ကလေးသူငယ်စောင့်ရှောက်ရေး အစီအစဉ်များ ဆောင်ရွက်ပေးခြင်းတို့ကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခုထက်ပိုမိုပြီး တိုးချဲ့ဆောင်ရွက်ပေးနိုင်ရန်လည်း ရည်မှန်းထားပါကြောင်း။

## ကြိုးပမ်းဆောင်ရွက်

မကြာသေးမီကာလက COVID-19 ကြောင့် လူမှုစီးပွားထိခိုက်မှုများ လျော့နည်းစေရန် အခြေခံလူတန်းစားများအတွက် အခြေခံစားသောက်ကုန်ငါးမျိုးနှင့် ငွေကြေးထောက်ပံ့ပေးခြင်း၊ အိမ်သုံးမီတာသုံးစွဲယူနစ်များ လျှော့ပေါ့ပေးခြင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေထုတ်ပေးခြင်း၊ အခွန်ပေးဆောင်ရမည့် အချိန်ကာလ ရွှေ့ဆိုင်းပေးခြင်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းများအားလုံးအပေါ် သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုခြင်း၊ ပို့ကုန်လုပ်ငန်းမှ ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပေးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းများ လျှော့ချပေးခြင်း စသည့်ကိစ္စရပ်များကို နိုင်ငံတော်အစိုးရအနေဖြင့် ချက်ချင်းအရေးယူ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အကန့်အသတ်ဖြစ်နေသည့် အရင်းအမြစ်များအတွင်းမှ ပြည်သူများအတွက် လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို အားလုံးသိရှိပြီးဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

COVID-19 ကြောင့် စီးပွားရေးကျဆင်းမှုကို ကုစားနိုင်ရန် COVID-19 စီးပွားရေး ကုစားမှုအစီအစဉ် [COVID-19 Economic Relief Plan (CERP)] ကို ရည်မှန်းချက် ၇ ရပ်၊ မဟာဗျူဟာ ၁၀ ရပ်ပေါ်တွင် အခြေခံပြီး ရေးဆွဲအကောင်အထည်ဖော်နေသည်ကိုလည်း တွေ့ရပါကြောင်း၊ ကုစားရန် အစီအစဉ်များတွင်လည်း ချက်ချင်းအရေးယူဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ယခုနှစ် မကုန်မီ ဆောင်ရွက်ရမည့် ကိစ္စရပ်များ ခွဲခြားထားသည်ကို တွေ့ရပါကြောင်း၊ ချက်ချင်းဆောင်ရွက်ရမည့် ကိစ္စရပ်များကို သက်ဆိုင်ရာဌာနအားလုံးက ချက်ချင်းအရေးယူဆောင်ရွက်ရန် ဝိုင်းဝန်းကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊ အားလုံးပါဝင်ဆောင်ရွက်မှသာ နိုင်ငံတော်အစိုးရ၏ ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါကြောင်း။

ထို့ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသာမက CERP တွင်ပါသည့် ၂၀၂၀ နှစ်ကုန် ပြီးစီးရမည့် လုပ်ငန်းစီမံကိန်းများကိုပါ အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် စီမံကိန်း မစတင်မီ အချိန်ကစပြီး အကောင်အထည်ဖော်ပြီးသည်အထိ စီမံကိန်းစက်ဝန်းတစ်ခုလုံးကို အချိတ်အဆက်မိမိ ဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ပြည်သူ့ထံမှရရှိသည့် အခွန်အကောက်ရငွေများသည် နိုင်ငံတော်၏ အဓိကကျသော ဝင်ငွေများဖြစ်သည့်အတွက် လုပ်ငန်းစီမံကိန်းများ ရွေးချယ်ရာတွင်လည်း နိုင်ငံတော်နှင့် ပြည်သူကို အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းစီမံကိန်းများကို ရွေးချယ်အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း။

လုပ်ငန်းစီမံကိန်းကြီးများကို အကောင်အထည်ဖော်ရာတွင်လည်း နိုင်ငံတော်၏ ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးကို တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ရန်လိုအပ်ပြီး တန်ဖိုးနှင့်ညီမျှသည့် ရလဒ်ရရှိရေးကိုလည်း အထူးအလေးထားရန် လိုပါကြောင်း။

## ဦးစားပေးရွေးချယ်ဆောင်ရွက်

ထို့ပြင် အရည်အသွေးပြည့်ဝသည့် အခြေခံအဆောက်အအုံ ဝန်းကျင်ကောင်းဖြစ်စေရေးကိုလည်း အစဉ်ကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ကြွယ်ဝချမ်းသာသည့် နိုင်ငံမဟုတ်သည့်အတွက် မိမိတို့တွင်ရှိသည့် အရင်းအမြစ်များကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ ထိထိရောက်ရောက် ဆောင်ရွက်ရန်ဆိုလျှင် စီမံကိန်းရွေးချယ်မှုသည်လည်း အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ အခြေခံ အဆောက်အအုံ လိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန်နှင့် ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေမည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း။

လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် စီမံကိန်းအားလုံးကို နိုင်ငံတော် ဘတ်ဂျက်တစ်ခုတည်းက ကျခံသုံးစွဲရန်ဆိုသည်မှာ မည်သည့်နိုင်ငံမှ မဖြစ်နိုင်သည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းစီမံကိန်းအလိုက် မည်သည့်ဘဏ္ဍာငွေ အရင်းအမြစ်ကို သုံးစွဲမည်ဆိုသည်ကိုလည်း သေချာစွာ သုံးသပ်စိစစ်ပြီးမှသာ ဆောင်ရွက်ရန် မှာကြားလိုပါကြောင်း။

အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနှင့် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများဆိုလျှင်လည်း အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်သွားရန် မှာကြားလိုပါကြောင်း၊ နိုင်ငံတော်က ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ရန် အဆင့်ဆင့် တာဝန်ယူ၊ တာဝန်ခံ ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် စီမံကိန်းများဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်နိုင်ရန်၊ တစ်နေရာတည်းတွင် တစ်စုတစ်စည်းတည်း ရှာဖွေနိုင်ရန်နှင့် အားလုံးလက်လှမ်းမီနိုင်ရန်အတွက် စီမံကိန်းဘဏ် အင်တာနက်ကွန်ရက်ကိုလည်း တည်ထောင်ပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းဘဏ် အင်တာနက်ကွန်ရက်တွင် ဘဏ္ဍာရန်ပုံငွေလုံလောက်မှု မရှိသေးသည့် လုပ်ငန်းစီမံကိန်းများလည်း တွေ့ရမည်ဖြစ်ပါကြောင်း၊ ယင်း လုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိက လုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်နိုင်ရေးကို အားပေးလျက်ရှိပါကြောင်း။

COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုများကို အမြန်ဆုံးကုစားနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းမှသာ စီးပွားရေးကျဆင်းမှုနည်းနိုင်မည် ဖြစ်ပါကြောင်း၊ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် လမ်းတံတားကွန်ရက်တိုးတက်ရေး၊ လျှပ်စစ်မီးရရှိမှု ပိုမိုတိုးတက်လာစေရေးနှင့် COVID-19 ကာလအလွန် နိုင်ငံ့စီးပွားရေး ပြန်လည်ဦးမော့လာစေရေးတို့အတွက် ဆောင်ရွက်နိုင်ရန် လျာထားခြင်းများကို တွေ့ရပါကြောင်း၊ အသေးစား၊ အလတ်စားလုပ်ငန်းများ တိုးတက်စေရေးနှင့် ဝင်ငွေနည်းပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ ဖန်တီးနိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးတို့အတွက် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ပေါင်းစပ်ညှိနှိုင်းမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများသည် အလွန်အရေးကြီးပါကြောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းရေးနှင့် အပြန်အလှန် နားလည်မှုရှိရေးသည်လည်း စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း။

## ဝိုင်းဝန်းအကောင်အထည်ဖော်

လေးနှစ်တာကာလအတွင်းဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲစီမံကိန်းများ၏ အားနည်းချက်၊ အားသာချက်များကို ပကတိအရှိအတိုင်း ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများအတွက် သင်ခန်းစာယူကြရမည် ဖြစ်ပါကြောင်း၊ ဆောင်ရွက်ဆဲ စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင်လည်း ပြည်သူ့အတွက် အကျိုးရလဒ်ကောင်း ရရှိစေမည့် စီမံကိန်းများကို အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးကို ကြိုးပမ်းရမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ မျှော်လင့်ချက်နှင့်ဆန္ဒများ ပြည့်ဝစေရန်အတွက် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မမျှော်လင့်သည့် အခက်အခဲများကြားက နိုင်ငံ့စီးပွားရေး ပြန်လည်နိုးထရေးကို အားလုံးကြိုးပမ်းဆောင်ရွက်ရန် အထူးတိုက်တွန်းလိုပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်သူများအားလုံး တန်းတူရရှိခံစားနိုင်ရန် မည်သူတစ်ဦးတစ်ယောက်ကိုမှ ချန်လှပ်ထားခြင်း မရှိဆိုသည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း၏ ရည်မှန်းချက်အတိုင်း ဆောင်ရွက်ရန် လိုအပ်သည့် ဦးစားပေးလုပ်ငန်းများ၊ နိုင်ငံတော်နှင့်ပြည်သူကို အမှန်တကယ်အကျိုးပြုမည့်လုပ်ငန်းများကို ဆက်လက်ဖော်ထုတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း (အဆိုပြုမူကြမ်း) ရေးဆွဲဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို ယခုရေးဆွဲထားသည့်အတိုင်း သတ်မှတ်ပြဋ္ဌာန်းထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ယခုတင်ပြသည့် စီမံကိန်းများတွင် COVID-19 ကာလအလွန် ဆောင်ရွက်ရမည့် ကိစ္စရပ်များရှိသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်စေဘဲ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ဖွံ့ဖြိုးမှုအသီးအပွင့်များကို ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်သွားကြရမည့် ကိစ္စရပ်များလည်း ရှိပါကြောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ထိထိရောက်ရောက်ဖြစ်စေရန် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ၊ ညွှန်ကြားချက်၊ စည်းမျဉ်း စည်းကမ်းဘောင်အတွင်းက ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင်လည်း အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးကို အလေးထားရန် မှာကြားလိုပါကြောင်း။

လာမည့် ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်သည့် အခါတွင် လက်ရှိအစိုးရသက်တမ်းနှင့် လာမည့်သက်တမ်းနှစ်ခုအကြားတွင် ဆောင်ရွက်ရမည့်ကိစ္စဖြစ်သည့်အတွက် အထူးကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကာလအပိုင်းအခြားအလိုက် ဆောင်ရွက်ရမည့် အသေးစိတ်စီမံချက်များကို ယခုကတည်းက ရေးဆွဲပြီး အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များ နှောင့်နှေးမှုမရှိစေရေးကို ဂရုပြုကြရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏ အပြုသဘောဆောင်သည့် အကြံပြု ဆွေးနွေးချက်များကိုလည်း အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထိန်းကျောင်းရင်း နိုင်ငံတော်နှင့် နိုင်ငံသူနိုင်ငံသားများ၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်က မျှော်မှန်းထားသည့်အတိုင်း COVID -19 ကာလအလွန် စီးပွားရေး ပြန်လည် ဦးမော့လာစေရေး၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းကို စနစ်တကျအကောင်အထည်ဖော်နိုင်ရေးတို့အတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းအလေးထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**

**ပြည်သူသာလျှင် အဓိက**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လမ်းညွှန်အမှာစကားပြောကြား

နေပြည်တော်  ဇွန် ၂၂

**ဘဏ္ဍာရေးကော်မရှင် (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ္ဍာရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် က ယနေ့ကျင်းပသည့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးတွင် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၂၀-၂၀၂၁ ခု၊ အကူအညီရငွေ၊ ပြည်ပချေးငွေများအတွက် အသုံးစရိတ်များ၊ လျှပ်စစ်မီး၊ လမ်းတံတား၊ သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးဆိုင်ရာ အသုံးစရိတ်များကို ခွဲဝေပေးထားသည့်အပြင် အထွေထွေရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲကော်မရှင်၏ အသုံးစရိတ်များလည်း ပါဝင်သည်ကို တွေ့ရပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူအတွက် ကဏ္ဍအလိုက် ငွေလုံးငွေရင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းတို့ မထပ်စေရေး စိစစ်ကြရန် လိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာန အချင်းချင်း ညှိနှိုင်းမှု၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းမှုများ ပြုလုပ်ကြပြီး ဦးစားပေးဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းများ၊ စီမံကိန်းများကို ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြစေလိုပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဘဏ္ဍာရေးကော်မရှင် (၂/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသို့ တက်ရောက်လမ်းညွှန်အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန် ဖြစ်ပါကြောင်း။

### ပြန်လည်တိုးတက်စေရန် ကြိုးပမ်း

COVID-19 ကမ္ဘာ့ကပ်ရောဂါဘေးကြောင့် ကြီးမားသည့် ကမ္ဘာ့စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်သည့်အတိုင်း မြန်မာနိုင်ငံတွင်လည်း စီးပွားရေးထိခိုက်မှုများ ရှိလာပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လကဲ့သို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း အစိုးရ၊ ပုဂ္ဂလိက ကဏ္ဍများ အားလုံး ဝင်ငွေကျဆင်းနိုင်ပါကြောင်း၊ ပြည်ထောင်စု၏ ရငွေအခြေအနေပေါ် မူတည်ပြီး အသုံးစရိတ်များကို ခွဲဝေရခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်ဌာန၊ အဖွဲ့အစည်းများ အားလုံးခွဲဝေရရှိသည့် အသုံးစရိတ်များကို အပြည့်အဝသုံးစွဲကြခြင်းဖြင့် နိုင်ငံ့စီးပွားရေး ပြန်လည်တိုးတက်စေရန် ကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း။

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၏ အသုံးစရိတ်များထဲတွင် COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်ကဏ္ဍများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ အသုံးစရိတ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အသုံးစရိတ်များ၊ ပြည်ပ

### လွှတ်တော်က အကြိမ်ကြိမ်ထောက်ပြနေ

တည်ဆောက်ရေး၊ ဝယ်ယူရေးလုပ်ငန်းများအတွက် တင်ဒါခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်း၊ စာချုပ်ချုပ်ဆိုခြင်း၊ ပြီးစီးမှုအဆင့်အလိုက် ငွေပေးချေခြင်းများ ဆောင်ရွက်ကြရာတွင် လွှတ်တော်က အကြိမ်ကြိမ်ထောက်ပြနေသော်လည်း ကြန့်ကြာမှုများ ရှိနေဆဲဖြစ်သည်ကို တွေ့ရပါကြောင်း၊ ထိုသို့ ကြန့်ကြာမှုများ မဖြစ်စေရန် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် လက်အောက်ရုံးခွဲအသီးသီးကို လုပ်ပိုင်ခွင့်များ အပ်နှင်းခွဲဝေပေးပြီး တာဝန်ရှိသူ အဆင့်ဆင့်က တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပြည်ပအကူအညီရငွေ၊ ပြည်ပချေးငွေများနှင့် ပတ်သက်၍ အလေအလွင့် မရှိစေဘဲ အကျိုးရလဒ်များ အပြည့်အဝရရှိစေရန် ကြိုးပမ်းကြစေလိုပါကြောင်း၊ COVID-19 ကပ်ရောဂါကြောင့် နိုင်ငံတော်အပေါ် လူမှုရေး၊ စီးပွားရေး ထိခိုက်ခဲ့မှုများကို ကုစားနိုင်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်က လွှတ်တော်အတည်ပြုချက်ဖြင့် ရယူခဲ့သည့် ပြည်ပချေးငွေများသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထုတ်ယူသုံးစွဲကြမည် ဖြစ်ပါကြောင်း၊ ချေးငွေရယူသည့် ရည်ရွယ်ချက်အတိုင်း သုံးစွဲနိုင်ပါက COVID-19 ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုကို ကုစားနိုင်မည့်အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းသစ်များကိုလည်း ရရှိစေမည်ဖြစ်ပါကြောင်း။

COVID-19 ၏ အကျိုးဆက်ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက် ရငွေများ၊ အခြားရငွေများ လျော့နည်းနိုင်သော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် COVID-19 ကြောင့် စီးပွားရေးထိခိုက်မှုကို ကာကွယ်နိုင်ရန် သုံးသင့်သုံးထိုက်သည့် အသုံးစရိတ်များကို သုံးစွဲသွားမည်ဖြစ်ပါကြောင်း။

### အသုံးစရိတ်များ တိုးမြှင့်ပေးနိုင်

အစိုးရသက်တမ်း ၄ နှစ်ကျော် ကာလအတွင်း ပြည်ထောင်စု၏ရငွေသည် ငွေကျပ် ၁၆၉၇၉ ဘီလီယံမှ ငွေကျပ် ၂၇၈၅၂ ဘီလီယံသို့ တိုးတက်ရရှိခဲ့ပြီး ပြည်ထောင်စု၏ အသုံးစရိတ်သည် ငွေကျပ် ၂၀၂၆၇ ဘီလီယံမှ ငွေကျပ် ၃၄၆၅၂ ဘီလီယံသို့ တိုးတက်လာခဲ့ပါကြောင်း၊ ကဏ္ဍအလိုက်၊ ဒေသအလိုက်ရရှိခဲ့သည့် ဖွံ့ဖြိုးတိုးတက်မှုများကို ရုပ်သံလွှင့်ဌာနများ၊ သတင်းစာ၊ ရေဒီယိုတို့ကတစ်ဆင့် ပြည်ထောင်စုဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တင်ပြခဲ့ကြပြီး ဖြစ်ပါကြောင်း၊ ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု ကဏ္ဍများတွင် တိုးတက်ခဲ့သည့်အတိုင်း အခြေခံအဆောက်အဦများကိုလည်း များစွာ တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အထူးသဖြင့် လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာ အသုံးစရိတ်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကို သိသိသာသာ တိုးမြှင့်ပေးနိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ဘဏ္ဍာရေးကော်မရှင်အတွင်းရေးမှူး စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရှင်းလင်းတင်ပြမည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ပြည်ထောင်စုလွှတ်တော်ကို အချိန်မီပေးပို့နိုင်ရန် ဘဏ္ဍာရေးကော်မရှင်က ဝိုင်းဝန်းဆွေးနွေး အတည်ပြုပေးကြရန်လိုကြောင်း ပြောကြားသည်။

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ထို့နောက် ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အသုံးစရိတ်များကို ခွင့်ပြုပေးခဲ့သည့် အခြေအနေများမှာ COVID - 19 အလွန် ကာလများတွင် ပြည်သူလူထု၏ လူမှုစီးပွားအပေါ် သက်ရောက်မှုလျော့ကျစေရေး အစီအစဉ်များနှင့် စီးပွားရေးကုစားမှုအစီအစဉ်(COVID-19 Economic Relief Plan - CERP) တွင်ပါသည့် စီမံကိန်းများ၊ ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများကို ပြီးပြတ်အောင် ဆောင်ရွက်နိုင်ရန်နှင့် ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်အတွက် အကျိုးရှိမည့် စီမံကိန်းများကို အဓိကထားပြီး ဦးစားပေး ခွင့်ပြုခဲ့ပါကြောင်း။

## လုပ်ငန်းများကို စိစစ်

အသုံးစရိတ်များကို စိစစ်ခဲ့ရာတွင် နှစ်လတ်ဘဏ္ဍာရေး မူဘောင်အရ သတ်မှတ်ထားသည့် ဘောင်ထက်ကျော်လွန်မှု မရှိစေရန်၊ လုပ်ငန်းစီမံကိန်းအသစ်များကို နိုင်ငံတော်၏ ဦးစားပေးမူဝါဒနှင့် ကိုက်ညီမှုရှိစေရန်၊ တည်ဆောက်ရေး လုပ်ငန်းများတွင် မြေပိုင်ဆိုင်ခွင့်နှင့် ဒီဇိုင်းပုံစံရှိပြီး ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် တင်ဒါခေါ်ယူကာ ပြီးစီးအောင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်စေရန်နှင့် ပြည်ထောင်စုက တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းသည် တိုင်းဒေသကြီး/ပြည်နယ်က တာဝန်ယူဆောင်ရွက်မည့် လုပ်ငန်းနှင့် မထပ်စေရန်၊ ချေးငွေနှင့် အကောင်အထည်ဖော် ဆောင်ရွက်သည့်လုပ်ငန်း၊ စီမံကိန်းများတွင်လည်း ချေးငွေရယူသည့် လုပ်ငန်းများကို အချိန်ဇယားနှင့်အညီ အမှန်အကောင် အထည်ဖော်နိုင်မည့် အခြေအနေတို့အပေါ် ဆောင်ရွက်နိုင်မည့် လုပ်ငန်းများကို စိစစ်ခဲ့ပါကြောင်း။

ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ် ကာကွယ်မှုနှင့် ကယ်ဆယ်မှုလုပ်ငန်းများကို လျင်လျင်မြန်မြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်ရန်ပုံငွေကို ယခုနှစ်တွင် ယခင်နှစ်ထက် ငွေကျပ် ၅၀ ဘီလီယံ တိုးမြှင့်ပြီး ဗဟိုတွင် ငွေကျပ် ၁၀၀ ဘီလီယံ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ငွေကျပ် ၅၀ ဘီလီယံ စုစုပေါင်း ငွေကျပ် ၁၅၀ ဘီလီယံ ခွဲဝေလျာထားပေးခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးငွေကျပ် ၂၃၈၁ ဘီလီယံကိုပါ ထည့်သွင်းလျာထားပေးခြင်းအပြင် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကိုလည်း ယခင်နှစ်များထက် ပိုမိုတိုးမြှင့်ပေးခြင်းနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ရန်ပုံငွေအတွက်ပါ ထည့်သွင်းလျာထားပေးခြင်းများ ဆောင်ရွက်ထားပါကြောင်း။

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ပအကူအညီရငွေကျပ် ၁၁၂၂ ဘီလီယံနှင့် ပြည်ပချေးယူရငွေ ငွေကျပ် ၄၀၃၄ ဘီလီယံတို့ကို ထည့်သွင်းလျာထားခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လိုငွေအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ပေးငွေကျပ် ၂၃၈၁ ဘီလီယံ အပါအဝင် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေငွေစာရင်းချုပ်မှာ ရငွေစုစုပေါင်း ငွေကျပ် ၂၇၈၅၂ ဘီလီယံ၊ သုံးငွေစုစုပေါင်း ငွေကျပ် ၃၄၆၅၂ ဘီလီယံ၊ စုစုပေါင်းလိုငွေကျပ် ၆၈၀၀ ဘီလီယံဖြစ်ပြီး လိုငွေနှင့် ဂျီဒီပီအချိုးမှာ ၅ ဒသမ ၄၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း။

နိုင်ငံချုပ်အနေဖြင့် ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၎င်းကို အခြေပြု၍ ရေးဆွဲထားသည့် ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးကော်မရှင်က သုံးသပ်ပြီး ထောက်ခံအတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

## တစ်နှစ်ထက်တစ်နှစ် ပိုပြီးထောက်ပံ့ပေး

ဆက်လက်၍ ဘဏ္ဍာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တိုင်းဒေသကြီး/ပြည်နယ်များတွင် ပြည်သူများ၏ လိုအပ်ချက်များ ပိုမိုဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုက တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေများကို တစ်နှစ်ထက်တစ်နှစ် ပိုပြီးထောက်ပံ့ပေးခဲ့ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေငွေစာရင်းအတွက် ပြည်ထောင်စုမှ တိုင်းဒေသကြီး/ ပြည်နယ်များသို့ လိုငွေအတွက် ထောက်ပံ့ပေးမည့် ငွေကျပ်မှာ ၂၃၈၁ ဘီလီယံ ဖြစ်ပါကြောင်း၊ ယခင်နှစ်က ထောက်ပံ့ ငွေကျပ် ၂၁၁၄ ဘီလီယံ ဖြစ်သည့်အတွက် ယခင်နှစ်ထက် ငွေကျပ် ၂၆၇ ဘီလီယံ ပိုမိုထောက်ပံ့ပေးခြင်းဖြစ်ပါကြောင်း။

အခွန်ဝေစုအနေဖြင့်လည်း ယခင်နှစ်ကထက် ငွေကျပ် ၁၆ ဘီလီယံ ပိုမည်ဖြစ်ပြီး ငွေကျပ် ၃၆၉ ဘီလီယံကို



ဒုတိယသမ္မတ ဦးမြင့်ဆွေ

ခွဲဝေပေးမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေအနေဖြင့် ယခင်နှစ်များနည်းတူ ငွေကျပ် ၃၂ ဘီလီယံ ဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုမှလိုငွေအတွက် ထောက်ပံ့ပေးမည့် ငွေကျပ် ၂၃၈၁ ဘီလီယံ အပေါ်အခြေခံပြီး တိုင်းဒေသကြီး/ပြည်နယ်များက ရေးဆွဲတင်ပြလာသည့် အရအသုံးခန့်မှန်းခြေငွေစာရင်းသည် စုစုပေါင်း ရငွေကျပ် ၁၄၃၈ ဘီလီယံ၊ စုစုပေါင်း အသုံးစရိတ် ငွေကျပ် ၃၈၁၉ ဘီလီယံနှင့် လိုငွေကျပ် ၂၃၈၁ ဘီလီယံ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံး ခန့်မှန်းခြေငွေစာရင်း လျာထားချက်များကို ဘဏ္ဍာရေးကော်မရှင်သို့ မတင်ပြမီ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဘဏ္ဍာရေးကော်မရှင်၏ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်အညီ စိစစ်ခဲ့ပါကြောင်း၊ စိစစ်ပြီးဖြစ်ပေါ်လာသည့် တိုင်းဒေသကြီး/ ပြည်နယ်များ၏ သာမန်အသုံးစရိတ်ငွေကျပ် ၁၀၆၂ ဘီလီယံ၊ ငွေလုံးငွေရင်း အသုံးစရိတ် ငွေကျပ် ၂၇၅၇ ဘီလီယံ စုစုပေါင်းအသုံးစရိတ် ငွေကျပ် ၃၈၁၉ ဘီလီယံ ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများကို စိစစ်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်များကို ဦးစားပေးသုံးစွဲရန်နှင့် ရုံးများ၊ ဧည့်ရိပ်သာများနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းများကို မဖြစ်မနေလိုအပ်မှသာ ဆောင်ရွက်ရန်၊ မော်တော်ယာဉ် ဝယ်ယူမှုများမပြုလုပ်ဘဲ ယာဉ်လိုအပ်ချက်များရှိပါက စက်ပစ္စည်းကြီးကြပ်မှုကော်မတီသို့ တင်ပြတောင်းခံရန် လမ်းညွှန်ကြပ်မတ်ခဲ့ပါကြောင်း။

## ပြည်ထောင်စုနှင့် ပေါင်းစပ်ညှိနှိုင်းပေး

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ပြည်သူအတွက် ထင်သာမြင်သာဖြစ်စေသည့် လုပ်ငန်းများ၊ ပြည်သူများ အဓိကလိုအပ်နေသည့် လုပ်ငန်းများကို ဦးစားပေးပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို တင်ပြခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ပြချက်များကိုလည်း မှတ်သားထားရှိပြီး ပြည်ထောင်စုနှင့် ပေါင်းစပ်ညှိနှိုင်းပေးမည် ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး၊ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှုများ နည်းပါးစေရေးနှင့် ပိုလျှံငွေ အမြောက်အမြား ပြန်လည်အပ်နှံမှုမဖြစ်စေရေးတို့ကို ဂရုပြုဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းပါကြောင်း၊



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် တိုင်းဒေသကြီး/ပြည်နယ်များက ရေးဆွဲတင်ပြလာသည့် အရအသုံးခန့်မှန်းခြေငွေစာရင်းများကို ဘဏ္ဍာရေးကော်မရှင်က ဆွေးနွေးသုံးသပ်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးကော်မရှင် အတွင်းရေးမှူး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘဏ္ဍာရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေးတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့အပေါ် ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပြီးဖြစ်သည့်အတွက် ဘဏ္ဍာရေးကော်မရှင်၏ ထောက်ခံချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်ပေးပို့ တင်ပြရေး ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် COVID-19 ဂယက်ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျဆင်းမှုရှိနိုင်သော်လည်း အတတ်နိုင်ဆုံး လျာထားချက်အတိုင်းရရှိအောင် စီမံကြီးကြပ်ကောက်ခံကြရန် လိုအပ်ပါကြောင်း၊ ပြည်ပအကူအညီ ရငွေ၊ ပြည်ပချေးယူရငွေများအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်များကို ခွဲဝေပေးသည့် အသုံးစရိတ်များကိုလည်း ထိရောက်စွာ သုံးစွဲကြစေလိုပါကြောင်း၊ COVID-19 ဂယက်ကို တုံ့ပြန်နိုင်ရန် ရေးဆွဲထားသည့် COVID-19 စီးပွားရေးကုစားမှုအစီအစဉ် [COVID-19 Economic Relief Plan (CERP)] ပါ လုပ်ငန်းစဉ်များကိုလည်း ကဏ္ဍအလိုက်၊ ဒေသအလိုက် ဆက်လက်အကောင်အထည်ဖော်ကြရန် ဖြစ်ပါကြောင်း။

## ရလဒ်ကောင်းများ ရရှိစေမည်

ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက ဥပဒေနှင့်အညီ စီမံခန့်ခွဲရသည့် အသုံးစရိတ်များကတစ်ဆင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကုန်သွယ်မှုတိုးတက်ရေး၊ဝန်ဆောင်မှုတိုးတက်ရေးတို့ကို မောင်းနှင်အားသဖွယ်ဖြစ်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ထွန်းစေခြင်း၊ ပြည်သူတို့၏ တစ်ဦးချင်းဝင်ငွေတိုးတက် မြင့်မားစေခြင်း၊ လူနေမှုအဆင့် မြင့်မားစေခြင်းစသည့် ရလဒ်ကောင်းများ ရရှိစေမည်ဖြစ်ပါကြောင်း။

ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင် ပြည်သူကို တိုက်ရိုက်အကျိုးပြုသည့် အသုံးစရိတ်များကို ပထမဦးစားပေး သုံးစွဲရမည်ဖြစ်ပြီး ရုံးဌာနများအတွက် အသုံးစရိတ်များကို ဒုတိယဦးစားပေးသာ ထားရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးဌာနတိုင်း အုပ်ချုပ်မှုအသုံးစရိတ်များကို တတ်နိုင်သမျှလျှော့ချပြီး နိုင်ငံ့စီးပွား



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း

ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် လိုအပ်သည့် အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲကြစေလိုပါကြောင်း။

## စေတနာထား လုပ်ကိုင်ဆောင်ရွက်

ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက ပြည်ထောင်စု ဘဏ္ဍာရငွေ၊ သုံးငွေများကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ကောင်းမွန်သည့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးပြီး နိုင်ငံတော်နှင့် နိုင်ငံသူ နိုင်ငံသားများအပေါ် စေတနာထား လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

**"ပြည်သူ့ဘဏ္ဍာငွေများကို သုံးစွဲရာတွင် ပြည်သူကို တိုက်ရိုက်အကျိုးပြုသည့် အသုံးစရိတ်များကို ပထမဦးစားပေး သုံးစွဲရမည်ဖြစ်ပြီး ရုံးဌာနများအတွက် အသုံးစရိတ်များကို ဒုတိယဦးစားပေးသာ ထားရမည် ဖြစ်၊ ပြည်ထောင်စုဝန်ကြီးဌာနတိုင်း အုပ်ချုပ်မှု အသုံးစရိတ်များကို တတ်နိုင်သမျှလျှော့ချပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ စားဝတ်နေရေး၊ လူနေမှုအဆင့်အတန်း မြင့်မားရေးတို့အတွက် လိုအပ်သည့် အသုံးစရိတ်များကို တိုးမြှင့်သုံးစွဲကြစေလို"**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၂၂

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

**မိုး/ဇလ**

# ဖားကန့်ရတနာမြေရှိ ဒေသခံများနှင့် ရွှေ့ပြောင်းအလုပ်သမားများဘဝ ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇွန် ၂၂**

ဖားကန့်ရတနာမြေရှိ ဒေသခံများနှင့် ရွှေ့ပြောင်းအလုပ်သမားများဘဝ ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် "ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ လုပ်ငန်းအဖွဲ့"၏ (၈)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing ဖြင့် ကျင်းပသည်။ **(ဃာပုံ)**




### အဖိုးမဖြတ်နိုင်သည့် ရတနာမြေ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဖားကန့်ဒေသသည် အဖိုးမဖြတ်နိုင်သည့် ရတနာမြေတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါဒေသတွင် အလုပ်လုပ်ကိုင်နေကြသည့် ဒေသခံနှင့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့မိသားစုများလည်းရှိနေကြောင်း၊ ထိုသူများသည်လည်း တန်ဖိုးရှိသည့် လူသားအရင်းအမြစ်များဖြစ်ကြကာ နောင်မျိုးဆက်များအတွက်လည်း ဘေးကင်းလုံခြုံပြီး ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဖားကန့်ဒေသအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ဖွဲ့စည်းခဲ့သည်မှာ ၁ နှစ်နှင့် ၈ လခန့် ကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးဟုဆိုသော်လည်း ဖားကန့်ဒေသတစ်ခုလုံးအတွက် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါကြောင်း၊ လုပ်ငန်းအဖွဲ့၏ ဆောင်ရွက်မှုများကို သုံးသပ်ကြည့်ရာတွင် ကောင်းသောအရွေ့ များစွာရှိပါကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း၊ ဖားကန့်ဒေသ ဘေးကင်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် ရည်ရွယ်ချက်ဖြင့် လုပ်ငန်းအဖွဲ့ခွဲ (၆)ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးအကြီးဆုံးကိစ္စသည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ပါကြောင်း။

ရတနာနယ်မြေဖြစ်သည့်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲရေးသည်လည်း အရေးကြီးပါကြောင်း၊ ဖားကန့်ဒေသအတွင်းသို့ ရွှေ့ပြောင်းအလုပ်သမားများသည် မျှော်လင့်ချက်ဖြင့် လာရောက်ကြခြင်း ဖြစ်ပါကြောင်း၊ သို့သော်လည်း မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဘေးကင်းလုံခြုံမှုမရှိသော လုပ်ငန်းခွင်အခြေအနေများကြောင့် ဒုက္ခမျိုးစုံကြုံတွေ့နေကြရကြောင်း၊ ဘေးကင်းလုံခြုံသော အလုပ်အကိုင်အခွင့်အလမ်းများဖော်ဆောင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အရေးပါသည့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ခွဲကိုလည်း ထည့်သွင်းဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခင် အစည်းအဝေးတွင် ဆုံးဖြတ်ချက်(၁၆)ချက် ချမှတ်ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲအနေဖြင့် အချက်(၁၃)ချက်နှင့် ဆောင်ရွက်ပြီးအနေဖြင့် (၃)ချက် ရှိခဲ့ပါကြောင်း၊ ဆောင်ရွက်နေဆဲဖြစ်သည့် လုပ်ငန်းများသည်လည်း ပြီးပြတ်အောင် ဆောင်ရွက်၍မရနိုင်သေးသည့် လုပ်ငန်းရပ်များဖြစ်ပြီး အချိန်ယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းအများစုသည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အပေါ်တွင် မူတည်ပါကြောင်း။

### မူးယစ်သံသရာမှ ပြတ်အောင်လုပ်ဆောင်ရမည်

မူးယစ်ဆေးဖြတ်လုပ်ငန်းနှင့် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီဖြစ်ပါကြောင်း၊ မူးယစ်သံသရာမှ ပြတ်အောင် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ဖားကန့်ဒေသအတွင်းရှိ ရွှေ့ပြောင်းအလုပ်သမားများ၏ သားသမီးများ၏ ပညာရေး၊ ကျန်းမာရေးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရေး၊ နှစ်စဉ်ဖြစ်ပွားတတ်သည့် ရေကြီး၊ ရေလျှံ သဘာဝဘေးနှင့်ပတ်သက်၍ ဥရုချောင်း ရှင်းလင်းရေးကိစ္စများကိုလည်း လုပ်ငန်းအဖွဲ့ခွဲများအလိုက် အားလုံးဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ သစ်ပင်များကို ပြန်လည်စိုက်ပျိုးခြင်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ကျောက်မျက်နည်းဥပဒေကို အမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နည်းဥပဒေ ပေါ်ပေါက်ပြီးပါက လုပ်ငန်းအဖွဲ့ခွဲများ၏ ဆောင်ရွက်မှုများ ပိုမိုပီပြင်လာမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် အထူးအရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်မှာ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဖြစ်ပြီး ဖားကန့်ဒေသတွင် ၂၀၂၀ ပြည့်နှစ် ဧပြီ ၂ ရက်က စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို မမေ့မလျော့ လိုက်နာဆောင်ရွက်ရန် အရေးကြီးကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပြည်ပမှဝင်ရောက်သူများကို စနစ်တကျစောင့်ကြည့်စစ်ဆေးနေခြင်းများရှိပြီး ပြည်တွင်းကူးစက်မှု မများပြားသေးသော်လည်း ဖားကန့်ဒေသသည် ကူးစက်ပျံ့နှံ့မှုမဖြစ်ပွားစေရန် အထူးအလေးထားရမည့် ဒေသတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဖားကန့်ဒေသရှိ ရွှေ့ပြောင်းအလုပ်သမားများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာ (၇)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိသည့် အခြေအနေများအား ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြခဲ့သည်။

### ကဏ္ဍအလိုက်ဆွေးနွေး

ဆက်လက်၍ ဖားကန့်ဒေသ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းအဖွဲ့ခွဲ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခွဲ၊ မြေယာစီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့ခွဲ၊ အသက်မွေးဝမ်းကျောင်း သင်တန်းပေးရေးနှင့် အလုပ်အကိုင်ရှာဖွေပေးရေးလုပ်ငန်းအဖွဲ့ခွဲ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ဘဏ္ဍာရေးလုပ်ငန်းအဖွဲ့ခွဲတို့၏ တာဝန်ရှိသူများက ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ကဏ္ဍအလိုက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လူ့အခွင့်အရေးကောင်စီ၏ (၄၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အီးယူမှတင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းအား မြန်မာနိုင်ငံက ပယ်ချခဲ့

**နေပြည်တော် ဇွန် ၂၂**

ဂျီနီဗာမြို့တွင် ယနေ့ကျင်းပသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၄၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဥရောပသမဂ္ဂ (အီးယူ) မှ မြန်မာနိုင်ငံကိစ္စနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်အဆို (Resolution) ကို တင်သွင်းခဲ့ရာ အဆိုပါ ဆုံးဖြတ်ချက်အဆိုအား မြန်မာနိုင်ငံက လက်မခံဘဲ ပယ်ချခဲ့ကြောင်း သိရသည်။



မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်း

အမြဲတမ်းကိုယ်စားလှယ် ဦးကျော်မိုးထွန်းက ယင်းဆုံးဖြတ်ချက်အဆိုမူကြမ်းအား အောက်ပါအဓိက အကြောင်းရင်းများကြောင့် လက်မခံဘဲ ပယ်ချခဲ့ရခြင်းဖြစ်ကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

### စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရ

ယင်းတို့မှာ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်ချမှတ်သည့် ဆုံးဖြတ်ချက်များ (country-specific resolutions) ချမှတ်ဆောင်ရွက်ခြင်းကို ရှောင်ရှားရမည်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရာ၌ အပြုသဘောဆောင်ရေး၊ ထိပ်တိုက်မတွေ့ဆုံရေး၊ နိုင်ငံရေးသွတ်သွင်းမှုမရှိရေး၊ ဘက်လိုက်မှုမရှိရေး၊ တရားမျှတစွာ ဆွေးနွေးရေးနှင့် တရားမျှတပြီး တန်းတူညီမျှရှိရေးတို့အပေါ် အခြေခံရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်သတ်မှတ်သည့် လုပ်ပိုင်ခွင့်အာဏာများ (country-specific mandates) သည် မြေပြင်အခြေအနေ တိုးတက်ကောင်းမွန်လာရေးကို အားပေးရာမရောက်ဘဲ ပိုမိုဆိုးရွားစေမည်သာဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ရှားပါးသော အရင်းအမြစ်များကို အချည်းနှီး အသုံးမပြုသင့်ကြောင်း၊ ဇွန်လတွင် ကျင်းပမည့် လူ့အခွင့်အရေးကောင်စီ၏ အထွေထွေဆွေးနွေးမှု အစီအစဉ်များကို ဖျက်သိမ်း၍ ကုလသမဂ္ဂ၏ ငွေကြေးလည်ပတ်မှု အခက်အခဲ ကိစ္စရပ်အား ဖြေရှင်းရန် ကောင်စီအနေဖြင့် ကြိုးပမ်းလျက်ရှိသော်လည်း၊ နိုင်ငံတစ်နိုင်ငံအပေါ် ဦးတည်သတ်မှတ်သည့် လုပ်ပိုင်ခွင့်အာဏာများ၌ အမေရိကန် ဒေါ်လာသန်းပေါင်းများစွာ အသုံးပြုလျက်ရှိသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ တစ်နိုင်ငံတည်းအား စောင့်ကြည့်စစ်ဆေးရန် အမျိုးမျိုးသော ယန္တရားများ ဖွဲ့စည်းတည်ထောင်၍ အရင်းအမြစ် အမြောက်အမြား အသုံးပြုလျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ လေးစားမှုရှိသင့်ကြောင်း၊ ရခိုင်ပြည်နယ်အရေးကိစ္စသည် မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများစွာအနက် တစ်ခုမျှသာဖြစ်ကြောင်း၊ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာအရ ပြစ်မှုကျူးလွန်သူများကို အရေးယူရေး ပြည်တွင်းတရားစီရင်ရေးယန္တရားဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်တွင်းတာဝန်ခံမှု၊ တာဝန်ယူမှု လုပ်ငန်းစဉ် ဆောင်ရွက်နေမှုကိုလည်း အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်အဆိုမူကြမ်းသည် လက်တွေ့အမှန်တရားကို လုံးဝထင်ဟပ်မှုမရှိကြောင်း၊ မြန်မာနိုင်ငံသည် ခက်ခဲသည့် ဒီမိုကရေစီအသွင်ကူးပြောင်းမှုနှင့် ကြုံတွေ့နေရပြီး နိုင်ငံတစ်ဝန်း ရေရှည်ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရကြောင်း၊ စိန်ခေါ်မှုများရှိသော်ငြားလည်း ကဏ္ဍများစွာတွင် အောင်မြင်မှုများရရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံပေါ်တွင် အဟန့်အတားများ ပြုလုပ်မည့်အစား လက်ကမ်းကူညီမှု ပြုလုပ်သင့်ကြောင်း၊ အထူးသဖြင့် လက်ရှိတွင် အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ၏ မမျှော်မှန်းနိုင်သည့် စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းနေရကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကပ်ရောဂါကို တုံ့ပြန်ရာတွင် "မည်သူ တစ်ဦးတစ်ယောက်မျှ ကျန်ရစ်မှု မရှိစေရ" ဟူသည့် မူအပေါ်အခြေခံ၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူသာ အဓိက ဆိုသည့် အချက်ကို ထောက်ပြ၍ "ပြည်သူကို တန်ဖိုးထားသလို ပြည်သူ့အားကိုယူကာ တစ်ဦးအတွက် အားလုံး၊ အားလုံးအတွက် တစ်ဦး စိတ်ဓာတ်ကို တည်ဆောက်လျက် ရောဂါအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားဖို့ဆောင်ရွက်" နေမှုကို အလေးထားပြောကြားခဲ့ကြောင်း။

### အဟန့်အတားများသာ ဖြစ်စေမည်

ဆက်လက်၍ မြန်မာအမြဲတမ်းကိုယ်စားလှယ်က အီးယူ၏ဆုံးဖြတ်ချက် အဆိုမူကြမ်းသည် မိမိတို့ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားရန် အဖြေရှာရာတွင် အထောက်အပံ့ မည်သို့မျှမဖြစ်ကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအားလုံး ငြိမ်းချမ်းတည်ငြိမ်ပြီး ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်သည့် မိမိတို့၏အားထုတ်မှုများကို ဆုံးဖြတ်ချက်အဆိုမူကြမ်းက ပိုမိုဆိုးရွားသော အဟန့်အတားများသာ ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင် ဗင်နီဇွဲလားနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်က လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်နိုင်ငံ၏ လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် အဆိုမူကြမ်းအား မဲခွဲရန် တောင်းဆိုခဲ့သည်။

အဆိုမူကြမ်းအား လူ့အခွင့်အရေးကောင်စီတွင် မဲခွဲခဲ့ရာ၌ ကန့်ကွက်မဲ ၂ မဲ၊ ကြားနေမဲ ၈ မဲနှင့် ထောက်ခံမဲ ၃၇ မဲဖြင့် အတည်ပြုခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့က မြန်မာနိုင်ငံဘက်မှ ရပ်တည်လျက် ကန့်ကွက်မဲပေးခဲ့ကြပြီး အန်ဂိုလာ၊ ကင်မရွန်း၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ နီပေါ၊ ဆီနီဂေါ တို့က အီးယူ၏ ဆုံးဖြတ်ချက် အဆိုမူကြမ်းအား ထောက်ခံခြင်းမပြုဘဲ ကြားနေမဲပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၂၄ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၂ ရက်)**

**"တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း"**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ်တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျ လက်ခံရယူနိုင်ရန် **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"**သို့ ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၀ ရက်နေ့အထိ ပေးပို့ တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ ရွှေကျီးညို (ခ) မင်းနိုင်ဦးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၆-၂၀၂၀ ရက်နေ့တွင် ထီးချိုင့်မြို့နယ်၊ ပျဉ်းစုကျေးရွာနေ ရွှေကျီးညို(ခ)မင်းနိုင်ဦး(၃၄)နှစ်၊ (ဘ)ဦးတင်ရွှေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထီးချိုင့်)မယ (ပ) ၆၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ ပင်သာကျေးရွာနေ ခင်မောင်မြင့်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၆-၂၀၂၀ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ ပင်သာကျေးရွာနေ ခင်မောင်မြင့် (၃၅)နှစ်၊ (ဘ) ဦးထွန်းခင်၏ လယ်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဇနီး မအေးအေးဝင်း(ခ) အဲမွေး(၂၇)နှစ်၊ (ဘ)ဦးဖိုးမုန်းတို့ (၂)ဦးအား ဘိန်းဖြူများနှင့်အတူဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ) ၁၀၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ ပေကုန်းကျေးရွာနေ သန်းကျော်ဌေးနှင့် အီးပုံတို့သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူး ရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၅-၆-၂၀၂၀ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ပေကုန်းကျေးရွာနေ သန်းကျော်ဌေး(ခ)အငယ်လေး(၄၀)နှစ်၊ (ဘ) ဦးဘသိန်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်လူး) မယ(ပ) ၂၈/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉ (က)ဖြင့် လည်းကောင်း၊ အလားတူ ၁၉-၆-၂၀၂၀ ရက်နေ့တွင် ၎င်းကျေးရွာနေ အီးပုံ (ခ) ကျော်မင်းနိုင်(၃၉)နှစ်၊ (ဘ) ဦးထွန်းမြင့်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကချင်ပြည်နယ်၊ မိုးညှင်းမြို့နယ်၊ သာယာကုန်းကျေးရွာနေ မောင်ဦး(ခ) မြင့်ဦး(၄၀) နှစ်၊ (ဘ)ဦးငမောင်၊ မြိုင်သာယာကျေးရွာနေ ကျော်ကိုကို (၃၆)နှစ်၊ (ဘ) ဦးမောင်ဝင်းတို့ (၃)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (မော်လူး)မယ(ပ) ၃၄/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)/ ၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ ဟဲဒေါင်းကျေးရွာနေ ဖိုးချိန်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၆-၂၀၂၀ ရက်နေ့တွင် ကလေးဝမြို့နယ်၊ ဟဲဒေါင်းကျေးရွာနေ ဖိုးချိန်(၄၄)နှစ်၊ (ဘ)ဦးအေးမောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ သား ချမ်းမင်းသူ (ခ) ချမ်းသူ (၁၉) နှစ်တို့(၂)ဦးအား ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မစိန်)မယ(ပ)၂/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်နေ စိုးမိုးသန်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၆-၂၀၂၀ ရက်နေ့တွင် စစ်ကိုင်းမြို့၊ ချင်းစုရပ်ကွက်၊ အောင်ချမ်းသာဘုရားလမ်းကြား၌ မိုးဇာရပ်ကွက်နေ စိုးမိုးသန်း(၃၅)နှစ်၊ (ဘ)ဦးထွန်းသန်းမောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(စစ်ကိုင်း)မယ(ပ)၁၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာနေ ကြွက်လီးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၆-၂၀၂၀ ရက်နေ့တွင် ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာနေ ကြွက်လီး(ခ)သူရစန်း(၄၆)နှစ်၊ (ဘ) ဦးရဲမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဝန်းသို)မယ(ပ) ၆၇/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်အတွင်း မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၂၂)မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား (၂၂) ဦး၊ မ (၄) ဦး၊ ပေါင်း (၂၆) ဦးတို့အား စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်များ၊ ဘိန်းစာမှုန့်များနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ |
| | | ၁၄-၆-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ သဲတန်းလမ်းဆုံ၌ ၎င်းရပ်ကွက်နေ ရှိုင်းထက်နိုင် (၁၉)နှစ်၊ (ဘ)ဦးကျော်နိုင်အားရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကော့သောင်း) မယ(ပ)၁၁၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၈ | ပဲခူးတိုင်းဒေသကြီး၊ ပဲနွယ်ကုန်းမြို့၊ တပင်ရွှေထီးရပ်ကွက်နေ ဇေယျာနိုင်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၆-၂၀၂၀ ရက်နေ့တွင် ပဲနွယ်ကုန်းမြို့၊ ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်(၁၀၇/၃)၌ တပင်ရွှေထီးရပ်ကွက်နေ ဇေယျာနိုင် (ခ) ဖိုးတရုတ် (၂၂)နှစ်၊ (ဘ) ဦးထွေးဆောင် မောင်းနှင်လာသည့် ဆိုင်ကယ်အားရပ်တန့်စစ်ဆေးရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ပဲနွယ်ကုန်း)မယ (ပ) ၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ သစ်ခြောက်ခင်ကျေးရွာနေ ဒေါ်ခင်တုတ်သည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၆-၂၀၂၀ ရက်နေ့တွင် ဖြူးမြို့နယ်၊ သစ်ခြောက်ခင်ကျေးရွာနေ ဒေါ်ခင်တုတ်(၅၈)နှစ်၊ (ဘ)ဦးကြီးစိတ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖြူး)မယ(ပ)၆/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာနေ မျိုးမင်းထွန်းသည် မူးယစ်ဆေးဝါးများသုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၆-၂၀၂၀ ရက်နေ့တွင် သာစည်မြို့နယ်၊ ကြပ်စခန်းကျေးရွာနေ မျိုးမင်းထွန်း (ခ) ကိုမင်း (၄၁)နှစ်၊ (ဘ) ဦးသန်းအောင်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ယင်းမာပင်)မယ (ပ)၆/၂၀၂၀၊မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အဘစ်-ခလယ် တံခွန်တိုင်ကျေးရွာသွားလမ်းပေါ်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူ ပေါများလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၂)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံကျား(၂၁) ဦးတို့အား ဘိန်းစာရွက်များ၊ စိတ်ကြွဆေးပြားများနှင့်အတူဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၆-၆-၂၀၂၀ ရက်နေ့တွင် ယခင် ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ မုဒုံမြို့နယ်၊ အဘစ်ကျေးရွာအနီး အဘစ်-ခလယ်တံခွန်တိုင်သွားကားလမ်းပေါ်၌ သံဖြူဇရပ်မြို့နယ်၊ ကျောင်းရွာကျေးရွာနေ ချစ်စိုး(၂၃)နှစ်၊ (ဘ) ဦးပြာနှင့် တစ်ရွာတည်းနေ ကိုကိုနိုင်(၁၉)နှစ်၊ (ဘ) ဦးကောက်မဲ တို့ (၂)ဦး စီးနင်းလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့် အတူဖမ်းဆီးရမိသဖြင့် နမစ(ကမာဝက်) မယ(ပ)၃၅/ ၂၀၂၀၊ မူး/စိတ်ပုဒ်မ၁၉(က)/၂၁ဖြင့် အမှုဖွင့်အရေးယူထား ရှိပါသည်။ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၂) ရပ်ကွက်နေ မလဲ့လဲ့ဝင်းသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၄-၆-၂၀၂၀ ရက်နေ့တွင် လှိုင်မြို့နယ်၊ (၂) ရပ်ကွက်၊ ရွာမကွေ့ ကားမှတ်တိုင်အနီး၌ ၎င်းရပ်ကွက်နေ မလဲ့လဲ့ဝင်း (ခ) မဇာလေး(၃၂)နှစ်၊ (ဘ)ဦးမြဦးအား ရှာဖွေရာ WY စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဆေးခြောက်များနှင့် အတူ ဖမ်းဆီးရမိသဖြင့် နမစ (ပိတောက်ချောင်း) မယ(ပ) ၆/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ ဒေါ်သေးသေးမသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၈-၆-၂၀၂၀ ရက်နေ့တွင် ဒလမြို့နယ်၊ မှော်စက်ရပ်ကွက်နေ ဒေါ်သေးသေးမ(ခ)နွဲ့နွဲ့ရီ(၄၃)နှစ်၊ (ဘ)ဦးလှရီ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေ ဖြိုးကိုကို(ခ)ကိုဖြိုး(၂၂)နှစ်၊ (ဘ)ဦးနန်းရွှေတို့ (၂)ဦးအား WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဒလ)မယ(ပ)၂၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်၊ (၂)ရပ်ကွက်နေ အဖွားကြီးသည် မူးယစ်ဆေးဝါးများ သုံးစွဲ/ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၆-၂၀၂၀ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂) ရပ်ကွက်နေ အဖွားကြီး(ခ)ဒေါ်ရင်ဌေး(၆၂)နှစ်၊ (ဘ) ဦးခင်မောင်ဦး၏ နေအိမ်အား ဝင်ရောက် ရှာဖွေရာ WY စာတန်းပါစိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မြောက်ဥက္ကလာပ)မယ(ပ)၄၁/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၅ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ အမှတ် (၅) ရပ်ကွက်၌ မူးယစ်ဆေးဝါး သုံးစွဲ/ဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သီတင်းပတ်များ၌ အမှု(၁၃)မှုဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ကျား(၁၆)ဦးအား ဘိန်းဖြူများ၊စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူထားကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။<br>၁၄-၆-၂၀၂၀ ရက်နေ့တွင် ယခင်ဖမ်းဆီးရမိမှုများမှ ကွင်းဆက်သတင်းအရ လားရှိုးမြို့၊ အမှတ်(၅) ရပ်ကွက်၊ |

*စာမျက်နှာ ၈ သို့*

❒ *ကျော်ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို(ခ) ဦးဌေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် ဦးလှမောင်ရွှေ၊ ဦးမိုးဇော်ဦးနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့ တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် အပစ်အခတ်ရပ်စဲမှုခိုင်မာရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ပဒိုစောဆဲဂေ၊ ညှိနှိုင်းရေးမှူးစိုင်းလျန်း၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် စဝ်ဆောင်းဟန်၊ ဒေါက်တာရွှေခါးရဲ၊ စောတာမလာသော၊ ခွန်အောင်မန်းနှင့် နိုင်ဗညား ချန်းနွန်တို့ တက်ရောက်ကြပြီး ကိုဗစ်–၁၉ကြောင့် အစည်းအဝေးသို့ မတက်ရောက်နိုင်သည့် အဝေးရောက်ကိုယ်စားလှယ်များသည် Online Video Conferencing ဖြင့်တက်ရောက်သည်။

## သဘောတူညီခဲ့ကြ

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး က အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရနှင့် NCA–S EAO ညှိနှိုင်းရေး ကိုယ်စားလှယ်များသည် လုံခြုံရေးကဏ္ဍနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ်အတွင်းတွင် အလွတ်သဘော (၃)ကြိမ်တွေ့ဆုံ ဆွေးနွေးထားပြီးဖြစ်ကြောင်း၊ တွေ့ဆုံမှု(၃)ကြိမ်လုံးတွင် လုံခြုံရေးကဏ္ဍနှင့် ပတ်သက်၍ နှစ်ဖက် လက်ခံနိုင်သည့် သဘောထားစုစည်းချက်များ ရရှိထားပြီးဖြစ်ပါကြောင်း၊ NCA တွင် အဓိကအပိုင်း (၂)ပိုင်းဖြစ်သည့် နိုင်ငံရေးဆွေးနွေးမှုအပိုင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာရေးအပိုင်းတို့ရှိပြီး NCA လမ်းပြမြေပုံအတိုင်း အပိုင်း (၂)ပိုင်းစလုံး ဟန်ချက်ညီ အကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြပြီးလည်း ဖြစ်ပါကြောင်း။

နိုင်ငံရေးဆွေးနွေးပွဲများကျင်းပရန်၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း ကိစ္စရပ်များနှင့် လုပ်ငန်းစဉ်များကိုညှိနှိုင်း ဆွေးနွေးပြီး နှစ်ဖက်သဘောတူညီသည့် ကြိုတင်ဆောင်ရွက်ဖွယ်ရာများ လုပ်ဆောင်ကြမည်ဆိုသည်ကို NCA တွင် သဘောတူထားပြီး ဖြစ်ပါကြောင်း၊ ထိုသို့ သဘောတူရုံနှင့်မပြီးဘဲ လက်တွေ့မည်သို့ အကောင်အထည်ဖော်ကြမည်ဆိုသည်ကို နှစ်ဖက်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ယခုကဲ့သို့ ဟန်ချက်ညီ ဖော်ဆောင်နိုင်ခြင်း မရှိသည့်အတွက် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အကြားတွင် NCA ပါ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးအပိုင်းတွင် ကျေကျေလည်လည်မရှိဘဲ မြေပြင်အခက်အခဲများ၊ ထိတွေ့မှုများ ဖြစ်ပေါ်ခဲ့ရခြင်းပင် ဖြစ်ပါကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေး ဆောင်ရွက်ရာတွင် ယခုကဲ့သို့ မပြေလည်မှုများ ဖြစ်ပေါ်လာသည်နှင့်အမျှ နိုင်ငံရေးဆွေးနွေးမှုအပိုင်းတွင် သက်ရောက်မှုများ ရှိနေသည်ကိုလည်း ဖြစ်စဉ်များအား ပြန်လည်ကြည့်ရှုပါက မြင်တွေ့နိုင်ပါကြောင်း၊ နှစ်ဖက် ညှိနှိုင်း၍ မရမှုများလာသည်နှင့်အမျှ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးတွင် သက်ရောက်မှုများ ဖြစ်ပေါ်ခဲ့ရပါကြောင်း။

အဆိုပါအကြောင်းတရားများကို ဖြေရှင်းရန်အတွက် တစ်နှစ်ကျော်ကြာ ရပ်ဆိုင်းသွားသည့် တရားဝင်ညှိနှိုင်းဆွေးနွေးပွဲများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ အတွင်း ကျင်းပခဲ့သည့် (၈) ကြိမ်မြောက် JICM အစည်းအဝေးက အစပြု၍ နှစ်ဖက်ညှိနှိုင်းမှုများ ပြန်လည်စတင်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် (၈) ကြိမ်မြောက် JICM အစည်းအဝေးတွင် NCA အခန်း(၃) "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စရပ်များ"၊ NCA အခန်း(၄) "ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်း"၊ NCA အခန်း(၆) "ကြားကာလအတွင်း ဆောင်ရွက်ရမည့် အစီအစဉ်များ" နှင့် ပတ်သက်၍ NCA ပါ သဘောတူညီချက်များအတိုင်း နှစ်ဖက်ညှိနှိုင်းဆွေးနွေးရမည့်အချက်များကို ဦးစားပေးလုပ်ငန်းစဉ် အဖြစ်ချမှတ်၍ ဆွေးနွေးအကောင်အထည်ဖော်ရန် သဘောတူခဲ့ကြပါကြောင်း၊ ယခုလို ဆွေးနွေးမှုများနှင့် အပြိုင် JMC အစည်းအဝေးကို ကျင်းပသွားရန် သဘောတူခဲ့ကြပြီး ဖြစ်ပါကြောင်း။

## ပြန်လည်စတင်လာနိုင်မည်

JICM ဆုံးဖြတ်ချက်အမှတ်(၁)ကို ဆက်လက် အကောင်အထည်ဖော်ရန်အတွက် နှစ်ဖက်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့များသည် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် NRPC ရန်ကုန်၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ ညှိနှိုင်းဆွေးနွေးမည့် ခေါင်းစဉ်များနှင့် ဆွေးနွေးမှုပုံစံကို နှစ်ဖက်အပြန်အလှန် အဆိုပြုထားပြီး ဖြစ်ပါကြောင်း၊ နှစ်ဖက်ကြီးကြီးမားမား သဘောကွဲလွဲမှု မရှိသည်ကို တွေ့ရပြီး ယနေ့ အစည်းအဝေးတွင် ညှိနှိုင်းအတည်ပြုသွားရန် ရှိပါကြောင်း၊ ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်မှုအကန့်အသတ်များကြောင့် မကျင်းပနိုင်သေးသည့် JMC အစည်းအဝေးပြန်လည်ကျင်းပရန်လည်း ယနေ့အစည်းအဝေးတွင် အတည်ပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာလရှည်ကြာ ရပ်နားထားသည့် JMC လုပ်ငန်းများ ပြန်လည်စတင်လာနိုင်မည် ဖြစ်ပါကြောင်း။

ယနေ့ အစည်းအဝေးမှ ရရှိလာမည့်သဘောတူညီချက်များ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာစေရန်အပြင် အနာဂတ်လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များ လုပ်ဆောင်နိုင်ရန် များစွာအထောက်အကူပြုနိုင်မည်ဆိုသည်ကို ယုံကြည်ပါကြောင်း၊ ၂၀၂၀ အလွန် ဘက်ပေါင်းစုံအကောင်အထည်ဖော်ရာတွင် နှစ်ဖက်လက်ခံထားသည့် သဘောတူညီချက်များကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ချင်းအလိုက်၊ အစုအဖွဲ့အလိုက်ညှိနှိုင်းပြီး အကောင်အထည်ဖော်မည်ဖြစ်သည့်အတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းများသည် ယခုထက် ပိုမိုဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးကို ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်နေသည့် ကာလတွင် ကျင်းပရသည့်အတွက် မျက်နှာစုံညီ တက်ရောက်နိုင်သည့် ပုဂ္ဂိုလ်များရှိသလို အဝေးရောက်ပုဂ္ဂိုလ်များကလည်း Online မှ တက်ရောက်ဆွေးနွေးကြ မည်ဖြစ်ပါကြောင်း၊ မည်သည့်အကန့်အသတ်၊ အခက်အခဲမျိုးစုံကို ကြုံတွေ့ရသည်ဖြစ်စေ အားလုံးရည်မှန်းထားသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအပေါ် ထားရှိသည့် စိတ်ရင်းစေတနာမှန် သဘောထားကို ရည်ညွှန်းဖော်ပြကြခြင်းပင် ဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပသည့် အစည်းအဝေးတွင် နားလည်မှုရှိရှိ ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန်နှင့် လက်တွေ့ကျသည့် သဘောတူညီချက်များ ရယူနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ အပစ်အခတ်ရပ်စဲမှုခိုင်မာရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် ပဒိုစောဆဲဂေ က အမှာစကားပြောကြားရာတွင် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အစိုးရအနေဖြင့်သော်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့်သော်လည်းကောင်း စွမ်းစွမ်းတမံ လုပ်ဆောင်နေကြသည်ကို တွေ့ရပါကြောင်း၊ ယခုလို လုပ်ဆောင်နေစဉ်ကာလအတွင်း၌ပင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုကို ရပ်တန့်နေ၍ မရကြောင်း၊ ယခု တွေ့ဆုံညှိနှိုင်းမှုများသည် JMC ပါ သဘောတူညီချက်များနှင့်အညီ တစ်ဖက်နှင့် တစ်ဖက် ယုံယုံကြည်ကြည်နှင့် မိမိတို့ မျှော်မှန်းသည့် ပန်းတိုင်ရောက်ရှိရန်အတွက် လိုအပ်ရင်လိုအပ်သလို တစ်ဖွဲ့ချင်းအလိုက်သာမက အစုအဖွဲ့လိုက်ပါ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

## ဆက်လက်အကောင်အထည်ဖော်ရမည်

မိမိတို့၏ အန္တိမပန်းတိုင်သည် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးကို ဦးတည်၍ ဆောင်ရွက်နေခြင်းပင် ဖြစ်ပါကြောင်း၊ NCA ပါ သဘောတူညီချက်များနှင့်အညီ အပစ်အခတ်ရပ်စဲရေးလုပ်ငန်းစဉ်ကို လုပ်ဆောင်ရမည်မှာ မိမိတို့တာဝန်ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေးကို ဖော်ဆောင်ရန်အတွက် အားသွန်ခွန်စိုက်ကြိုးစားအားထုတ်နေပြီး အပစ်အခတ်ရပ်စဲရေးခိုင်မာစေရေး ဆောင်ရွက်ဖို့ ဆက်လက်အကောင်အထည်ဖော်ရမည် ဖြစ်ပါကြောင်း။

NCA စာချုပ်အကောင်အထည်ဖော်မှု ညှိနှိုင်းဆောင်ရွက်နေသည့် ကာလတွင် ပဋိပက္ခများ ဖြစ်ပေါ်နေခြင်းသည် အလွန်စိတ်မကောင်းစရာ ဖြစ်ပါကြောင်း၊ အဆိုပါ ကိစ္စများကို ညှိညှိနှိုင်းနှိုင်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ (၈)ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၁)အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့် သော်လည်းကောင်း၊ တပ်မတော်နှင့် သော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ယခုလို ညှိနှိုင်းဆောင်ရွက်သည့်နေရာတွင် မိမိတို့အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် မိမိတို့ဆန္ဒကို ရှေ့တန်းမတင်ဘဲ ပြည်သူအကျိုးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများ၏တာဝန်ပေးချက်အရ နိုင်ငံရေး စိတ်ဓာတ်ရှိရှိဖြင့် ဆက်လက်ညှိနှိုင်းဆွေးနွေးကြဖို့ ပြောကြားလိုကြောင်း ပြောကြားသည်။

အစိုးရနှင့် NCA–S EAO ယနေ့အစည်းအဝေးတွင် NCA စာချုပ် အခန်း(၃) ပါ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စများနှင့် အခန်း (၄) ပါ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်းကိစ္စရပ်များ၊ ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC–U) အစည်းအဝေးကျင်းပရေး ကိစ္စရပ်များ၊ သဘောတူညီချက်ရယူခြင်း ကိစ္စရပ်များနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးအပြီး ပဒိုစောဆဲဂေက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲအပြီးတွင် NCA အခန်း (၃)၊ (၄) နှင့် ပတ်သက်၍ ရှေ့ဆက် မည်သို့ဆက်လက် ဆွေးနွေးဆောင်ရွက်မည်ကို နှစ်ဖက်အပြန်အလှန် အချေအတင်ဆွေးနွေးနိုင်ခဲ့ကြကြောင်း၊ အဆိုပါ အချက်များအား JICM တွင် အတည်ပြုရန် လိုအပ်သကဲ့သို့ NCA မူဘောင်ညှိနှိုင်းရေးအဖွဲ့တွင်လည်း ဆက်လက်ညှိနှိုင်းရန် ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ရလဒ်အနေဖြင့် အပစ်ရပ်ခိုင်မာအောင် ဆောင်ရွက်နိုင်စေရေးကို အခြေခံသည့်အပေါ်တွင် အတူတကွလက်တွဲ၍ အမှန်တကယ်ခိုင်မာသည့် အပစ်ရပ်စဲရေးဖြစ်စေရန်နှင့် တိုင်းပြည်ငြိမ်းချမ်းစေရန် ဆက်လက်ညှိနှိုင်းသွားရန် တိုက်တွန်းလိုကြောင်း ထည့်သွင်းပြောကြားသည်။

## အခက်အခဲများ ပြေလည်နိုင်ရန်

ဆက်လက်၍ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး က ယနေ့အစိုးရနှင့် NCA–S EAO အစည်းအဝေးတွင် NCA ပါ ဆွေးနွေးမည့်အကြောင်းအရာများ၊ ဆွေးနွေးမည့်ပုံစံများကို သဘောတူညီခဲ့ကြပါကြောင်း၊ အဆိုပါ အချက်များကို NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်တွင် သဘောတူညီချက် တစ်ချက်အနေဖြင့် ထည့်သွင်းရန် ညှိနှိုင်းနိုင်ခဲ့ကြောင်း၊ JMC အစည်းအဝေးကို ဇူလိုင်လ ၇ ရက်၊ ၈ ရက်နေ့များတွင် ကျင်းပရန်သဘောတူညီခဲ့ကြကြောင်း၊ အစိုးရအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးရန် ရှိနေသည်များကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တွေ့ကြုံနေရသည့် အခက်အခဲများ ပြေလည်နိုင်ရန်အတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း နိဂုံးချုပ်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

NCA–S EAO မှ အပစ်အခတ်ရပ်စဲမှုခိုင်မာရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ဝင် ဒေါက်တာရွှေခါးရဲက " ဒီနေ့ကတော့ အပစ်အခတ်ရပ်စဲရေးခိုင်မာရေးနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးညှိနှိုင်းတာ ဖြစ်တယ်။ အားလုံးက သိတဲ့အတိုင်းပဲ အကြောင်းအမျိုးမျိုးကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ရပ်တန့်ခဲ့တယ်။ ဒီကနေ့မှာတော့ NCA အကောင်အထည်ဖော်ရေးဆိုင်ရာမူဘောင် ညှိနှိုင်းဖို့တွေ့ဆုံတယ်။ အပစ်အခတ်ရပ်စဲရေးခိုင်မာရေးအတွက် NCA စာချုပ်မှာ အခန်း (၃) နဲ့ (၄) ပါတယ်။ အခန်း (၃) နဲ့ (၄) ကို အကောင်အထည်ဖော်ဖို့၊ ဒီထက်ပိုပြီး ပြည့်စုံအောင်လုပ်ဖို့ ဘယ်လိုပုံစံနဲ့ ဆွေးနွေးမယ်ဆိုတာကို သဘောတူညီမှုရခဲ့တယ်။ နောက် ဒီနေ့ သဘောတူညီချက်တွေကို ဘယ်လိုပုံစံနဲ့ အတည်ပြုချက်ရယူမလဲ။ ပြီးတော့ NCA အကောင်ဖော်ရေးဆိုင်ရာမူဘောင်ထဲမှာထည့်ဖို့ သဘောတူခဲ့တယ်။ နောက် နှစ်နှစ်ကြာနီးပါး ရပ်တန့်ခဲ့တဲ့ JMC–U ကိုလည်း အစည်းအဝေး ခေါ်ယူနိုင်ဖို့အတွက် ဆွေးနွေးကြပါတယ်။ ဇူလိုင် ၇ ရက်နဲ့ ၈ ရက်နေ့တွေမှာ အစည်းအဝေးကျင်းပဖို့ လျာထားပါတယ်။ ဆွေးနွေးမယ့်အပေါ်မှာ မူတည်ပြီး ဘယ်နှရက်ကျင်းပမယ်ဆိုတာတော့ ပြန်လည်သတ်မှတ်မှာ ဖြစ်ပါတယ်" ဟု ပြောသည်။

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ (၁၈) ကြိမ်မြောက် အစည်းအဝေးကို ၂၀၁၈ စက်တင်ဘာလ ဒုတိယပတ်တွင် နောက်ဆုံးကျင်းပခဲ့သည်။

ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ဒီနေ့ အစိုးရကိုယ်စားလှယ်အဖွဲ့နဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ (၁၀) ဖွဲ့က ဖွဲ့စည်းပေးထားတဲ့ အပစ်အခတ်ရပ်စဲမှုခိုင်မာရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့နဲ့ ဆွေးနွေးတယ်။ NCA အခန်း (၃)နဲ့ (၄)မှာ ပါဝင်တဲ့ အချက်တွေကို ဆွေးနွေးခဲ့တယ်။ EAO ဘက်က အများစုက online ကနေ ဆွေးနွေးတယ်။ အကြိတ်အနယ်ဆွေးနွေးတယ်။ နောက်ဆုံးမှာတော့ ကောင်းမွန်တဲ့ ဆွေးနွေးချက်တွေ ရရှိခဲ့ပါတယ်။ အဲဒီအထဲမှာ ဝမ်းသာစရာက တစ်နှစ်နဲ့ ၁၀ လကြာ ကျင်းပနိုင်ခြင်းမရှိတဲ့ JMC–U ကို ဇူလိုင် ၇ ရက်နဲ့ ၈ ရက်မှာ ကျင်းပမယ်ဆိုတော့ ဝမ်းသာစရာကောင်းတယ်။ မနက်ဖြန် အစိုးရ ၉ ဦး ကိုယ်စားလှယ်အဖွဲ့နဲ့ EAO က ၁၄ ဦးပါတဲ့ NCA အကောင်အထည်ဖော်အလုပ်အဖွဲ့တို့ ဆက်ဆွေးနွေးပါမယ်။ ဒါတွေကလည်း အောင်မြင်မယ်လို့ ယူဆတယ်။ ဒါကြောင့် ညီလာခံကို ဩဂုတ်လလောက်မှာ ကျင်းပနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟုပြောသည်။

ယနေ့အစည်းအဝေးတွင် NCA ပါ ဆွေးနွေးမည့်အကြောင်းအရာများနှင့် ဆွေးနွေးမည့်ပုံစံများကို သဘောတူညီမှု ရရှိခဲ့ကြပြီး အဆိုပါ ဆွေးနွေးမည့် အကြောင်းအရာများ၊ ဆွေးနွေးမည့်ပုံစံများနှင့် စပ်လျဉ်း၍ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်တွင် အချက်တစ်ချက်အဖြစ် ထည့်သွင်းရန်၊ JICM အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရန်နှင့် JMC–U အစည်းအဝေးကို ဇူလိုင်လ ၇ ရက်နှင့် ၈ ရက် တို့တွင် ကျင်းပသွားရန် သဘောတူညီခဲ့ကြသည်။

**သတင်း – ရဲခေါင်ညွှန့်**

**ဓာတ်ပုံ – ဖိုးထောင်**

*စာမျက်နှာ ၇ မှ*

| | | |
|---|---|---|
| | | ရန်အောင်လမ်းပေါ်၌ ၎င်းရပ်ကွက်နေ ဇော်နော်(၅၆) နှစ်၊ (ဘ)ဦးဇော်ဒေါင်နှင့် ၎င်း၏အစ်မ ဒေါ်မာကော်(၅၉) နှစ်တို့ (၂)ဦးအား ရှာဖွေရာ ဘိန်းဖြူများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး) မယ(ပ)၁၁၉/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့်လည်းကောင်း၊ အလားတူ ၁၇–၆–၂၀၂၀ ရက်နေ့တွင် အမှတ်(၅) ရပ်ကွက်နေ ဒေါ်တုံရှီမေ့ (၃၃)နှစ်၊ (ဘ) ဦးတံပေါက်ချိန်၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် အတူ အမှတ်(၄)ရပ်ကွက်နေ စိုးခိုင်(၄၂)နှစ်၊ (ဘ) ဦးစန်းတင်တို့ (၂)ဦးအား စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (လားရှိုး)မယ(ပ)၁၂၀/၂၀၂၀၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် အထက်ဖော်ပြပါ ယခုသီတင်းပတ်အတွင်း ဖော်ထုတ်ဖမ်းဆီး ရမိမှုအပါအဝင် မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့သည့် ၂၆–၆–၂၀၁၈ ရက်နေ့မှ ၂၀–၆–၂၀၂၀ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ချက်များအရ အမှုပေါင်း (၁၁၉၆)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား(၁၅၄၃)ဦး၊ မ(၃၀၃) ဦး၊ ပေါင်း(၁၈၄၆)ဦးဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၉၅၅၆.၃၃၁၄)ဂရမ်၊ ICE(၁၃၄၇.၄၂) ဂရမ်၊ ဘိန်း(၄၃၅၆၃.၉၂၈၈၆)ဂရမ်၊ အဆင့်နိမ့်ဘိန်း(၁၃၆၇.၉၆)ဂရမ်၊ ဘိန်းစာမှုန့်(၅၃၂၆၃.၇၆)ဂရမ်၊ ဘိန်းစာရွက် (၁၅၀၉၇.၃၂) ဂရမ်၊ ဘိန်းစာရည်(၂.၅) လီတာ၊ စိတ်ကြွဆေးပြား(၆၃၅၄၄၁)ပြား၊ ဆေးခြောက် (၁၀၇၇၁.၉၀)ဂရမ်၊ ဘိန်းရည် (၀.၁) လီတာ၊ ဘိန်းဆီခဲ(၆၂၉.၂၈) ဂရမ်၊ ဘိန်းစေ့(၆၀)ဂရမ်၊ စိတ်ကြွဆေးပြား အကြေမှုန့်(၅၆.၉၅)ဂရမ်၊ Ecstasy အကြေ (၀.၀၀၁) ဂရမ်၊ လက်နက်မျိုးစုံ(၂၆) လက်၊ ကျည်မျိုးစုံ (၆၀၉) တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့်ကြီးမားသည့် မူးယစ်ဆေးဝါး ရောင်း/ဝယ်မှု ကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်–

**ဆက်သွယ်ရန်–**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | – | ၀၆၇–၅၉၀၂၀၀ |
| ဖက်စ်ဖုန်းနံပါတ် | – | ၀၆၇–၅၉၀၂၃၃ |
| အီးမေးလ်လိပ်စာ | – | antinarcotics@presidentoffice.gov.mm |

❍ *ကျောဖုံးမှ*

ပြည်သူများအနေဖြင့် အပြင်ထွက်လျှင် Mask များ တပ်ဆင်သွားကြရန် လိုအပ်ပြီး မီဒီယာများအနေဖြင့်လည်း မိမိတို့ မီဒီယာများမှတစ်ဆင့် တိုက်တွန်းလှုံ့ဆော်အားပေးသင့်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ သတင်းမီဒီယာများက ပြည်ပနိုင်ငံများမှ ပြန်လာသူများတွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှုများနေပြီး ရောဂါကာကွယ်ရေးအတွက် နယ်စပ်ဂိတ်များအား အကန့်အသတ်ဖြင့် ပိတ်ထားရန် အစီအစဉ် ရှိ/မရှိ၊ ပြည်သူ များအကြား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ညွှန်ကြားချက်များကို ဆက်လက်လိုက်နာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်နေမှု၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူဦးရေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနအနေဖြင့် ဘတ်ဂျက်သုံးစွဲမှု၊ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှ ယခုအချိန်အထိ အဓိကကြုံတွေ့ရသည့် အခက်အခဲနှင့် စိန်ခေါ်မှု၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထုတ်လုပ်ရန် ဆောင်ရွက်နေမှု ရှိ/မရှိ၊ ကိုဗစ်-၁၉ ကာလတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန် လမ်းညွှန်ချက်များ ထုတ်ပြန်ထားမှု အခြေအနေ၊ စားသောက်ဆိုင်များတွင် Social Distancing ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ပတ်သက်၍ ဝန်ကြီးဌာန၏ သုံးသပ်ချက်၊ ဆရာဝန်များ ပိုမိုပေါ်ထွက်လာစေရေး ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်နေမှုအခြေအနေ၊ ဆေးတက္ကသိုလ် ဝင်ခွင့်ရမှတ်များ လျှော့ချခေါ်ယူရန် အစီအစဉ် ရှိ/မရှိ၊ ဆရာဝန်နှင့် သူနာပြုအရေးအတွက်၊ အားကစားကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ အားကစားသမားများအတွက် ဘဝအာမခံချက်ရှိစေရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ မဟာဗျူဟာနှင့်မူဝါဒများ ချမှတ်ရေးဆွဲဆောင်ရွက်နေမှုအခြေအနေ၊ အခြေခံပညာကျောင်းအားလုံးတွင် အပူချိန်တိုင်း ကိရိယာများရရှိမှု အခြေအနေ၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများထဲက ရောဂါပိုး စစ်ဆေးတွေ့ရှိသူဦးရေ၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ဒုတိယလှိုင်းအခြေအနေနှင့် ပြည်သူများ ဆောင်ရန်၊ ရှောင်ရန်အချက်များနှင့် စပ်လျဉ်း၍ မေးမြန်းကြရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

## ပြည်ထဲရေးဝန်ကြီးဌာန

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦးက နိုင်ငံတော်အစိုးရ၏ (၄) နှစ်တာ သက်တမ်းအတွင်း ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေး စသည့်ရည်မှန်းချက်တာဝန် (၄) ရပ်ချမှတ်ကာ ပြည်ထောင်စုဝန်ကြီးရုံးအပါအဝင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ (၄) နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားရှိသောဥပဒေများကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့် လိုက်လျောညီထွေပြီး အစိုးရ၏မူဝါဒနှင့် ကိုက်ညီမှုရှိမည့် ပြည်သူလူထုတို့၏ အကျိုးစီးပွားကို ကာကွယ်သည့်ဥပဒေ ဖြစ်စေရေးတို့အတွက် လက်ရှိစီမံခန့်ခွဲလျက်ရှိသော ဥပဒေ ၃၄ ခု အနက် မူလအတိုင်းထားရှိမည့် ဥပဒေ ၁၉ ခု၊ ပြင်ဆင်ရေးဆွဲဆဲ ဥပဒေ ၂ ခု၊ ရုပ်သိမ်းရန် အသစ်ရေးဆွဲသည့် ဥပဒေ ၁၀ ခုနှင့် အသစ်ရေးဆွဲဆဲ ဥပဒေ ၃ ခုတို့ကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

### အသစ်တိုးချဲ့ဖွင့်လှစ်

ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် ပြည်သူလူထုအခြေပြု ရဲလုပ်ငန်းစနစ်ကို ကျင့်သုံး၍ နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူး ရုံး ၁ ရုံး၊ နယ်မြေရဲစခန်း ၂ ခု၊ ရဲကင်းစခန်း ၇ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် (၄)နှစ်တာကာလအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ၃ ရုံး၊ နယ်မြေရဲစခန်း ၂၇ ခုနှင့် ရဲကင်းစခန်း ၃၁ ခု တို့အား အသစ်တိုးချဲ့ဖွင့်လှစ် ဆောင်ရွက်ခဲ့ပါကြောင်း။

### လုံခြုံရေးကို တိုးမြှင့်

ရခိုင်ပြည်နယ်တွင် နယ်စပ်ဒေသလုံခြုံရေးအတွက် ယခင် (၃) နှစ်တာကာလအထိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးနှင့် အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှ (၈) အထိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၈ ခုတို့ဖြင့် လုံခြုံရေး ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ်တွင် အမှတ်(၉) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲနှင့် အမှတ်(၁၀) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲများ ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ပြီး ယခုအခါ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၁၀ ခုဖြင့် လုံခြုံရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုအဖြစ် နယ်ခြားစောင့်တပ်များအကြား အလံတင်အစည်းအဝေးများပြုလုပ်ခဲ့ရာ ယခင် (၃) နှစ်တာကာလ အတွင်း ၂၆ ကြိမ် ဆောင်ရွက်ခဲ့ပြီး ယခုအစီရင်ခံသည့်ကာလတွင် ၄ ကြိမ် ဆောင်ရွက်နိုင်ခဲ့သဖြင့် (၄) နှစ်တာကာလအတွင်း စုစုပေါင်းအစည်းအဝေး အကြိမ် ၃၀ ဆောင်ရွက်ခဲ့ပြီး နှစ်ဖက်ညှိနှိုင်း၍ ခြေကျင်ကင်းလှည့်ခြင်း ၂၁၆ ကြိမ်၊ မြစ်ကြောင်း ကင်းလှည့်ခြင်းအကြိမ် ၁၀၀ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အခြားမှုခင်းများနှင့် ပတ်သက်၍ မှုခင်းကာကွယ်တားဆီးရေးနှင့် စုံစမ်းဖော်ထုတ်မှုများတွင် INTERPOL ရဲအဖွဲ့၊ အာဆီယံရဲအဖွဲ့၊ ဥရောပရဲအဖွဲ့၊ နိုင်ငံအလိုက် ရဲအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံ နယ်စပ်ဆက်ဆံရေး (BLO)ရုံးများ အပြန်အလှန်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၄ ရုံး၊ လာအိုနိုင်ငံနှင့် ၂ ရုံး၊ ထိုင်းနိုင်ငံနှင့် ၃ ရုံး၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံနှင့် ၁ ရုံး၊ အိန္ဒိယနိုင်ငံနှင့် ၃ ရုံး၊ စုစုပေါင်း ၁၃ ရုံး ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါကြောင်း။

### ပြန်လည်လွှဲပြောင်း

လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် (၅) နှစ်စီမံကိန်း ၂၀၁၇ - ၂၀၂၁ ကို ရေးဆွဲ၍ မဟာဗျူဟာ (၃)ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခု စတုတ္ထ (၁)နှစ်တာကာလအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အမှုပေါင်း ၁၉၁ မှု အရေးယူဆောင်ရွက်ခဲ့ပြီး တရားခံပေါင်း ၅၇၀ နှင့် လူကုန်ကူးခံရသူပေါင်း ၂၄၇ ဦး ဖော်ထုတ်နိုင်ခဲ့ပါကြောင်း၊ လူကုန်ကူးခံရသူများအား ပြန်လည်လွှဲပြောင်း၊ လက်ခံမှုများ ဆောင်ရွက်ခဲ့ရာ အကြိမ်ပေါင်း ၁၃၂ ကြိမ်နှင့် စုစုပေါင်း ၂၅၆ ဦးတို့အား လည်းကောင်း၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအား ပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေး၍ အချက်အလက် မပြည့်စုံသူများတွေ့ရှိပါက မလိုလားအပ်သည့် ပြဿနာများ မဖြစ်ပေါ်စေရေးအတွက် တားဆီး၊ ပြန်လွှတ်ခြင်းများ ဆောင်ရွက်ခဲ့ရာ အကြိမ်ပေါင်း ၅၁ ကြိမ်၊ စုစုပေါင်း ၂၅၅ ဦးတို့အား တားဆီး/ပြန်လွှတ်နိုင်ခဲ့ပါကြောင်း။

### အထူးစစ်ဆင်ရေး ၄ ကြိမ်ဆောင်ရွက်

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာအား ရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်/ထုတ်လုပ်မှု အဓိကပစ်မှတ်များ၊ ပြည်တွင်း၊ ပြည်ပ ဂိုဏ်းအဖွဲ့များနှင့် ပူးပေါင်းကျူးလွန်သူများကို အလေးထားဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ယခင်(၃)နှစ်တာကာလအတွင်း အထူးစစ်ဆင်ရေး ၁၁ ကြိမ် ဆောင်ရွက်ခဲ့ပြီး စတုတ္ထ (၁) နှစ်တာကာလတွင်း အထူးစစ်ဆင်ရေး ၄ ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း၊ (၄)နှစ်တာကာလအတွင်း အထူးစစ်ဆင်ရေး စုစုပေါင်း ၁၅ ကြိမ် ဆောင်ရွက်ခဲ့ပြီး အမှုပေါင်း ၄၀၇၀ နှင့် တရားခံပေါင်း ၅၅၇၅ ဦး တို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း။

ယခင် (၃) နှစ်တာသက်တမ်းကာလအတွင်း မူးယစ်ဆေးဝါး အမှုပေါင်း ၃၃၀၇၃ မှုနှင့် တရားခံပေါင်း ၄၈၆၇၇ ဦးကိုလည်းကောင်း၊ ယခုစတုတ္ထ (၁)နှစ်တာကာလအတွင်း အမှုပေါင်း ၁၀၈၈၂ မှုနှင့် တရားခံပေါင်း ၁၅၃၉၄ ဦးကိုလည်းကောင်း အရေးယူနိုင်ခဲ့သဖြင့် (၄)နှစ်တာ ကာလအတွင်း စုစုပေါင်းအမှု ၄၃၉၅၅ မှုနှင့် တရားခံပေါင်း ၆၄၀၇၁ ဦးတို့ကို မူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့နည်းကျဆင်းရေး ဆောင်ရွက်လျက်ရှိရာ (၃)နှစ်တာ သက်တမ်း ကာလအတွင်း ဘိန်းခင်း ၂၀၁၄၁ ဒသမ ၀၃ ဧက ဖျက်ဆီးခဲ့ပြီး စတုတ္ထ (၁)နှစ်တာကာလအတွင်း ဘိန်းခင်း ၄၁၃၀ ဒသမ ၀၁ ဧက ဖျက်ဆီးနိုင်ခဲ့သဖြင့် (၄)နှစ်တာကာလအတွင်း ဘိန်းခင်း စုစုပေါင်း ၂၄၂၇၁ ဒသမ ၀၄ ဧကေအား ဖျက်ဆီးခဲ့ပါကြောင်း၊ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူရာ၌ ၂၀၁၇ ခုနှစ်တွင် ၂၅ ရာခိုင်နှုန်း၊ ၂၀၁၈ ခုနှစ်တွင် ၉ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်တွင် ၁၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ထုတ်လုပ်မှုတွင် ၂ ရာခိုင်နှုန်း ကျဆင်းခဲ့သဖြင့် ယခင်ဘိန်း စိုက်ပျိုးထုတ်လုပ်မှု ဒုတိယနေရာမှ တတိယနေရာသို့ လျှော့နည်းကျဆင်းအောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၏ (၄)နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် စီးပွားရေးပြစ်မှုများနှင့် ဝန်ထမ်းမသမာမှုများ စုံစမ်းဖော်ထုတ်အရေးယူရေးတို့ကို ဆောင်ရွက်လျက်ရှိရာ (၄)နှစ်တာကာလအတွင်း ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ပေးအပ်သည့်အမှုများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် ဖွဲ့စည်းစုံစမ်း စစ်ဆေးသည့်အမှုများတွင် အဖွဲ့ဝင်အဖြစ်ပါဝင်၍ စုံစမ်းစစ်ဆေးခဲ့သည့်အမှုများနှင့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ တာဝန်ပေးအပ်သည့်အမှု ၂၆၈ မှုအပါအဝင် စုစုပေါင်း ၆၇၁ မှုကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါကြောင်း။

### မသမာမှု ၁၉၉ မှုအား စုံစမ်းဖော်ထုတ်

ဝန်ထမ်းမသမာမှုများနှင့် ပတ်သက်၍ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်သည့် မသမာမှု ၁၉၉ မှု အား စုံစမ်းဖော်ထုတ် အရေးယူခဲ့ပါကြောင်း။

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအနေဖြင့် စုံစမ်းစစ်ဆေးခဲ့သည့် အမှုအရေအတွက်မှာ စီးပွားရေးဆိုင်ရာပြစ်မှု ၂၀၄ မှု၊ ဝန်ထမ်းမသမာမှု၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့မှ တာဝန်ပေးအပ်မှု ၂၆၈ မှု စုံစမ်းစစ်ဆေးနိုင်ခဲ့ပါကြောင်း၊ အဂတိလိုက်စားမှုများ မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားနိုင်ရေးတို့ကို ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ Corruption Prevention Unit-CPU အဖွဲ့ ၃ ဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

အကျဉ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် အကျဉ်းထောင်များအတွင်း ပြစ်ဒဏ်ကျခံလျက်ရှိသော ပညာတစ်ပိုင်းတစ်စဖြင့် လူငယ်အကျဉ်းသားများကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ အတန်းပညာဆက်လက်သင်ကြားပေးခဲ့ရာ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် အကျဉ်းသား၊ အကျဉ်းသူ ၃၄၇ ဦးအား သင်ကြားပေးနိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အကျဉ်းသား၊ အကျဉ်းသူ ၁၇၁ ဦး ဝင်ရောက်ဖြေဆိုခဲ့ရာ အကျဉ်းသား ၈၇ ဦး၊ အကျဉ်းသူ ၇ ဦး၊ စုစုပေါင်း ၉၄ ဦး အောင်မြင်ခဲ့ပါကြောင်း၊ ၎င်းတို့အနက် သုံးဘာသာဂုဏ်ထူးရှင် ၄ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ၁၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၂၁ ဦး ထွက်ပေါ်ခဲ့ပါကြောင်း၊ ယခု ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာလည်း အကျဉ်းသား၊ အကျဉ်းသူ ၃၃၅ ဦးအား အတန်းပညာသင်ကြားပေးခဲ့ပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၁၇၈ ဦး ဝင်ရောက်ဖြေဆိုခဲ့ပါကြောင်း။

မန္တလေးဗဟိုအကျဉ်းထောင်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ရေး စီမံချက်အရ UNOPS အဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် TB (၂)ထပ် ဆေးရုံဆောင်အသစ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၂၀ ရက်တွင် တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

*စာမျက်နှာ ၁၀ သို့*



ပြည်ထဲရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦးက ရှင်းလင်းပြောကြားစဉ်။

**“ခေတ်မီ၍ စွမ်းအားပြည့်ဝသော တပ်ဖွဲ့ဖြစ်စေရန်အတွက် ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်းကူညီထောက်ပံ့မှုချေးငွေ OECD မှ တရားဝင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ ODA အစီအစဉ်အရ ယူရိုသန်း ၅၀ ထောက်ပံ့ချေးငွေဖြင့် ရရှိသည့် မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် မီးသတ်အထောက်အကူပြုယာဉ်၊ စုစုပေါင်း ၇၅ စီးကို ဖြည့်တင်းဆောင်ရွက်”**

*စာမျက်နှာ ၉ မှ*

အကျဉ်းဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)တို့ ပူးပေါင်း၍ မန္တလေးဗဟိုအကျဉ်းထောင်တွင် အသက်မွေးမှုအတတ်သင် သင်တန်းကျောင်းနှစ်ထပ်ဆောင်အား ဆောက်လုပ်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အဆိုပါသင်တန်းကျောင်းတွင် အကြီးစားအင်ဂျင် ပြုပြင်ရေးလုပ်ငန်း၊ ဆံသလုပ်ငန်း၊ လျှပ်စစ်လုပ်ငန်းနှင့် လက်သမား/ပန်းရန်လုပ်ငန်းတို့ကို သင်ကြားလျက်ရှိပါကြောင်း။

**မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုပေးနိုင်ခဲ့**

မီးသတ်ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအနေဖြင့် မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပြီး အထပ်မြင့် အဆောက်အဦ ၈၉၇၈လုံးအတွက် မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုပေးနိုင်ခဲ့သဖြင့် ဆောင်ရွက်ပေးမှု ရငွေကျပ် ၁၈၃၀၁ ဒသမ ၁၄ သန်းကို နိုင်ငံတော်သို့ ပေးသွင်းနိုင်ခဲ့ပြီး အဆောက်အဦ ၅၉၄၈ လုံးအတွက် မီးဘေးလုံခြုံရေးဆိုင်ရာ ထောက်ခံချက်အား ထုတ်ပေးနိုင်ခဲ့ပါကြောင်း။

ခေတ်မီ၍ စွမ်းအားပြည့်ဝသော တပ်ဖွဲ့ဖြစ်စေရန်အတွက် ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြု ဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်းကူညီထောက်ပံ့မှုချေးငွေ OECD မှ တရားဝင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ ODA အစီအစဉ်အရ ယူရိုသန်း ၅၀ ထောက်ပံ့ချေးငွေဖြင့် ရရှိသည့် မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် မီးသတ်အထောက်အကူပြုယာဉ်၊ စုစုပေါင်း ၇၅ စီးကို ဖြည့်တင်းဆောင်ရွက်ခဲ့ပါကြောင်း၊ မီးသတ်ဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်အပါအဝင် မတော်တဆဖြစ်စဉ်များတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ အစီရင်ခံသည့် ကာလအတွင်း ရှာဖွေကယ်ဆယ်ရေးဖြစ်စဉ် ၂၈၉၂ ကြိမ်ရှိပြီး ပျက်စီးခဲ့သည့် အိမ်ခြေ ၃၉၉၈၇ လုံးမှ ဒုက္ခရောက်ရှိခဲ့သူ ၇၈၉၉၂ ဦးအား ကူညီဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

Covid–19 ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာနအနေဖြင့် ကမ္ဘာ့ကပ်ရောဂါ Coronavirus Disease 2019 (COVID–19) ကြိုတင်ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တပ်မတော်တို့နှင့် ပူးပေါင်း၍ ပိုလန်နိုင်ငံ ODA အစီအစဉ်ဖြင့် ဝယ်ယူရရှိထားသည့် ခေတ်မီ မီးသတ်ယာဉ်/စက်များကို အသုံးပြုပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၁၉ ရက်အထိ ၁၂၅၅၅ ကြိမ်အား အများပြည်သူဆိုင်ရာ အဆောက်အဦများ၊ ကျန်းမာရေးစောင့်ရှောက်မှုနေရာများတွင် ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**အလေးထားဆောင်ရွက်လျက်ရှိ**

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ ပြည်သူများ၏ အကျိုးကိုရှေးရှုပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ ဝန်ထမ်းများသည် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် ပြည်တွင်း/ ပြည်ပ သင်တန်းများ၊ အစည်းအဝေးများနှင့် အလုပ်ရုံဆွေးနွေးပွဲများ စေလွှတ်တက်ရောက်လျက်ရှိပြီး ကျား/မ ခွဲခြားမှုမရှိဘဲ ရာထူးတာဝန်များ ပေးအပ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကို ပြောင်းရွှေ့နေရာချထားရေးမူဝါဒ၊ ဦးဝီရသူနှင့် ဦးလှဆွေတို့ကို ဖမ်းဆီးနိုင်ရေး ဆောင်ရွက်နေမှု၊ အကျဉ်းထောင်များနှင့် ပတ်သက်သည့် ဝေဖန်မှုများအပေါ် ဝန်ကြီးဌာန၏ သုံးသပ်ချက်၊ အကျဉ်းထောင်များ၏ လူဦးရေကျပ်တည်းမှုအခြေအနေ၊ ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးရာတွင် လက်လွန်ခြေလွန်မဖြစ်စေရေး ဆောင်ရွက်ထားရှိမှုနှင့် ယင်းကိစ္စများနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များအား အရေးယူမှုကို ပွင့်လင်းမြင်သာမှုရှိစေရေး စီမံဆောင်ရွက်နေမှု၊ ဗစ်တိုးရီးယားအမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ်၌ ရဲတပ်ဖွဲ့ဝင်များ အင်အားဖြည့်တင်းဆောင်ရွက်ရေးနှင့် ရဲတပ်ဖွဲ့ဝင်များ အရည်အသွေးမြင့်မားရေး ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုနှင့် ထိန်းချုပ်နိုင်ရေးဆောင်ရွက်နေမှု၊ မီဒီယာများအနေဖြင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ အရေးယူခံရနိုင်မှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခိုင်ထွန်းဦးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



ကာကွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးက ရှင်းလင်းပြောကြားစဉ်။

**ကာကွယ်ရေးဝန်ကြီးဌာန**

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးက ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် ဇူလိုင်လ ၁၀ ရက်မှ ၁၂ ရက်အထိ (၁၃)ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (13th ASEAN Defence Ministers' Meeting)၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟူဘေပြည်နယ် ဝူဟန်မြို့တွင် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက်တွင် ကျင်းပသည့် (၇)ကြိမ်မြောက် CISM Military World Games (Wuhan 2019)ဖွင့်ပွဲအခမ်းအနား၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်မှ ၁၉ ရက်အထိ အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Defence Ministers' Meeting Retreat)နှင့် (၆)ကြိမ်မြောက် အာဆီယံအပေါင်း ကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (6th ASEAN Defence Ministers' Meeting–Plus)၊ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၈ ရက်မှ ၂၀ ရက်အထိ အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Defence Ministers' Meeting Retreat) နှင့် အာဆီယံ – ဩစတြေးလျ ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော အစည်းအဝေးတို့သို့ တက်ရောက်ခဲ့ပါကြောင်း။

**ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်**

အထက်ဖော်ပြပါ အစည်းအဝေးများသို့ တက်ရောက်ခြင်းဖြင့် ကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အခြားအာဆီယံနိုင်ငံများနှင့်အတူ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ခြင်း၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့် ပတ်သက်သည့် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားနိုင်ခြင်း၊ အာဆီယံဒေသတွင်း လုပ်ငန်းဖော်ဆောင်မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ရပ်တည်မှုကို ဖော်ပြနိုင်ခဲ့ခြင်းနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်း စသည့်အခွင့်အလမ်းများကို ရရှိစေခဲ့ပါကြောင်း။

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများကို အရာရှိ ၆၈၁ ဦးနှင့် အခြားအဆင့် ၃၁၂ ဦးအား တိုင်း စစ်ဌာနချုပ်များ၏ အစီအစဉ်ဖြင့် ဖွင့်လှစ်ပို့ချခဲ့ပြီး ဆက်လက်၍ တိုင်းစစ်ဌာနချုပ်အလိုက် နှစ်လတစ်ကြိမ် သင်တန်းများ ဖွင့်လှစ်လျက်ရှိပါကြောင်း။

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၄ ဦးကို ၂၀၁၉ ခုနှစ် ဇွန်လ ၁၂ ရက်တွင် လည်းကောင်း၊ စစ်သည် ၁၈ ဦးကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်တွင် လည်းကောင်း တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံသို့ တစ်ဦးချင်း အစီအစဉ်ဖြင့် လွှဲပြောင်းပေးခဲ့ပြီး (၄) နှစ်တာကာလအတွင်း တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၂၆၂ ဦးကို မိဘ/အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ်မှစ၍ အသက် ၁၈ နှစ် ပြည့်မြောက်ခြင်းမရှိသူ စစ်သည် စုစုပေါင်း ၁၀၀၆ ဦးကို မိဘ/အုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါကြောင်း။

သဘာဝဘေးအန္တရာယ်ကျရောက်စဉ် ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး ဆောင်ရွက်ပေးနိုင်ခဲ့မှုအနေဖြင့် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၄ ခုနှင့် မြို့နယ် ၉ မြို့နယ်တို့တွင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၆၅ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဘုန်းကြီးကျောင်း တစ်ကျောင်းနှင့် အိမ်ခြေ ၆၂ လုံးတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၃၆၃ ဦးကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၂၁၆ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

လေပြင်းတိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၇ ခုနှင့် မြို့နယ် ၂၀ တို့တွင် သာသနိကအဆောက်အဦများ၊ အစိုးရအဆောက်အဦများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရာ တပ်မတော်မှ အိမ်ထောင်စု ၉၄၇ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ စာသင်ကျောင်း ၉ ကျောင်း၊ ဘုရား/စေတီ ၂ ဆူ၊ ဘုန်းကြီးကျောင်း ၁၃ ကျောင်း၊ အိမ်ခြေ ၅၈၈ လုံး၊ အစိုးရရုံး/ဌာန တစ်ခု၊ တံတားတစ်စင်းနှင့် ရေကန် တစ်ကန်တို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၄ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

**ကျန်းမာရေးစောင့်ရှောက်မှုပေး**

ရေကြီးမှုဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၈ ခုနှင့် မြို့နယ် ၂၁ မြို့နယ်တို့တွင် တပ်မတော်မှ အိမ်ထောင်စု ၆၆၇၅ စုနှင့် တိရစ္ဆာန်ကောင်ရေ ၁၇၀ တို့ကို ကူညီရွှေ့ပြောင်းပေးခြင်း၊ တာ/တမံ ၁၇၃၅ ပေ၊ လမ်း ၁၄၈၅ ပေ၊ စာသင်ကျောင်း ၉ ကျောင်း၊ ဘုရား/ စေတီ တစ်ဆူ၊ ဘုန်းကြီးကျောင်း ၁၀ ကျောင်း၊ အိမ်ခြေ ၂၆ လုံးနှင့် တံတား ၄ စင်းတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၅၁၅၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်သည့်အပြင် တပ်မတော်(လေ)မှ လေယာဉ်နှင့် ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၄ ခေါက်၊ ကုန်တန်ချိန် ၆ ဒသမ ၄ တန်ကျော် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၀၈၀ ကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

**လှူဒါန်းထောက်ပံ့ပေးနိုင်ခဲ့**

ငလျင်ဘေးဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘို၊ ခင်ဦးနှင့် ရေဦးမြို့နယ်တို့ တွင် တပ်မတော်မှ ဘုရား/စေတီ ၂ ဆူနှင့် ဘုန်းကြီးကျောင်း ၃ ကျောင်းတို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် စတင်ဖြစ်ပွားသည့် ကိုဗစ်–၁၉ ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများအတွက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၅ ရက်တွင် စုစုပေါင်းတန်ဖိုးငွေကျပ် ၄၉၉၅ သိန်းကျော် တန်ဖိုးရှိ ဆေးဘက်ဆိုင်ရာ ပစ္စည်းများဖြစ်သည့် Surgical Masks (2 Ply)၊ Type–N95 (SM Particulate Respirator Masks)နှင့် Safety Goggles တို့ကို တစ်မျိုးလျှင် အရေအတွက် ၉၀၀၀၀ စီကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပို့ဆောင်လွှဲပြောင်းပေးအပ် လှူဒါန်းထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ်မှ ယနေ့အချိန်အထိ နိုင်ငံတော်အစိုးရ၏ ၄ နှစ်တာသက်တမ်း ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် မီးဘေး၊ လေဘေး၊ ရေဘေး၊ ငလျင်ဘေးနှင့် ကပ်ရောဂါဘေးအတွက် ပြည်ပနိုင်ငံသို့ ပေးပို့လှူဒါန်းခဲ့မှုအပါအဝင် တပ်မတော်မှ အိမ်ထောင်စု ၄၁၁၀၅ စုနှင့် တိရစ္ဆာန် ၇၄၅၄ ကောင်တို့ကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ဆန်စက် ၁ လုံး၊ တာတမံ ၄၃၄၉၂ ပေ၊ လမ်း ၁၁၈၃၅၂ ပေ၊ စာသင်ကျောင်း ၁၉၇ ကျောင်း၊ ဆေးရုံ ၁၇ ရုံ၊ ဘုရား/စေတီ ၁၀၄၄ ဆူ၊ ဘုန်းကြီးကျောင်း ၈၁၄ ကျောင်း၊ အိမ်ခြေ ၇၃၇၁ လုံး၊ အစိုးရရုံး/ဌာန ၁၅ လုံး၊ တံတား ၁၁ စင်း၊ တံတားချဉ်းကပ်လမ်း ၇၂၅ ပေနှင့် ရေတွင်း/ရေကန် ၂၁၄၅ ကန်တို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ ပြည်သူ ၂၀၆၆၇ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တပ်မတော်ပိုင် လေယာဉ်နှင့် ရဟတ်ယာဉ်များဖြင့် ခေါက်ရေ ၅၄ ခေါက်၊ ကုန်တန်ချိန် ၁၅၉ ဒသမ ၈၁ တန် သယ်ယူပို့ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၉၆၇၈ သိန်းကျော်ကို ဘေးအန္တရာယ် ကျရောက်ခဲ့သော ဒေသများအတွက် လှူဒါန်းထောက်ပံ့ ပေးအပ်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ပြန်လည်ရှင်းလင်းဖြေကြား**

ထို့နောက် သတင်းမီဒီယာများက မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့၏ လုပ်ငန်းများနှင့် ငွေကြေးစီမံခန့်ခွဲမှု အခြေအနေ၊ ကာကွယ်ရေးဝန်ကြီးဌာနရှိ အဆောက်အဦနှင့် မြေနေရာငှားရမ်းမှုများမှ ရငွေများ နိုင်ငံ့ဘဏ္ဍာငွေထဲထည့်ဝင်နေမှု၊ ကလေးစစ်သားစုဆောင်းမှုနှင့် စပ်လျဉ်း၍ အရေးယူဆောင်ရွက်နေမှု၊ ၂၀၂၀ ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားတပ်မတော်အရာရှိကြီးများ ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ရှိ/မရှိ၊ တပ်မတော်သားများနှင့် မိသားစုဝင်များ မဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ အငြိမ်းစားယူမှုအခြေအနေ၊ မြန်မာ့တပ်မတော်မှ လက်နက်ခဲယမ်းများ ထုတ်လုပ်နေမှုနှင့် ၎င်းလက်နက်များအား ပြည်ပနိုင်ငံများသို့ ရောင်းချရန် ရှိ/မရှိ၊ တပ်မတော်မှ သိမ်းဆည်းထားသည့် မြေနေရာများ စွန့်လွှတ်၍ မူလပိုင်ရှင်များထံ ပြန်လည်အပ်နှံနေမှုနှင့် စီမံခန့်ခွဲမှု စသည်တို့ကို မေးမြန်းရာ ကာကွယ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ် အောင်ကျော်ဟိုးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**ဆက်လက်ကျင်းပသွားမည်**

နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ဇွန် ၂၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**ဟန်မျိုးစိုး၊ ကေတာ**

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)ကျင်းပ

တောင်ကြီး ဇွန် ၂၂

**ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပထမနေ့)ကို ဇွန် ၂၂ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(ပထမနေ့)ကျင်းပစဉ်။

### ပြန်လည်ဖြေကြား

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ကြယ်ပွင့်ပြမေးခွန်း ၁၃ ခု မေးမြန်းရာ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ပြန်လည်ဖြေကြားကြသည်။

### ဥပဒေ(မူကြမ်း) လွှတ်တော်တင်သွင်း

ယင်းနောက် ရှမ်းပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်(ခ) ဦးစိုးကြီးက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ(မူကြမ်း)အား ရှမ်းပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ပြည်နယ်လွှတ်တော်က ဇွန် ၂၅ ရက်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးမည့် ကိုယ်စားလှယ်များရှိပါက ယနေ့ညနေ ၅ နာရီ နောက်ဆုံးထား၍ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆွေးနွေးမည့် အချက်အလက်များကို ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ပြည်နယ်လွှတ်တော်သို့ပေးပို့ရန် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ကြေညာသည်။

### မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန်

ထို့နောက် ပင်းတယမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်း က “ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စုနှင့် မိုင်းလီကျေးရွာအုပ်စုတို့အား ပေါင်း၍ မိုင်းလီကျေးရွာအုပ်စု မိုင်းအင်ကျေးရွာကို မိုင်းအင်မြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးရန် တိုက်တွန်းကြောင်း” အဆိုကို ပြည်နယ်လွှတ်တော်သို့ တင်သွင်းရာ ယင်းအဆိုအား မိုင်းဖြတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ကက ထောက်ခံဆွေးနွေးပြီး ၎င်းအဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုကို ဇွန် ၂၃ ရက်တွင် ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက ယနေ့ညနေ ၅ နာရီ နောက်ဆုံးထား၍ ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းနိုင်ကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

### ကျင်းပမည်

ယင်းနောက် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၉)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (ပထမနေ့)ကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး(ဒုတိယနေ့)ကို ဇွန် ၂၃ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေး၊ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီ လုပ်ငန်းအဖွဲ့အစည်းအဝေးနှင့် အာဆီယံပူးတွဲညှိနှိုင်းမှု အစည်းအဝေးများ ကျင်းပ







**နေပြည်တော် ဇွန် ၂၂**

အာဆီယံ အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေး၊ အရေးပေါ်ပြည်သူ့ကျန်းမာရေးဆိုင်ရာ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် အာဆီယံပူးတွဲညှိနှိုင်းမှု အစည်းအဝေးများကို ယနေ့နံနက် ၇ နာရီခွဲတွင် Video Conferencing ဖြင့် ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အာဆီယံအဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန် တက်ရောက်ခဲ့ပြီး အစည်းအဝေးတွင် အာဆီယံအသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများ၊ အရှေ့တောင်အာရှချစ်ကြည်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးစာချုပ်တွင် ပြင်ပနိုင်ငံများက ပါဝင်လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကူးစက်ရောဂါဆိုင်ရာ အာဆီယံအထူးထိပ်သီးအစည်းအဝေးနှင့် အာဆီယံ အပေါင်းသုံး အထူးထိပ်သီးအစည်းအဝေး ဆုံးဖြတ်ချက်များ၏ ဖြစ်ပေါ်တိုးတက်မှုများ၊ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ (၂၁) ကြိမ်မြောက် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းကောင်စီ အစည်းအဝေး၊ (၂၆) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးနှင့် (၃၆)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတို့အတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေများနှင့် အာဆီယံ၏ ပြင်ပဆက်ဆံရေးကိစ္စရပ်များအပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင်ပြုလုပ်သည့် အရေးပေါ်ပြည်သူ့ကျန်းမာရေးဆိုင်ရာ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးနှင့် အာဆီယံ ပူးတွဲညှိနှိုင်းမှုအစည်းအဝေးများသို့ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ခန့်ဆုမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အရေးပေါ်ပြည်သူ့ကျန်းမာရေးဆိုင်ရာ အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးတွင် အာဆီယံအတွင်း ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုအခြေအနေ၊ ရောဂါပြန့်ပွားမှု ကာကွယ်ထိန်းချုပ်ရေးအတွက် အာဆီယံ၏ ကြိုးပမ်းဆောင်ရွက်မှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။ အာဆီယံ ပူးတွဲညှိနှိုင်းမှုအစည်းအဝေးတွင် အာဆီယံ အသိုက်အဝန်းထူထောင်ရေး ကြိုးပမ်းအားထုတ်မှုများ၊ ၂၀၂၀ ပြည့်နှစ်တွင် အကောင်အထည်ဖော်မည့် အာဆီယံ၏ ဦးစားပေးလုပ်ငန်းစဉ်များ၊ (၂၆) ကြိမ်မြောက် အာဆီယံပေါင်းစပ်ညှိနှိုင်းရေးကောင်စီအစည်းအဝေးနှင့် (၃၆) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတို့အတွက် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများနှင့် အာဆီယံမဏ္ဍိုင်အလိုက်နှင့် ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးကြသည်။

အစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်မှုကြောင့် ဖလမ်းမြို့နယ်အတွင်းရှိ ဖလမ်း(ဆူရ်ဘုန် )လေယာဉ်ကွင်းနှင့် လိုင်ဗားဆည်များတွင် ထိခိုက်ပျက်စီးမှုမရှိ

ဖလမ်း ဇွန် ၂၂

**ဇွန် ၂၂ ရက် နံနက်ပိုင်းက အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် ဖလမ်းမြို့နယ်အတွင်းရှိ ဖလမ်း(ဆူရ်ဘုန်)လေယာဉ်ကွင်းနှင့် လိုင်ဗားဆည်များတွင် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။** (ယာပုံ)




ဖလမ်း(ဆူရ်ဘုန်) လေယာဉ်ကွင်းသည် အင်အားအသင့်အတင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှု မရှိကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဇော်က ပြောကြားပြီး ဖလမ်းမြို့နယ် လိုင်ဗားဆည်(၁)နှင့် တည်ဆောက်လျက်ရှိသည့် လိုင်ဗားဆည်(၂)များတွင်လည်း တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်း ဖလမ်းခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု ဦးစီးဌာန တာဝန်ခံ ဦးသန်းဝင်းက ပြောသည်။

ဇွန် ၂၂ ရက် နံနက် ၅ နာရီ ၁၀ မိနစ်က ဟားခါးမြေ ငလျင်စခန်းမှ အနောက်မြောက်ဘက် လေးမိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Myanmar-India Border Region) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၁၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၂၂ ဒီဂရီ၊ အနက် လေးကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ် တာစကေး ၅ ဒသမ ၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြင်သစ်နိုင်ငံတွင် ရုပ်ရှင်ရုံများပြန်လည်ဖွင့်လှစ်

ပါရီ ဇွန် ၂၂

**ကိုဗစ် -၁၉ ကြောင့် သုံးလကြာ ရုပ်ရှင်ရုံများ၊ ကဇာတ်ရုံများ ပိတ်ထားရပြီးနောက် ပြင်သစ်နိုင်ငံမှ ရုပ်ရှင်ချစ်ပရိသတ်များသည် ရုပ်ရှင်ရုံများဆီ တစ်ကျော့ပြန်သွားခွင့်ရပြီဖြစ်သည်။**

ပြင်သစ်နိုင်ငံတွင် ရုပ်ရှင်ရုံပေါင်း ၆၀၀၀ ခန့်ရှိပြီး ကမ္ဘာပေါ်တွင်ရုပ်ရှင်ရုံအရေအတွက် စတုတ္ထအများဆုံး နိုင်ငံလည်းဖြစ်သည်။ ပြင်သစ်နိုင်ငံသည် မတ်လမှစတင်ကာ ကိုဗစ် -၁၉ ကြောင့် ရုပ်ရှင်ရုံများ ပိတ်ထားခဲ့ရသည်။ မေလမှစတင်ကာ ပြင်သစ်အစိုးရသည် ပိတ်ဆို့ကန့်သတ်မှုများကို တဖြည်းဖြည်းချင်းဖြေလျှော့ပေးခဲ့ပြီး နေအိမ်ပြင်ပလှုပ်ရှားမှုများနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များအပေါ် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့သည်။

ဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ရုပ်ရှင်ရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး ဇွန် ၂၂ ရက်ကစတင်ကာ အစိုးရမှ မီးစိမ်းပြလိုက်ခြင်းဖြစ်သည်။ ပါရီမြို့ရှိ ရုပ်ရှင်ရုံသည် ဇွန် ၂၁ ရက် ညသန်းခေါင်ယံအချိန်တွင် ပြသမှုစတင်ခဲ့ပြီး လူပေါင်း ၁၂၀ ခန့်ကြည့်ရှုခဲ့ကြသည်ဟု သိရသည်။ ရုပ်ရှင်ကြည့်ပရိသတ်များသည် လူအချင်းချင်း ခပ်ခွာခွာနေသည့်စနစ်ကိုကျင့်သုံးခဲ့ကြပြီး အုပ်စုတစ်စုနှင့် တစ်စုလည်း ခပ်ခွာခွာနေခဲ့ကြသည်။

ရုပ်ရှင်ရုံဝန်ထမ်းများသည်လည်း ပါးစပ်နှာခေါင်းစည်း တပ်ဆင်ကာကြည့်ရမည်ဖြစ်သည်။ အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦးက ရုပ်ရှင်ပြန်ကြည့်ကြရန်အတွက် သုံးလကြာ စောင့်ဆိုင်းခဲ့ရသည်ဟု ပြောကြားခဲ့သည်။ အားကစားခန်းမများနှင့် ပြိုင်မြင်းကွင်းများကို ဇူလိုင် ၁၁ ရက်မှစတင်ကာ ဖွင့်ခွင့်ပေးမည်ဟု သိရသည်။ သို့သော် ပွဲကြည့်ပရိသတ်အရေအတွက်ကိုမူ လျှော့ချရမည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**



ပါရီမြို့ရှိ ရုပ်ရှင်ရုံတစ်ရုံရှေ့တွင် ပိုစတာများဖယ်ရှားနေသည့် ဝန်ထမ်းများကို တွေ့ရစဉ်။

# နိုင်ငံခြားခရီးသွားများအား ဇူလိုင် ၇ ရက်မှစတင်ကာ ဒူဘိုင်းသို့လည်ပတ်ခွင့်ပြုမည်

ဒူဘိုင်း ဇွန် ၂၂

ဒူဘိုင်းတွင် တစ်စုံတစ်ခုသောအတိုင်းအတာအထိ ထိန်းချုပ်မှုများပြုလုပ်နိုင်ပါက ဇူလိုင် ၇ ရက်မှစတင်ကာ နိုင်ငံခြားခရီးသွားများကို ဒူဘိုင်းသို့ လာရောက်လည်ပတ်ခွင့် ပေးသွားမည်ဟု ဇွန် ၂၁ ရက်တွင် ဖော်ပြထားသည်။

ဒူဘိုင်းသည် ယူအေအီးနိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် နေရာလည်း ဖြစ်သည်။ ကိုဗစ် -၁၉ ပျံ့နှံ့မှု ထိန်းချုပ်ရေးအတွက် မတ်လအလယ်မှစတင်ကာ နိုင်ငံခြားခရီးသွားများဝင်ရောက်ခွင့်ကို ပိတ်ပင်ထားခဲ့သည်။ ထွက်ခွာသည့်ဂိတ်တွင် ပီစီအာ စမ်းသပ်မှုပြုလုပ်ရမည်ဖြစ်ပြီး စမ်းသပ်မှုရလဒ်တွင် ရောဂါမရှိဟု ပြသမှသာ ဝင်ရောက်ခွင့်ရမည်ဖြစ်သည်။ နောက်ထပ်လိုအပ်ချက်တစ်ခုမှာ ဒူဘိုင်းတွင် ဆေးကုသစရိတ်အတွက် ကာမိသည့် ကျန်းမာရေးအာမခံရှိရမည်ဖြစ်သည်။ ဒူဘိုင်းလေဆိပ်သို့ ရောက်သည့်အခါတွင်လည်း ဆေးစစ်မှုခံယူရန်လိုအပ်ပြီး ရောဂါစစ်ဆေးတွေ့ရှိပါက အသွားအလာကန့်သတ်ထားသည့်နေရာတွင် သီးခြားနေထိုင်ရမည် ဖြစ်သည်။ ယူအေအီးနိုင်ငံတွင် ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုနှုန်းမှာ မကြာသေးမီရက်ပိုင်းအတွင်း ကျဆင်းလာပြီး နေ့စဉ်ကူးစက်မှုနှုန်းမှာ ၄၀၀ အောက်သို့ လျော့နည်းလာသည်။ ကမ်းခြေများ၊ ဟိုတယ်များ၊ ဖျော်ဖြေရေးနှင့် သက်ဆိုင်သည့် အဆောက်အအုံများကိုလည်း တဖြည်းဖြည်းချင်းဖွင့်လှစ်ခွင့်ပေးနေပြီဖြစ်သည်။


ဒူဘိုင်းမြို့ကို အပေါ်စီးမှတွေ့မြင်ရစဉ်။

ဒူဘိုင်း၏စီးပွားရေးသည် ခရီးသွားလုပ်ငန်းအပေါ် မှီခိုနေသည့်အတွက် ယူအေအီးရှိ အခြားမြို့များထက်စောကာ ဒူဘိုင်းတွင် နိုင်ငံခြားခရီးသွားများ ပြန်လည်လက်ခံနိုင်ရေး ကြိုးစားနေသည်။ **အင်န်အိတ်ချ်ကေ**


# လူမျိုးရေးခွဲခြားမှုအပေါ် စိုးရိမ်မှုများအတွက် နယူးယောက်မြို့မှ ရုစဗဲ့၏ရုပ်တုကို ဖယ်ရှားမည်

**နယူးယောက် ဇွန် ၂၂**

လူမျိုးရေးခွဲခြားမှုနှင့် ကိုလိုနီသင်္ကေတအဖြစ် ကာလရှည်ကြာ ဝေဖန်ခံနေရသည့် အမေရိကန်သမ္မတဟောင်း သီအိုဒို ရုစဗဲ့၏ ရုပ်တုကို ဖယ်ရှားတော့မည်ဟု ဇွန် ၂၁ ရက်က နယူးယောက်မြို့တွင် ကြေညာခဲ့သည်။

သို့သော် ရုပ်တုဖယ်ရှားရေးနှင့် ပတ်သက်ပြီး သမ္မတထရမ့်က ဝေဖန်လျက်ရှိသည်။ လက်နက်မဲ့လူမည်းအမျိုးသား ဂျော့ဂျ်ဖလွိုဒ်ကို ရဲများ ဖမ်းဆီးထားစဉ်အတွင်း သေဆုံးသွားသည့်ဖြစ်ရပ်နှင့် ပတ်သက်ပြီး လူမျိုးရေးခွဲခြားမှုကို ဆန့်ကျင်မှုများ ပျံ့နှံ့ပေါ်ပေါက်လျက်ရှိသည်။

ရုစဗဲ့၏ ကြေးရုပ်တုမှာ အမေရိကန် သဘာဝသမိုင်းပြတိုက် ဝင်ပေါက်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၈၀ ကတည်းက ထားရှိခဲ့ခြင်းဖြစ်ပြီး ရုစဗဲ့မှာ မြင်းပေါ်မှလိုက်ပြီး လူမည်းအမျိုးသားတစ်ဦးနှင့် အမေရိကန်မူလတိုင်းရင်းသားတစ်ဦးတို့မှာ မြေပြင်ပေါ်မှ ခြေကျင်လိုက်ရသည့်ပုံ ထုလုပ်ထားသည်။ ယခု ကမ္ဘာတစ်ဝန်းနှင့် နိုင်ငံအတွင်းတို့တွင် ရုပ်တုများအပေါ် အာရုံစိုက်နေပြီး တချို့သောရုပ်တုသင်္ကေတများမှာ လူမျိုးရေးခွဲခြားမှုစနစ်၏ စိတ်ထိခိုက်ဖွယ်ပြယုဂ်များဖြစ်နေသည်ကို သတိပြုမိသည်ဟု ပြတိုက်မှ ပြောသည်။


သဘာဝသမိုင်းပြတိုက်ဝင်ပေါက်ရှေ့မှ ရုစဗဲ့၏ရုပ်တုကို တွေ့ရစဉ်။

နယူးယောက်မြို့အာဏာပိုင်များကလည်း ပြတိုက်မှတာဝန်ရှိသူများ၏ ရုပ်တုဖယ်ရှားပေးရေး တောင်းဆိုချက်ကို လိုက်လျောပေးရန် သဘောတူခဲ့ကြသည်။ ရုစဗဲ့သည် ၂၀ ရာစုအတွင်း အမေရိကန်၏ ၂၆ ယောက်မြောက်သမ္မတ ဖြစ်ခဲ့သည်။ ရုစဗဲ့၏ မိသားစုကလည်း ရုပ်တုဖယ်ရှားရေးကိုလက်ခံကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့သည်။ အမေရိကန်သမ္မတထရမ့်ကမူ ရုပ်တု ဖယ်ရှားပစ်ရန် ဆုံးဖြတ်ချက်ကိုဝေဖန်ခဲ့ပြီး အဓိပ္ပာယ်မရှိသည့်လုပ်ရပ်ဟု ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**

# ဗြိတိန်တွင် ဓားဖြင့်တိုက်ခိုက်ခံရမှုကို အကြမ်းဖက်ဖြစ်ရပ်အဖြစ်ကြေညာ

**လန်ဒန် ဇွန် ၂၂**

အင်္ဂလန်နိုင်ငံတောင်ပိုင်းတွင်ဖြစ်ပွားခဲ့သည့် ဓားထိုးမှုကို အကြမ်းဖက်ဖြစ်ရပ်အဖြစ် ဗြိတိန်နိုင်ငံ၏ အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့က ဇွန် ၂၁ ရက်တွင် ကြေညာသည်။

အင်္ဂလန်အရှေ့တောင်ပိုင်းရှိ သိမ်းဘယ်လီ ရာဇဝတ်မှုဌာနမှ ရဲများနှင့် အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးရဲတပ်ဖွဲ့မှ အရာရှိများပူးပေါင်းကာ စစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်ထားသည်။ ဇွန် ၂၀ ရက် ညပိုင်းက ဖော်ဘာရီဥယျာဉ်တွင် ဓားဖြင့်တိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံးခဲ့ပြီ သုံးဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ် အရွယ် အမျိုးသားတစ်ဦးကို အခင်းဖြစ်ပွားသည့်နေရာတွင် လူသတ်မှုအတွက်သံသယရှိမှုဖြင့် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ အဆိုပါအမျိုးသား၏အမည်မှာ ကိုင်ရီဆာဒက်လာဖြစ်ပြီး လစ်ဗျားနိုင်ငံမှလာရောက်သူလည်းဖြစ်သည်။ အခင်းဖြစ်ပွားသည့်နေရာတွင် အဆိုပါအမျိုးသားမှလွဲ၍ အခြားသူများကို ရှာမတွေ့ခဲ့ဟု ရဲများက ပြောသည်။

ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကမူ ယင်းဖြစ်ရပ်အတွက် တုန်လှုပ်မိကြောင်းနှင့် သံသယရှိသူကိုဖမ်းဆီးခဲ့သည့် ရဲများကိုလည်း ချီးကျူးကြောင်း ပြောကြားသည်။ **ဆင်ဟွာ**

# လွန်ခဲ့သည့်သီတင်းပတ်အတွင်း တာလီဘန်တို့၏ လက်ချက်ဖြင့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၂၉၁ ဦးထက်မနည်း သေဆုံး

**ကဘူးလ် ဇွန် ၂၂**

လွန်ခဲ့သည့်သီတင်းပတ်အတွင်း အာဖဂန်လုံခြုံရေး တပ်ဖွဲ့ဝင်ပေါင်း ၂၉၁ ဦးထက်မနည်းကို တာလီဘန်တို့က သတ်ဖြတ်ခဲ့သည်ဟု အာဖဂန်နစ္စတန်အစိုးရက ပြောသည်။

**စွပ်စွဲထား**

ငြိမ်းချမ်းရေးဆွေးနွေးပွဲမတိုင်မီ တာလီဘန်တို့ဘက်မှ တိုက်ခိုက်မှုများ ပြင်းထန်ခဲ့သည်ဟု စွပ်စွဲထားသည်။ တိုင်းပြည်၏ ၁၉ နှစ်ကြာ ပဋိပက္ခအတွင်း လွန်ခဲ့သည့်သီတင်းပတ်လောက်က ဆိုးရွားသည့်တိုက်ခိုက်မှုမျိုး မဖြစ်ဖူးသေးကြောင်း အမျိုးသားလုံခြုံရေးကောင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဂျာဗက် ဖိုင်ဆယ်က ပြောသည်။

**တာလီဘန်များက ပယ်ချ**

လွန်ခဲ့သည့်သီတင်းပတ်အတွင်း တာလီဘန်များသည် ပြည်နယ် ၃၂ ခု တွင် တိုက်ခိုက်မှုပေါင်း ၄၂၂ ခုပြုလုပ်ခဲ့ကြောင်း၊ ယင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၉၁ ဦးထက်မနည်းသေဆုံးခဲ့ပြီး ၅၅၀ ဒဏ်ရာရရှိခဲ့ကြောင်း ဖိုင်ဆယ်က တွစ်တာပေါ်တွင် ရေးသားခဲ့သည်။

တာလီဘန်တို့၏ တိုက်ခိုက်မှုလျှော့ချရေးကတိကဝတ်မှာ အဓိပ္ပာယ်မရှိကြောင်းနှင့် ၎င်းတို့၏အပြုအမူများသည် ငြိမ်းချမ်းရေးနှင့် လားလားမှ မသက်ဆိုင်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ တာလီဘန်များကမူ အစိုးရ၏ထုတ်ပြန်သောစာရင်းများကို ပယ်ချခဲ့သည်။ ကျန်ရှိနေသည့် အကျဉ်းသား၂၀၀၀ ကို ပြန်လွှတ်ပေးမှသာ ငြိမ်းချမ်းရေးဆွေးနွေးပွဲစတင်မည်ဟု တာလီဘန်များက ပြောသည်။

**အေအက်ဖ်ပီ**

# ကိုဗစ်-၁၉ ဖြစ်ပွားနေချိန်အတွင်း အလုပ်အကိုင်လျှော့ချမှုများအပေါ် တောင်အာဖရိကသမ္မတသတိပေး

**ကိပ်ဗ်တောင်း ဇွန် ၂၂**

ကိုဗစ်-၁၉ ဖြစ်ပွားမှုကြောင့် အလုပ်သမားဝန်ထမ်းများ ထိခိုက်နစ်နာနေရချိန် အလုပ်အကိုင်လျှော့ချရန် စီစဉ်နေသည့် ကုမ္ပဏီများအနေဖြင့် စီးပွားရေးလုပ်ငန်းများ ဆက်လက်တည်တံ့ရေးနှင့် အလုပ်သမားများ၏ စားဝတ်နေရေးတို့ကို မျှမျှတတချိန်ညှိဆောင်ရွက်ပေးရန် တောင်အာဖရိကသမ္မတ ရာမာဖိုဆာက တိုက်တွန်းလိုက်ကြောင်း သိရသည်။

လက်ရှိ အလုပ်အကိုင်များကို ကာကွယ်ရန် ကြိုးပမ်းအားထုတ်နေရချိန် နောက်ထပ်အလုပ်အကိုင်အသစ်တစ်ခု ဖန်တီးရန်နှင့် ရင်းနှီးမြှုပ်နှံမှုအသစ်တစ်ရပ်ကို ဆွဲဆောင်ရန်လိုကြောင်း သမ္မတ ရာမာဖိုဆာက ပြည်သူလူထုသို့ အပတ်စဉ်ပြောကြားသည့် မိန့်ခွန်းအတွင်း ထည့်သွင်းပြောကြားသည်။



တောင်အာဖရိကသမ္မတ ရာမာဖိုဆာ

ကိုယ်ပိုင်အလုပ်အကိုင်ထူထောင်မှုနှင့် အထူးသဖြင့် လူငယ်များအတွက် စီးပွားရေးဆိုင်ရာ စွန့်စားမှုများအတွက် လမ်းကြောင်းများဖွင့်ပေးရန် အရေးကြီးကြောင်းကိုလည်း သမ္မတက အလေးအနက်ပြောကြားသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ကုမ္ပဏီအမြောက်အမြားက ဝန်ထမ်းအင်အားလျှော့ချမည့် အစီအစဉ်များကို ကြေညာခဲ့ပြီးနောက်တွင် သမ္မတက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အလုပ်အကိုင် ဆုံးရှုံးမှုသည် ကမ္ဘာတစ်ဝန်းသို့ ဆူနာမီကပ်ဘေးတစ်ခုပမာ ဝင်ရောက်လာခဲ့ရာ တောင်အာဖရိကနိုင်ငံသည်လည်း ယင်းကပ်ဘေးမှ ပြေးမလွတ်ခဲ့ကြောင်း သမ္မတ ရာမာဖိုဆာက ပြောကြားသည်။

ဆင်ဟွာ

# ဂျပန်တောင်ပိုင်းရှိ မြို့တစ်မြို့ကို ဆန်ကာကူကျွန်းစု၏ အမည် ပြောင်းလဲသတ်မှတ်

**တိုကျို ဇွန် ၂၂**

ဂျပန်နိုင်ငံတောင်ပိုင်းခရိုင်ရှိ မြို့တစ်မြို့က ဆန်ကာကူကျွန်းစု၏ အုပ်ချုပ်ရေးအမည်ကိုပြောင်းလဲရန် ဥပဒေတစ်ရပ်ကို အတည်ပြုခဲ့ကြောင်း သိရသည်။ မြို့၏အုပ်ချုပ်မှုအောက်တွင် အဆိုပါကျွန်းစု၏ အမည်ကို ဆန်ကာကူဆိုသောအမည်ပါအောင် ထည့်သွင်းကာ ပထမဆုံးအကြိမ် တရားဝင်အမည်ပြောင်းလဲခေါ်တွင်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့အုပ်ချုပ်ရေးအာဏာပိုင်များက ဆန်ကာကူကျွန်းကို အမည်ပြောင်းရန်ကြိုးပမ်းမှုကြောင့် အဆိုပါကျွန်းစုရှိရာ ရေပိုင်နက်ကို ပိုင်ဆိုင်သည်ဟုဆိုကာ အငြင်းပွားနေကြသည့် နိုင်ငံများအကြား ဝေဖန်မှုများမြင့်တက်လာသည်။ ဇွန် ၂၂ ရက်က အိုကီနာဝါခရိုင်ရှိ အီရှီဂါကီမြို့ အုပ်ချုပ်ရေးအဖွဲ့အစည်းအဝေး၌ ဆန်ကာကူကျွန်းစု၏ လက်ရှိအမည် တိုနိုရှီယိုမှ တိုနိုရှီယိုဆန်ကာကူ ဆိုသောအမည်သို့ လာမည့်အောက်တိုဘာလမှ စတင်ပြောင်းလဲ ခေါ်တွင်ရန် ဥပဒေတစ်ရပ်ကို အတည်ပြုခဲ့ကြောင်း သိရသည်။


အဆိုပါမြို့ရှိ အခြားနေရာများတွင်လည်း တိုနိုရှီယိုအမည်များပါရှိနေသည့်အတွက် အုပ်ချုပ်ရေးလုပ်ငန်းတွင် အမှားအယွင်းမရှိစေရန် လုပ်ဆောင်လိုသည့်အတွက် အမည်ပြောင်းလဲရန်လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# မြောက်ကိုရီးယားအရေးနှင့် ပတ်သက်သည့် သမ္မတထရမ့်၏ သံတမန်ရေးဆောင်ရွက်မှုကို ဂျွန်ဘော်တန် ဝေဖန်

**ဝါရှင်တန် ဇွန် ၂၂**

မြောက်ကိုရီးယားအရေးတွင် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ သံတမန်ရေးဆိုင်ရာ ဆောင်ရွက်မှုအပေါ် အမေရိကန် အမျိုးသားလုံခြုံရေး အကြံပေးဟောင်း ဂျွန်ဘော်တန်က ပြင်းပြင်းထန်ထန် ဝေဖန်လိုက်ကြောင်း သိရသည်။



အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးဟောင်း ဂျွန်ဘော်တန်

ဂျွန်ဘော်တန်က ၎င်းသိရှိရသည့်အတိုင်းဆိုလျှင်သမ္မတထရမ့်သည် မြောက်ကိုရီးယား၏ နျူကလီးယားလက်နက်ဖျက်သိမ်းရေး ကိစ္စရပ်အပါအဝင် မည်သည့်ကိစ္စရပ်ကိုမှ ဖြစ်ဖြစ်မြောက်မြောက် လုပ်ဆောင်ခဲ့ခြင်း မရှိဟု ပြောကြားသည်။ သမ္မတထရမ့်အစိုးရအဖွဲ့နှင့် ပတ်သက်သည့် ၎င်း၏စာအုပ်ကို မထုတ်ဝေမီ အေဘီစီသတင်းထောက်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုအတွင်း ၎င်းက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဂျွန်ဘော်တန်၏ စာအုပ်ကို ဇွန် ၂၃ ရက်တွင် ထုတ်ဝေရန် စီစဉ်ထားကြောင်းသိရသည်။ တွေ့ဆုံမေးမြန်းမှုအတွင်း ဂျွန်ဘော်တန်က ၂၀၁၈ ခုနှစ်တွင် စင်ကာပူ၌ပြုလုပ်ခဲ့သည့် အမေရိကန် - မြောက်ကိုရီးယား ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ရည်ရွယ်ပြောဆိုခဲ့သည်။ သမ္မတထရမ့်အနေဖြင့် ထိပ်သီးအစည်းအဝေးပြီးဆုံးသွားချိန်တွင် သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်အရေအတွက် မည်မျှရှိမည်ဆိုသည်လောက်သာ အာရုံစိုက်သူဖြစ်ကြောင်း ၎င်းက ဝေဖန်ပြောကြားသည်။

အင်န်အိတ်ချ်ကေ

# တရုတ်-လာအို ရထားလမ်းတစ်လျှောက် ဒုတိယအရှည်ဆုံး ဥမင်လိုဏ်ခေါင်း ဖောက်လုပ်ပြီးစီး

**ဗီယန်ကျင်း ဇွန် ၂၂**

တရုတ်-လာအို ရထားလမ်းတစ်လျှောက် ဒုတိယအရှည်ဆုံး ဥမင်လိုဏ်ခေါင်းဖြစ်သည့် Ban Nakok ကို အောင်မြင်စွာ ဖောက်လုပ်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

**ပြတ်ရွေ့ဇုန်လေးခုကို ဖြတ်သန်းဖောက်လုပ်**

အဆိုပါဥမင်လိုဏ်ခေါင်းကို ဇွန် ၂၁ ရက်တွင် ဖောက်လုပ်ပြီးစီးခဲ့ခြင်းဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြသည်။ Ban Nakok ဥမင်လိုဏ်ခေါင်းသည် စုစုပေါင်းအရှည် ၉ဒသမ ၂၉၆ မီတာရှိပြီး ပြတ်ရွေ့ဇုန် လေးခုကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ကာ ဘူမိအနေအထားအရ ရှုပ်ထွေးသည့် ဆောက်လုပ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ထိန်းချုပ်မှုအန္တရာယ်များသည့် ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရသည်။

**ဆန်းသစ်တီထွင်မှုများပြုလုပ်ခဲ့**

ဥမင်လိုဏ်ခေါင်းဆောက်လုပ်မှုကို ၂၀၁၇ ခုနှစ် မေလက လုပ်ငန်းစတင်ခဲ့ပြီး ယင်းအချိန်က ဘူမိအနေအထား ရှုပ်ထွေးသည့်အခြေအနေကြောင့် ဆောက်လုပ်ရေးဆိုင်ရာ အခက်အခဲပြဿနာကို ဖြေရှင်းရန်အတွက် ဆန်းသစ်တီထွင်မှုများပြုလုပ်ခဲ့ပြီးနောက်တွင် အရှေ့တောင်အာရှ မိုးသစ်တော ကျောက်ဥမင်လိုဏ်ခေါင်းဆောက်လုပ်ခြင်း အဓိကနည်းပညာများအပါအဝင် သိပ္ပံသုတေသနရလဒ်အချို့ရရှိခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်စွာ ဆက်လက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ

# ဂျပန်၌ ကန့်သတ်ချက်များဖယ်ရှားလိုက်ပြီးနောက် ပြည်တွင်း၌ ခရီးသွားလာမှုများ ပြန်လည်စတင်

**တိုကျို ဇွန် ၂၂**

ဂျပန်နိုင်ငံအတွင်း အစိုးရက ကပ်ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ဖယ်ရှားလိုက်ပြီးနောက် ပြည်တွင်း၌ ခရီးသွားလာမှုများကို ယခုရက်သတ္တပတ်တွင် ပြန်လည်စတင်လျက်ရှိကြောင်း သိရသည်။

ဟိုတယ်များနှင့် ရှုခင်းသာအပန်းဖြေခရီးသွားလာရေးကုမ္ပဏီများအနေဖြင့် ပျောက်ကွယ်နေသည့် ခရီးသွားများကို ဝမ်းမြောက်ဝမ်းသာ ပြန်လည်မြင်တွေ့ရပြီ ဖြစ်သော်လည်း ရောဂါကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ တင်းတင်းကျပ်ကျပ်ဆောင်ရွက်ထားကြောင်း သိရသည်။

ဂျပန်ပြည်သူအချို့အတွက် ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ အဆုံးသတ်သွားခြင်းသည် လအနည်းငယ်အတွင်း မိမိတို့၏မိသားစုဝင်များနှင့် ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံရသည့် အခွင့်အရေးတစ်ခုပင်ဖြစ်ကြောင်း သိရသည်။

အိမ်တွင်းပုန်း နေထိုင်ကြရသူများအဖြစ်မှ ခရီးသွားသူများအဖြစ်သို့ ပြန်လည်ရောက်ရှိလာသည့်အတွက် ပျော်ရွှင်ရသော်လည်း ခရီးသွားကုမ္ပဏီများအနေဖြင့် ကိုဗစ်-၁၉ ကူးစက်မှုအန္တရာယ်ကို အထူးသတိပြုနေရဆဲဖြစ်သည်။

နေ့ခရီးစဉ် သွားလာမှုများကို ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီတစ်ခုက လုပ်ငန်းပြန်လည်ပတ်သည့် ပထမနေ့တွင် ခရီးစဉ်အမျိုးမျိုးအတွက် ခရီးသည် ၁၄၀ကို ကြိုတင်လက်ခံခဲ့ပြီး ခရီးသည်တင်ဘတ်စ်ကားများအားလုံးကို ပိုးသတ်ခြင်းနှင့် လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ပေးကြောင်း၊ ခရီးသည် တစ်ဦးနှင့်တစ်ဦးအကြား နေရာချဲထားခြင်းတို့ကို ကျန်းမာရေးစည်းကမ်းနှင့်အညီ ဆောင်ရွက်ခဲ့ရကြောင်း ပြောကြားသည်။

အင်န်အိတ်ချ်ကေ



ခရီးသွားကုမ္ပဏီဝန်ထမ်းတစ်ဦးက ဘတ်စ်ကားပေါ်တွင် လေကောင်းလေသန့်ရစေရန် ပြင်ဆင်နေစဉ်။

# ကိုဗစ်- ၁၉ကြောင့် အိန္ဒိယအမျိုးသမီးတွေ သေဆုံးမှုနှုန်း ပိုမြင့်နေရခြင်း အကြောင်းရင်း

• • • • *ကလျာမိုးမြင့်* • • • •

**ကမ္ဘာတစ်ဝန်းမှာ ကိုဗစ်-၁၉ကြောင့် အသက်ဆုံးရှုံးရသူတွေဟာ များသောအားဖြင့် အမျိုးသားတွေဖြစ်ကြတယ်လို့ အချက်အလက်တွေမှာ ဖော်ပြထားတာကို သတိပြုမိပါတယ်။ အီတလီ၊ တရုတ်နဲ့အမေရိကန်ပြည်ထောင်စုတို့မှာ ရောဂါကူးစက်ခံရမှု အဖြစ်အများဆုံးက အမျိုးသားတွေဖြစ်နေပြီး သေဆုံးမှုပမာဏအများဆုံးကလည်း အမျိုးသားတွေပါပဲ။**



အပူချိန်တိုင်းတာစစ်ဆေးမှုခံယူနေသည့် အိန္ဒိယအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

### အခြေအနေမတူတဲ့အိန္ဒိယ

ဂျွန်ဟော့ကင်းဘလွန်းဘာ့ဂ် ပြည်သူ့ကျန်းမာရေးကျောင်းမှာ ကူးစက်ရောဂါတွေနဲ့ ပတ်သက်ပြီး လိင်ကွဲပြားခြားနားမှုတွေကို လေ့လာနေတဲ့ ဆေးပညာရှင် ဆာဘရာ ကလီအင်က အသက်ကြီး ပုဂ္ဂိုလ်ဖြစ်နေခြင်းထက် အမျိုးသားတစ်ဦးဖြစ်နေခြင်းက ကိုဗစ်-၁၉ ကူးစက်ခံရနိုင်တဲ့ အန္တရာယ်ပိုပြီးများတယ်လို့ ပြောပါတယ်။ ဒါပေမယ့် အထက်မှာ ဖော်ပြထားတဲ့အခြေအနေတွေဟာ အိန္ဒိယနိုင်ငံအတွက်ကျတော့ ပြောင်းပြန်ဖြစ်နေပါတယ်။

အိန္ဒိယနိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုက ဆေးပညာရှင်တစ်စုရဲ့ သုတေသနအသစ်တစ်ရပ်မှာ ဖော်ပြနေတာက အိန္ဒိယနိုင်ငံမှာ ကိုဗစ်- ၁၉ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းအများဆုံးဟာ အမျိုးသားတွေ ဖြစ်သော်ငြားလည်းပဲ ရောဂါကြောင့် အသက်ဆုံးရှုံးရတဲ့ အရေအတွက်အများဆုံးဟာ အမျိုးသမီးတွေ ဖြစ်နေတယ်ဆိုတာပါပဲ။

### အမျိုးသမီးတွေပိုများ

မေ ၂၀ ရက်မတိုင်ခင် အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးရမှုတွေအပေါ် အခြေခံတဲ့ အဲဒီလေ့လာမှုက အိန္ဒိယနိုင်ငံမှာ ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရတဲ့ အမျိုးသမီးတွေအားလုံးရဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်းလောက်အထိ သေဆုံးခဲ့ရတယ်လို့ ကနဦး ခန့်မှန်းတွက်ချက်မှုတွေကို ဖော်ပြခဲ့ပါတယ်။ အဲဒီလေ့လာမှုကို ဆောင်ရွက်ခဲ့ချိန်က အိန္ဒိယနိုင်ငံမှာ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၁၁၀၀၀၀ နဲ့ သေဆုံးသူ အရေအတွက် ၃၄၃၃ ဦးရှိပြီး အမျိုးသမီးတွေ သေဆုံးမှု ၃ ဒသမ ၁ ရာခိုင်နှုန်း ဖြစ်ပါတယ်။

အသက် ၄၀ နဲ့ ၄၉ ကြား အသက်အုပ်စုထဲမှာ ရောဂါကူးစက်ခံရတဲ့ အမျိုးသမီးတွေရဲ့ ၃ ဒသမ ၂ ရာခိုင်နှုန်း သေဆုံးရပြီး အမျိုးသားတွေ သေဆုံးမှုကတော့ ၂ ဒသမ ၁ ရာခိုင်နှုန်းဖြစ်တယ်လို့ သိရပါတယ်။ အသက် ၅ နှစ်ကနေ ၁၉ နှစ်အထိ အသက်အုပ်စုအတွင်း သေဆုံးတဲ့သူတွေကို ကြည့်လိုက်ရင်လည်း မိန်းကလေးတွေချည်းပဲ ဖြစ်နေတာကို တွေ့ရပါတယ်။

### ဇီဝဆိုင်ရာ အကျိုးအကြောင်းဆက်စပ်မှုတွေရှိ

ဟားဗတ်တက္ကသိုလ်က လူထုကျန်းမာရေးဆိုင်ရာ ပါမောက္ခ အက်စ်ဗီဆပ်ဘရာမာနီယန်က ဒီကိစ္စနဲ့ ပတ်သက်ပြီး ခြုံငုံသုံးသပ်ရမယ်ဆိုရင် အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ခံလိုက်ရပြီဆိုတာနဲ့ အဲဒီအမျိုးသမီးတွေဟာ သတ်သတ်မှတ်မှတ် ရှင်သန်ရပ်တည်နိုင်တဲ့ အားသာချက်တွေ သိပ်ပြီးရှိပုံမပေါ်ဘူးလို့ ဆိုပါတယ်။

ကိုဗစ်-၁၉ ကြောင့် အိန္ဒိယမှာ အမျိုးသားတွေ သေဆုံးမှုထက် အမျိုးသမီးတွေ သေဆုံးမှုနှုန်း ပိုများနေရတာဟာ ဇီဝဆိုင်ရာ အကြောင်းတရားတွေနဲ့ အကျိုးအကြောင်းဆက်စပ်မှု တစ်ခုခုရှိနေနိုင်သလို လူမှုဘဝဆိုင်ရာ အကြောင်းတရားတွေနဲ့လည်း ပတ်သက်ဆက်နွှယ်နေနိုင်တယ်။ ဒါကို ရှင်းရှင်းလင်းလင်း မသိနိုင်သေးဘူး။ အိန္ဒိယနိုင်ငံရဲ့ နောက်ခံအကြောင်းတရားများစွာထဲမှာ ယောကျ်ားဖြစ်ခြင်း၊ မိန်းမဖြစ်ခြင်းဆိုတဲ့ လိင်ဖြစ်တည်မှုကလည်း အဓိကအကြောင်းတစ်ခုဖြစ်နိုင်တယ်လို့ ၎င်းကဝေဖန်သုံးသပ်ခဲ့ပါတယ်။

### ခုခံအားစနစ်ပိုမိုခိုင်မာ

ဒါပေမယ့် အမျိုးသားတွေဟာ ကျန်းမာရေးဆိုင်ရာ ပြဿနာတွေ ဥပမာ -နှလုံးသွေးကြောဆိုင်ရာ ရောဂါတွေနဲ့ သွေးတိုးရောဂါတွေမှာလည်း ပိုမိုအဖြစ်များတတ်ကြတယ်လို့ ကျွမ်းကျင်သူတစ်ဦးက ထောက်ပြပါတယ်။ ကမ္ဘာ့နိုင်ငံအများအပြားမှာ အမျိုးသားတွေက ပိုပြီး ဆေးလိပ်သောက်သုံးကြတယ်။ ပြီးတော့ အမျိုးသားတွေဟာ အမျိုးသမီးတွေလောက် လက်မဆေးကြဘူးလို့လည်း လေ့လာမှုတွေမှာ ဖော်ပြပါတယ်။

ဆေးပညာရှင်တွေ ထင်မြင်ယူဆထားကြတဲ့ နောက်တစ်ချက်က အမျိုးသမီးတွေဟာ ခုခံအားစနစ်ပိုမိုခိုင်မာတဲ့အတွက် ရောဂါကူးစက်မှုကြောင့် သေဆုံးမှုနှုန်း ပိုနည်းတယ်ဆိုတဲ့အချက်ပါ။ ပြီးတော့ အမျိုးသမီးတွေမှာ ရှိတဲ့ အီစထရိုဂျင်လိုဟော်မုန်းက အသက်ရှုလမ်းကြောင်းတွေကို အကျိုးပြုပြီး အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတွေကို တိုက်ထုတ်နိုင်တဲ့ ခုခံအားစနစ်ကို လှုံ့ဆော်ပေးတဲ့ ဆက်စပ်မှုရှိတယ်လို့လည်း ဆိုကြပါတယ်။ ဒီအချက်တွေနဲ့ ချိန်ထိုးကြည့်လိုက်တဲ့အခါ ကိုဗစ်- ၁၉ကြောင့် အိန္ဒိယနိုင်ငံမှာ အမျိုးသားတွေထက် အမျိုးသမီးတွေ ပိုမိုသေဆုံးနေရတာဟာ အဆန်းတကြယ် ဖြစ်သွားတယ်လို့ ၎င်းက ပြောကြားခဲ့ပါတယ်။

**“ အမျိုးသမီးတွေဟာ ခုခံအားစနစ် ပိုမိုခိုင်မာတဲ့အတွက် ရောဂါကူးစက်မှုကြောင့် သေဆုံးမှုနှုန်း ပိုနည်းတယ်ဆိုတဲ့အချက်ပါ။ ပြီးတော့ အမျိုးသမီးတွေမှာရှိတဲ့ အီစထရိုဂျင်လို ဟော်မုန်းက အသက်ရှုလမ်းကြောင်းတွေကို အကျိုးပြုပြီး အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါတွေကို တိုက်ထုတ်နိုင်တဲ့ ခုခံအားစနစ်ကို လှုံ့ဆော်ပေးတဲ့ ဆက်စပ်မှုရှိတယ်လို့လည်း ဆိုကြပါတယ်။ ဒီအချက်တွေနဲ့ ချိန်ထိုးကြည့်လိုက်တဲ့အခါ ကိုဗစ်- ၁၉ ကြောင့် အိန္ဒိယနိုင်ငံမှာ အမျိုးသားတွေထက် အမျိုးသမီးတွေ ပိုမိုသေဆုံးနေရတာဟာ အဆန်းတကြယ်ဖြစ်သွား”**

### ဆေးခန်းပြလေ့သိပ်မရှိ

ဒီတော့ မျက်စိနဲ့ မြင်ရတာတွေထက်ပိုပြီး ပဟေဠိဆန်တဲ့အခြေအနေတွေ အိန္ဒိယနိုင်ငံမှာ ရှိတယ်လို့ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုတွေကို လေ့လာနေတဲ့ ပရော်ဖက်ဆာ မတ်စူရီတာက ဆိုပါတယ်။ ၎င်းကိုယ်တိုင်လည်း ဒီကိစ္စကို အတော်လေး စိတ်ဝင်စားနေပါတယ်။

အိန္ဒိယနိုင်ငံမှာ အမျိုးသမီးတွေက အမျိုးသားတွေထက် အသက်ပိုရှည်ကြပြီး အသက်ပိုကြီးတဲ့သူ အရေအတွက်ကလည်း အမျိုးသမီးတွေက ပိုများပါတယ်။ အသက်ပိုကြီးတဲ့သူတွေက ငယ်တဲ့သူတွေထက် ရောဂါတွေကိုပိုပြီး ခံနိုင်ရည်မရှိတဲ့အတွက် ဒီအချက်က ရောဂါကူးစက်ခံရတဲ့ အမျိုးသမီးတွေ ပိုမိုသေဆုံးရတဲ့ အကြောင်းတစ်ခု ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

နောက်ပြီးတော့ အိန္ဒိယအမျိုးသမီးတွေဟာ တော်ရုံဖျားတာနာတာလောက်နဲ့ ဆရာဝန်ဆီ သွားလေ့မရှိကြဘူး။ ဆေးခန်းပြဖို့ တွန့်ဆုတ်နေကြပြီး အိမ်မှာပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် ကုသကြတာ များတယ်။ ပြီးတော့ အိမ်ထောင်စုတစ်ခုမှာ အမျိုးသမီးတစ်ဦးရဲ့ ကျန်းမာရေးကိစ္စကို သိပ်ပြီးအလေးထားကြဟန် မရှိဘူး။ ဒါကြောင့်ပဲ အမျိုးသမီးတွေဟာ ရောဂါပိုးစစ်ဆေးမှုနဲ့ ကုသမှုတွေ လုပ်ဆောင်တဲ့အခါ နောက်ကျပြီးမှ ရောက်လာကြတာကို တွေ့ရတယ်လို့ ၎င်းက ပြောပါတယ်။

### လူမှုဘဝကို ထင်ဟပ်ဖော်ပြနေ

မိသားစုကို ဂရုစိုက်စောင့်ရှောက်မှုပေးရတဲ့ အိမ်ရှင်မတွေဟာ ကူးစက်ရောဂါတွေပိုပြီး ဝင်ရောက်ခံရနိုင်တဲ့ သူတွေပါ။ ၁၉၁၈ ခုနှစ်က စပိန်တုပ်ကွေးအဖျားရောဂါ ကူးစက်ဖြစ်ပွားမှုကြောင့် အိန္ဒိယနိုင်ငံက အမျိုးသမီးတွေကို ပိုမိုသေဆုံးစေခဲ့ပါတယ်။ အာဟာရမပြည့်ဝမှု၊ ကျန်းမာရေးနဲ့ မညီညွတ်မှု၊ တစ်ကိုယ်ရေသန့်ရှင်းရေးအားနည်းမှု၊ အသက်ရှုလမ်းကြောင်းဆိုင်ရာ အင်္ဂါတွေရောင်ရမ်းမှုနဲ့ ဖျားနာတဲ့ လူနာတွေကို ဂရုစိုက်စောင့်ရှောက်ရမှုတွေကြောင့် အမျိုးသမီးတွေ သေဆုံးမှု အမျိုးသားတွေထက် ပိုများခဲ့ပါတယ်။

လက်ရှိဖြစ်နေတဲ့ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုမှာလည်း တခြားနိုင်ငံတွေနဲ့ ကွဲလွဲစွာ အမျိုးသားတွေထက် အမျိုးသမီးတွေ သေဆုံးမှုနှုန်း ပိုမြင့်နေရခြင်းက အိန္ဒိယအမျိုးသမီးတွေရဲ့ လူမှုဘဝအခြေအနေကို တစ်နည်း တစ်ဖုံထင်ဟပ်ပြသနေသယောင် ရှိတယ်လို့ တွေးဆမိပါတယ်။ ။

**ကိုးကား - အေပီ၊ ဘီဘီစီ**

## နိုင်ငံတကာသတင်းတိုထွာ

### အာဖဂန်၌ဖြစ်ပွားနေသည့် တိုက်ပွဲများရပ်တန့်ရန် ကုလသမဂ္ဂတောင်းဆို

**ဂျီနီဗာ ဇွန် ၂၂**

အာဖဂန်၌ အစိုးရတပ်ဖွဲ့များနှင့် တာလီဘန် စစ်သွေးကြွများအကြား တိုက်ခိုက်နေမှုများကို ချက်ချင်းရပ်တန့်ရန် ကုလသမဂ္ဂအဖွဲ့ကြီးက တိုက်တွန်းတောင်းဆိုလိုက်ကြောင်း သိရသည်။

အာဖဂန်ရှိကုလသမဂ္ဂ အထောက်အကူပြုမစ်ရှင်အဖွဲ့က ဇွန် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာ၌ စစ်မက်ဖြစ်ပွားမှုများ ရပ်တန့်ရန် မေတ္တာရပ်ခံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တိုက်ပွဲများကြောင့် ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ကျန်းမာရေးဝန်ထမ်းများ၏ လုံခြုံရေးအခြေအနေ ပိုမိုထိခိုက်လာလျက်ရှိကြောင်း ကုလသမဂ္ဂက သတိပေးခဲ့သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလက အမေရိကန်ပြည်ထောင်စုနှင့် တာလီဘန်အုပ်စုတို့ ငြိမ်းချမ်းရေးသဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့်တိုင် နှစ်ဖက်တိုက်ခိုက်ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေသည့်အတွက် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ရကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

### ဖိလစ်ပိုင်အလယ်ပိုင်းရှိ မီးတောင်မငြိမ်သက်မှုကို ကျွမ်းကျင်သူများသတိပေး

**မနီလာ ဇွန် ၂၂**

ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်း နီဂရိုစ်အိုစီဒန်တယ်လ်ပြည်နယ်ရှိ သက်ဝင်လှုပ်ရှားနေဆဲ မီးတောင်တစ်ခုဖြစ်သည့် ကန်လုံမီးတောင်၌ တုန်ခါမှုအကြိမ်ပေါင်း ၁၃၀ ခန့် ဖြစ်ပေါ်ခဲ့သည်ကို ဇွန် ၂၁ ရက်က မှတ်တမ်းတင်ခဲ့ပြီးနောက် မီးတောင်နှင့် ငလျင်ဖြစ်ပွားမှုဆိုင်ရာ ဖိလစ်ပိုင်အင်စတီကျူက အဆိုပါ မီးတောင်ကို မျက်ခြည်မပြတ် သတိထားစောင့်ကြည့်နေကြောင်း ပြောကြားခဲ့သည်။

ကန်လုံမီးတောင် သတိပေးချက်ကို အဆင့်-၁ တွင် ထားရှိကြောင်း အဆိုပါအင်စတီကျူက ဖော်ပြချက်တစ်စောင် ထုတ်ပြန်ခဲ့ပြီး မီးတောင်သည် ပုံမှန်မဟုတ်ဘဲ တည်ငြိမ်မှုမရှိသည့် အခြေအနေတစ်ခုသို့ ရောက်ရှိလာကြောင်း ဖော်ပြထားသည်။

မီးတောင်ဝမှ အချင်း ၄ ကီလိုမီတာအတွင်းသို့ သွားရောက်ခြင်းမပြုရန် ဒေသအစိုးရက ပြည်သူလူထုကို ပြင်းပြင်းထန်ထန်သတိပေးထားသည်။ အဆိုပါ ဧရိယာ၌ ချော်ရည်စီးဆင်းမှုနှင့် ရုတ်တရက်ပေါက်ကွဲမှုများ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေကြောင့် ယင်းနေရာကိုအန္တရာယ်ရှိဇုန်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၂-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ**

၁။ (၂၁-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၅၆၆) ခု၊
- ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၉၅) ခု၊ စုစုပေါင်းဓာတ်ခွဲနမူနာ (၇၆၁) ခုတို့တွင် -
  - COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၂။ သို့ဖြစ်ရာ (၂၁-၆-၂၀၂၀) ရက်နေ့အတွက် COVID-19ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၃၃၀) ခု၊
- ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၂၄၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၉၅)ခု၊

  စုစုပေါင်း (၁၅၇၀)ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦးတွေ့ရှိကြောင်းကို (၂၁-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

၃။ (၂၂-၆-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာ (၂၉၀)ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**

**(၂၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၂၁-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၅၆၆) ခု |
| (၂၁-၆-၂၀၂၀) ရက်နေ့အတွက် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာစုစုပေါင်း | (၁၉၅) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၂-၆-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ(၃၇၂)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၉၉) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁,၀၀၀)မှ ဓာတ်ခွဲနမူနာ (၂၅၂)ခု၊

  စုစုပေါင်း (၈၂၃) ခုအား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၂၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၉၀) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၂၀၀) ဦးရှိပြီး ၎င်းတို့အနက် (၁၈၆) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၁-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၂-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၃) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၂-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၃၇၂) ခု |
| (၂၂-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၉၉) ခု |
| (၂၂-၆-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့ အမှတ်(၁)တပ်မတော်ဆေးရုံကြီး ( ခုတင် ၁,၀၀၀)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၅၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၂၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၉၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၂၀၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## ကိုဗစ်-၁၉ ကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား ထောက်ပံ့ချီးမြှင့်

**သာစည် ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကြက်ခြေနီအသင်းခွဲအား မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ထောက်ပံ့ပေးသောရန်ပုံငွေကျပ် ငါးသိန်းကို မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော ကြက်ခြေနီစေတနာ့လုပ်အားရှင်များအား ဇွန် ၂၂ ရက်က မြို့နယ်ကြက်ခြေနီအသင်းခွဲရုံး၌ ထောက်ပံ့ချီးမြှင့်သည်။

ထောက်ပံ့ချီးမြှင့်ခြင်းအစီအစဉ်တွင် ထောက်ပံ့ချီးမြှင့်ရန် ရွေးချယ်ထားသော မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင် သုံးဦး၊ မြို့ပေါ်နှင့် ကျေးရွာများ မှ စေတနာ့လုပ်အားရှင် ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၇ ဦးတို့အား တာဝန်ရှိသူများက ဝတ်စုံများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။ သာစည်မြို့နယ် ကြက်ခြေနီအသင်းခွဲသည် မြို့နယ်အတွင်း အသွားအလာကန့်သတ်စောင့်ကြည့်နေရာများ၊ မြို့အဝင်ဂိတ်များအား ပိုးသတ်ဆေးဖျန်းခြင်းနှင့် မြို့နယ်အတွင်း ကိုဗစ်-၁၉ ကာကွယ်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ခြင်းအစီအစဉ်သို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းမောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးဟန်ခင်နှင့် ကော်မတီဝင်များ၊ ထောက်ပံ့ချီးမြှင့်ရန် ရွေးချယ်ထားသော မြို့ပေါ်နှင့် ကျေးရွာများမှ စေတနာ့လုပ်အားရှင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ထွန်းထွန်း(သာစည်)**



# မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း New Normal ခြေလှမ်း (Travel Bubble)

**— စည်သူကျော် —**

**ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားလာမှုနှင့်အတူ လူမှုနယ်ပယ်တွင် အသုံးနည်းသော ဝေါဟာရများ တွင်ကျယ်လာသည်ကို တွေ့ရသည်။ ဥပမာ– New Normal, Lockdown စသည်ဖြင့်။ ကျွန်တော့်သမီး ၁၁ နှစ်အရွယ်တောင် ကွာရန်တင်း (Quarantine) ဆိုသော ဝေါဟာရကို ကောင်းကောင်းသိနားလည်နေလေပြီ။**

ကျွန်တော်တို့ငယ်ငယ်ကဆိုလျှင် ဤစကားလုံးကို ကြားပင်မကြားဖူးပေ။ ပြောင်းလဲလာသော ခေတ်နှင့် အဖြစ်အပျက်များကား ကလေးငယ်များကို ဝေါဟာရနှင့် အတွေ့အကြုံသစ်များကို သင်ယူစေသည်ပင်။ အပြောင်းအလဲကား ကလေးသူငယ်၊ လူငယ်လူရွယ်များကိုသာ သင်ယူစေသည်လားဆိုတော့ မဟုတ်ပါ။ ကျွန်တော်တို့ လူကြီးပိုင်းပင် ယခုမှ ကြားဖူးသော နားလည်ရသော ဝေါဟာရများကို လိုက်လံမှတ်သားလေ့လာရသည်သာ။ ယင်းဝေါဟာရများအနက် မိမိစိတ်ဝင်စားမိသော ဝေါဟာရတစ်ခုမှာ Travel Bubble ဟူ၍။

### ကိုဗစ်အလွန် ခရီးသွားကဏ္ဍ

ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားဖြစ်ပေါ်မှုကြောင့် ကမ္ဘာတစ်ဝန်းလုံးရှိ လုပ်ငန်းကဏ္ဍအသီးသီးတို့ ယိုင်နဲ့ ပြိုလဲကုန်ကြရာ ခရီးသွားလုပ်ငန်းမှာ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ ကူးစက်ပြန့်ပွားလွယ်သော ရောဂါဖြစ်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ပြည်တွင်းပြည်ပ ခရီးသွားလာခြင်းကို ကန့်သတ်ရပ်ဆိုင်းခဲ့ရသည်။ "သင့်အိမ်တွင် သင်နေခြင်းဖြင့် သင်၊ သင့်မိသားစုနှင့် လူ့အသိုက်အဝန်းကို ကာကွယ်ပါ။" ဆိုသော စကားရပ်ကဲ့သို့ပင်။ လေကြောင်းလိုင်းများ၊ မော်တော်ယာဉ်လိုင်းများ ရပ်ဆိုင်းခဲ့ရသည်။ ဟိုတယ်များ၊ စားသောက်ဆိုင်များပိတ်ထားခဲ့ရသည်။ အပန်းဖြေလည်ပတ်ရန်နေရာများကို ပိတ်ပင်ခဲ့ရသည်။ နယ်စပ်ဝင်ပေါက်များမှ ဝင်ရောက်လည်ပတ်ခြင်းကိုလည်း တားမြစ်ထိန်းချုပ်ခဲ့ရပြန်သည်။ ဆိုးရွားလှပါဘိ။

ယခုအခါ ရောဂါပြန့်ပွားမှုအနေအထားကို နားလည်ထိန်းချုပ်နိုင်ပြီဟု သုံးသပ်သောအချိန်တွင် တားမြစ်ကန့်သတ်မှုများကို အဆင့်လိုက် ဖြေလျှော့မှုများပြုလုပ်လာနေပြီဖြစ်သည်။ ယင်းတွင် ခရီးသွားလာရေးသည် မဖြစ်မနေထည့်သွင်းစဉ်းစားရသည့် ကိစ္စရပ်ဖြစ်သည်။ ယနေ့ ကမ္ဘာတွင် ခရီးသွားလုပ်ငန်းသည် နိုင်ငံ့စီးပွားရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အပံ့ပေးနေသည့် လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ခရီးသွားလုပ်ငန်းကို အားကိုးအားထားပြုကြသည်။ သို့အတွက် ကျွမ်းကျင်သူများ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများက ဘေးအန္တရာယ်ကင်းရှင်းစွာ ခရီးသွားလာရေးကို မည်သို့ပြန်လည်ဖော်ဆောင်မည်ကို ကြိုးပမ်းဆောင်ရွက်နေကြသည်။

### Travel Bubble ဟူသော ဝေါဟာရ

သို့ဖြစ်ရာ Travel Bubble ဟူသော ဝေါဟာရသည် ကိုဗစ်-၁၉ နှင့်ဆက်နွှယ်၍ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ပေါ်ပေါက်လာသည်။ တကယ်တမ်းတွင်မတော့ Travel Bubble သည် Social Bubble ဟူသော ဝေါဟာရမှ ဆင့်ပွားဖြန့်ထွက်လာသော စကားလုံးဖြစ်သည်။ Social Bubble ဆိုသည်မှာ အခြားလူမှုအဖွဲ့အစည်း၏ ဘေးအန္တရာယ်၊ ပယောဂများ ကူးစက် ပြန့်ပွားခြင်းမခံရစေရန် သီးခြားဖွဲ့စည်းနေထိုင်သည့် လူမှုအဖွဲ့အစည်းငယ်လေး ဖြစ်သည်။ အင်္ဂလိပ်ဘာသာ Bubble ၏အဓိပ္ပာယ်တစ်ခုမှာ ပူဖောင်းဟူ၍ဖြစ်သည်။ တစ်နည်းဆိုသော် သီးခြားအဝန်း အဝိုင်းငယ်လေးတစ်ခု ဖြစ်သည်။

Travel Bubble သည်လည်း အလားတူပင် အခြားသော နိုင်ငံများနှင့် ကူးလူးယှက်သွယ်ခြင်းမရှိစေဘဲ သဘောတူညီမှုပြုလုပ်ထားသောနိုင်ငံမှ ဧည့်သည်များကိုသာ မိမိနိုင်ငံသို့ ဝင်ရောက်လည်ပတ်စေခြင်းဖြစ်သည်။ ယင်းတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါအတွက် သီးခြားခွဲခြားနေထိုင်ခြင်းနှင့် အချို့သော ကန့်သတ်ချက်များဖြေလျှော့ထားသည်။ တစ်နည်းအားဖြင့် Travel Bubble ပြုလုပ်ထားသော နိုင်ငံများအကြား လွတ်လပ်စွာကူးသန်းသွားလာလည်ပတ်နိုင်သည်ဟူလို။

သို့သော် Travel Bubble ဖော်ဆောင်ရာတွင် မိတ်ဖက်တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား ယုံကြည်စိတ်ချရမှုရှိရန် အရေးကြီးသည်။ အလားတူ Travel Bubble ဖော်ဆောင်မည့် မိတ်ဖက်နိုင်ငံ၏ ကိုဗစ်-၁၉ ကူးစက်ရောဂါအပေါ် ကာကွယ်ထိန်းချုပ်နိုင်သည့် စွမ်းဆောင်ရည်ကိုလည်း အလေးဂရုပြု ဆန်းစစ်ရသည်။ ဥပမာအားဖြင့် ခရီးသွားမိတ်ဖက်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုကာလအတွင်း ရောဂါပိုးကို ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးပေးနိုင်ခြင်း၊ ရောဂါဖြစ်ပွားမှုလမ်းကြောင်းကို ခြေရာခံနိုင်ခြင်း၊ ထိရောက်သော ရောဂါထိန်းချုပ်ကန့်သတ်မှုများ ပြုလုပ်နိုင်ခြင်းတို့ဖြစ်ပါသည်။

> **"ကမ္ဘာ့နိုင်ငံအသီးသီး၏ ကိုဗစ်-၁၉ အလွန်ကာလ ခရီးသွားလုပ်ငန်းပြန်လည်စတင်မှုတွင် Travel Bubble ဖော်ဆောင်မှုသည် အလားအလာရှိသော စမ်းသပ်မှုတစ်ခု ဖြစ်လာသည်။ သေးငယ်သော Bubble မှသည် ပိုမိုကြီးမားသော Bubble သို့ ချဲ့ထွင်ဆောင်ရွက်ရန်မှာ အားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် Travel Bubble ကို ဖော်ဆောင်ရန် ရည်မှန်းလျက်ရှိ"**

### Travel Bubble ဖော်ဆောင်သင့်သောအချိန်

ပညာရှင်များ၏ သုံးသပ်ချက်အရ Travel Bubble ဖော်ဆောင်သင့်သောအချိန်သည် နှစ်နိုင်ငံလုံးတွင် ကိုဗစ်-၁၉ အသစ် ထပ်မံမတွေ့ရှိတော့သည့် အချိန်ဖြစ်သည်။ ဥပမာအားဖြင့် ဩစတြေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် Travel Bubble ကိုဖော်ဆောင်ရန် စိုင်းပြင်းနေသည့် နိုင်ငံနှစ်နိုင်ငံဖြစ်သည်။ အဆိုပါနှစ်နိုင်ငံသည် ကိုဗစ်-၁၉ ကို ကောင်းစွာထိန်းချုပ်နိုင်ခဲ့သည်။ ယခုအခါ ယင်းနှစ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုသည် မရှိသလောက်နည်းပါးသွားပြီဖြစ်သည်။ သို့အတွက် ၎င်းနှစ်နိုင်ငံအတွက် အရေးပါသော အပြန်အလှန် ခရီးသွားလာမှုကို ပြန်လည်စတင်ရန်အတွက် ၂၀၂၀ ပြည့်နှစ် ဧပြီလကပင် နှစ်နိုင်ငံအကြား Travel Bubble ကိုဖော်ဆောင်ရန် ကြေညာခဲ့သည်။

Travel Bubble သည် ခရီးသွားလုပ်ငန်းကို အမှီသဟဲပြုနေသောနိုင်ငံများအတွက် ကိုဗစ်-၁၉ အလွန်ကာလတွင် ခရီးသွားလုပ်ငန်းကို ပြန်လည်စတင်ရန်အတွက် အရေးပါသော လမ်းစတစ်ခုဖြစ်သည်။ နယူးဇီလန်နိုင်ငံသည် ဩစတြေးလျနိုင်ငံနှင့် အရေးပါသော Travel Bubble ကို ဖော်ဆောင်အောင်မြင်ပါက ကိုဗစ်-၁၉ ကို အောင်မြင်စွာ ကိုင်တွယ်နိုင်သည့် အခြားသောနိုင်ငံများနှင့် Travel Bubble ကို တိုးချဲ့ဆောင်ရွက်သွားဖွယ်ရှိသည်။ ကိုဗစ်-၁၉ ကူးစက်မှုပြင်းထန်ခဲ့သည့် ဥရောပတွင် လတ်ဗီယား၊ လစ်သူရေးနီးယားနှင့် အက်စ်တိုးနီးယားနိုင်ငံတို့သည် ဥရောပ၏ ပထမဆုံး Travel Bubble ကိုဖော်ဆောင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။

### မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှု

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်အလွန်ကာလတွင် ခရီးသွားလုပ်ငန်းအလျင်အမြန် ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရှိနေရသည်။ ဝန်ကြီးဌာနသည် အဓိကမဟာဗျူဟာ ၃ ရပ်ပါဝင်သော ကိုဗစ်-၁၉ ဆိုင်ရာ ခရီးသွားလုပ်ငန်းကုစားမှု အစီအစဉ်ကို ချပြခဲ့ပြီးနောက် Tourism National Guidelines for COVID–19 Safe Services ကို ထုတ်ပြန်ပေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအနေဖြင့် Travel Bubble ကို ဖော်ဆောင်ရန်လိုအပ်ကြောင်း ၎င်း၏ ခရီးသွားလုပ်ငန်းကုစားမှုအစီအစဉ်တွင် ထည့်သွင်းထားသည်။ သို့သော် stakeholder အများအပြားပါဝင်၍ ကွဲပြားသော လုပ်ငန်းစဉ်များစွာ ပါဝင်နေသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းတွင် Travel Bubble ကို မည်သို့အကောင်အထည်ဖော်မည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဝန်ကြီးဌာနအသီးသီး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုက အရေးကြီးသလို ပုဂ္ဂလိကကဏ္ဍ၏အခန်းကဏ္ဍကလည်း အရေးပါသည်သာ။

ကမ္ဘာ့နိုင်ငံအသီးသီး၏ ကိုဗစ်-၁၉ အလွန်ကာလ ခရီးသွားလုပ်ငန်းပြန်လည်စတင်မှုတွင် Travel Bubble ဖော်ဆောင်မှုသည် အလားအလာရှိသော စမ်းသပ်မှုတစ်ခု ဖြစ်လာသည်။ သေးငယ်သော Bubble မှသည် ပိုမို ကြီးမားသော Bubble သို့ ချဲ့ထွင်ဆောင်ရွက်ရန်မှာ အားလုံး၏ ဘုံရည်မှန်းချက်ဖြစ်သည်။ မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် Travel Bubble ကိုဖော်ဆောင်ရန် ရည်မှန်းလျက်ရှိသည်။ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း New Normal ခြေလှမ်းအတွက် Travel Bubble သည် အရုဏ်ဆည်းဆာပေလော။ ။

## မြဝတီချစ်ကြည်ရေးအမှတ် (၂) တံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၈၀၀ ကျော် ဆက်လက်ဝင်ရောက်

**မြဝတီ ဇွန် ၂၂**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၈၄၈ ဦး မြဝတီ အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဇွန် ၂၂ ရက်က ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဝင်ရောက်လာသူများသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ ခွင့်ပြုချက်ရယူကာ ထိုင်းနိုင်ငံဒေသအသီးသီးမှ ၎င်းတို့၏ အစီအစဉ်ဖြင့် ပြန်လည်ဝင်ရောက်သူများဖြစ်ပြီး ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်က စတင်ကာ ဇွန် ၂၂ ရက်ထိ စုစုပေါင်း ၃၂၈၆၈ ဦးအထိ ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ဇွန် ၂၂ ရက်က ပြန်လည်ဝင်ရောက်သူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၅၁၃ ဦး၊ အမျိုးသမီး ၃၃၅ ဦး စုစုပေါင်း ၈၄၈ ဦးဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင် (ပြန်/ဆက်)**

## မြိုင်ကြီးငူတိုက်ပွဲရှောင်စခန်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်နှစ်အောက်ကလေးငယ်များအား ကိုဗစ်-၁၉ ကာလ အပိုထပ်ဆောင်းထောက်ပံ့ကြေး ပေးအပ်

**ရှမ်းရွာသစ် ဇွန် ၂၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားနေသည့်ကာလ ထပ်ဆောင်းထောက်ပံ့ငွေများ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးငယ်များအား ထောက်ပံ့ခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက မြိုင်ကြီးငူအထူးဒေသ အေးလင်းမြတ်ရှင် တိုက်ပွဲရှောင်စခန်း၌ လက်ဝယ်အရောက် ထောက်ပံ့ပေးသည်။

အဆိုပါထောက်ပံ့ငွေများပေးအပ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်နှင့် တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင် ၂၃ ဦး၊ အသက်နှစ်နှစ်အောက်ကလေး ၁၀၉ ဦး စုစုပေါင်း ၁၃၂ ဦးတို့အတွက် တစ်ဦးလျှင် အပိုဆောင်းထောက်ပံ့ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၉၆၀၀၀၀ ကို လက်ဝယ်ရောက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး ကျန်ရှိနေသည့် ကျေးရွာအုပ်စုများကိုလည်း ရပ်/ကျေးစာရေးများနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက်လိုက်လံပေးအပ်လျက်ရှိကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

# နိုင်ငံခြားရေးဝန်ကြီးဌာနက မလေးရှားနိုင်ငံ၌ အခက်အခဲတွေ့နေကြသည့် တရားမဝင် မြန်မာအလုပ်သမားများကိစ္စနှင့်ပတ်သက်၍ မလေးရှားသံအမတ်ကြီးအား ခေါ်ယူဆွေးနွေး

နေပြည်တော် ဇွန် ၂၂

**နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ မလေးရှားသံအမတ်ကြီး Mr. Datuk Zahairi Bin Baharim အား ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံခဲ့သည်။**

### ညှိနှိုင်းဆောင်ရွက်

ထိုသို့တွေ့ဆုံစဉ် ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေကြောင့် ကန့်သတ်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲတို့ကြောင့် မလေးရှားနိုင်ငံ၌ အခက်အခဲမျိုးစုံ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသားများ ရှိနေပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် တရားဝင်သွားရောက်သူများဖြစ်စေ၊ တရားမဝင် သွားရောက်သူများဖြစ်စေ ကူညီပံ့ပိုးပေးရန် တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် မလေးရှားနိုင်ငံသို့ ရောက်ရှိနေကြပြီး အခက်အခဲကြုံတွေ့နေကြရသည့် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများအား မြန်မာအစိုးရမှ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူနိုင်ရေးအတွက် မလေးရှားအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန် နည်းလမ်းရှာဖွေလိုပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် မြန်မာနိုင်ငံသားစိစစ်ပြီးသူများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- C of I) ထုတ်ပေးသွားနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလအတွင်း အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မလေးရှားအစိုးရမှ ဒဏ်ကြေးကောက်ခံခြင်းမှ ကင်းလွတ်ခွင့်ပြုပေးစေလိုကြောင်း၊ မလေးရှားဘက်မှ ခွင့်ပြုပါက မြန်မာအစိုးရအနေဖြင့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များ စေလွှတ်၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူသွားရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားလိုကြောင်း ဆွေးနွေးပြောကြားသည်။

### ဆွေးနွေးပြောကြား

မလေးရှားသံအမတ်ကြီး Mr. Datuk Zahairi Bin Baharim က မြန်မာအစိုးရ၏ မေတ္တာရပ်ခံချက်ကို မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆက်လက်တင်ပြပြီး အကြောင်းပြန်ကြားပေးမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

သတင်းစဉ်

# မန္တလေးမြို့ရှိ သဘင်ပညာရှင်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာနှင့်ဆိုင်းပညာရှင်များအား ကိုဗစ်ကာလထောက်ပံ့ငွေများ အိမ်တိုင်ရာရောက်ပေးအပ်

မန္တလေး ဇွန် ၂၂

မန္တလေးမြို့ရှိ သဘင်ပညာရှင်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာနှင့် ဆိုင်းပညာရှင်များအား ကိုဗစ်ကာလ ထောက်ပံ့ငွေအဖြစ် သက်ဆိုင်ရာမြို့နယ်များရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းမှစတင်ကာ အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ကိုဗစ်ကာလထောက်ပံ့ငွေအဖြစ် မန္တလေးမြို့ရှိ သဘင်ပညာရှင်၊ စာရေးဆရာ၊ ပန်းချီ ဆရာ၊ ကာတွန်းဆရာနှင့် ဆိုင်းပညာရှင်များအား တစ်ဦးလျှင် ငွေကျပ်တစ်သောင်းခွဲနှုန်းဖြင့် အိမ်တိုင်ရာရောက် သွားရောက်ထောက်ပံ့ပေးသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သဘင်ပညာရှင် ၅၅၃၀၊ စာရေးဆရာ ၇၅၂ ဦး၊ ပန်းချီဆရာ ၃၇၂ ဦး၊ ကာတွန်း ဆရာ ၆၃ ဦးနှင့် ဆိုင်းပညာရှင် ၈၆၃ ဦးတို့ကို စာရင်းပြုစုထားရာ စုစုပေါင်း ၇၅၈၀ တို့အတွက် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းခွဲနှုန်းကို ကျန်ရှိသူများအား ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဇော်မင်း(ပြန်/ဆက်)

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၆၃၄၁၈ | ၂၉၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၀၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၇၃၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၈၆ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၂၃ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | စစ်ကိုင်း | ၉ | |
| ၄ | ရခိုင် | ၉ | |
| ၅ | ပဲခူး | ၈ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | နေပြည်တော် | ၂ | |
| ၁၃ | ကရင် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၂၉၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၂-၆-၂၀၂၀ ရက်၊ ည(၈) နာရီ

## ၂၂-၆- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၃၅၇၃၂၃ | ၉၈၀၃၆၇ | ၁၂၂၂၅၉ |
| ၂။ | ဘရာဇီး | ၁၀၈၆၉၉၀ | ၅၇၉၂၂၆ | ၅၀၆၅၉ |
| ၃။ | ရုရှား | ၅၉၂၂၈၀ | ၃၄၄၄၁၆ | ၈၂၀၆ |
| ၄။ | အိန္ဒိယ | ၄၂၇၀၄၆ | ၂၃၇၉၂၉ | ၁၃၇၁၇ |
| ၅။ | ဗြိတိန် | ၃၀၄၃၃၁ | စိစစ်ဆဲ | ၄၂၆၃၂ |
| ၆။ | စပိန် | ၂၉၃၃၅၂ | စိစစ်ဆဲ | ၂၈၃၂၃ |
| ၇။ | ပီရူး | ၂၅၄၉၃၆ | ၁၄၁၉၆၇ | ၈၀၄၅ |
| ၈။ | ချီလီ | ၂၄၂၃၅၅ | ၂၀၀၅၆၉ | ၄၄၇၉ |
| ၉။ | အီတလီ | ၂၃၈၄၉၉ | ၁၈၂၈၉၃ | ၃၄၆၃၄ |
| ၁၀။ | အီရန် | ၂၀၇၅၂၅ | ၁၆၆၄၂၇ | ၉၇၄၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၂- ၆ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၆၈၄၅ | ၁၈၇၃၅ | ၂၅၀၀ |
| စင်ကာပူ | ၄၂၃၁၃ | ၃၄၉၄၂ | ၂၆ |
| ဖိလစ်ပိုင် | ၃၀၆၈၂ | ၈၁၄၃ | ၁၁၇၇ |
| မလေးရှား | ၈၅၈၇ | ၈၁၇၇ | ၁၂၁ |
| ထိုင်း | ၃၁၅၁ | ၃၀၂၂ | ၅၈ |
| ဗီယက်နမ် | ၃၄၉ | ၃၂၇ | ၀ |
| မြန်မာ | ၂၉၀ | ၂၀၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၂၉ | ၁၂၇ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများအား ထန်ပါခွေမြို့၌ အခမဲ့ဖြန့်ဝေ

ထန်ပါခွေ ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေမြို့၌ ယနေ့နံနက်က အလှူရှင်များမှ လှူဒါန်းသော နှာခေါင်းစည်းများအား ထန်ပါခွေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

### ဆက်လက်ဖြန့်ဝေပေး

ဖြန့်ဝေရာတွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်း အခု ၂၀၀ အား လဟယ်မြို့နေ ဒေါ်နန်းသီတာချစ် (မိသားစု)က လှူဒါန်းခြင်းဖြစ်ကြောင်း၊ ယနေ့နံနက်တွင် ထန်ပါခွေမြို့အဝင်ဂိတ်တွင် ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း ထန်ပါခွေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စပယ်ဦးက ပြောသည်။

ဟန်ထွန်း(အင်းဝ)

# ကိုဗစ်-၁၉နှင့် လူမှုကာကွယ်စောင့်ရှောက်ရေး

◆ ကျော်လင်းထင်

**လူ့သမိုင်းကြောင်းတစ်လျှောက် လူသားမျိုးနွယ်တို့၏ ဖြစ်တည်မှုကို ထိပါးခြိမ်းခြောက်နိုင်လောက်သည့် အန္တရာယ်ရှိသော အခြေအနေများကို ကြိမ်ဖန်များစွာ ကြုံတွေ့ခဲ့ကြရဖူးပါတယ်။ ဒီအခြေအနေတွေကို လူသားတို့ရဲ့ စည်းလုံးညီညွတ်မှု၊ အမြော်အမြင်ရှိမှု၊ မှန်ကန်စွာ တုံ့ပြန်ဆောင်ရွက်မှုတို့ဖြင့်သာ ကျော်လွှားနိုင်ခဲ့ကြပြီး ယနေ့လူသားမျိုးနွယ်တို့ရဲ့ ဖြစ်တည်ရှိမှုနှင့် တိုးတက်မှုများကို ဆက်လက်ထိန်းသိမ်း ထားနိုင်နေခြင်းပဲ ဖြစ်ပါတယ်။ ယနေ့ မျက်မှောက်မှာလည်း ကျွန်တော်တို့ လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ ဖြစ်တည်မှုနဲ့ ရရှိပြီးဖြစ်တဲ့ လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားဖြစ်စေနိုင်တဲ့ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကို ရင်ဆိုင်တုံ့ပြန်နေကြရပြန်ပါပြီ။**

ကမ္ဘာ့ကပ်ရောဂါဖြစ်တဲ့ ကိုဗစ်-၁၉ ကို ရင်ဆိုင်တုံ့ပြန်ကြတဲ့နေရာမှာ ရှုထောင့်ပေါင်းစုံ၊ ချဉ်းကပ်မှုပေါင်းစုံကနေ ဆောင်ရွက်ကြရပါတယ်။ သာမန်အားဖြင့်ကြည့်ပါက ကိုဗစ်-၁၉ ဟာ ကျန်းမာရေးဆိုင်ရာ ပြဿနာလို့ ရှုမြင်နိုင်ပေမယ့် ဒါဟာ လူမှုရေးပြဿနာလည်းဖြစ်တယ်၊ စီးပွားရေးပြဿနာလည်းဖြစ်ပါတယ်။ ဒါ့အပြင် ကိုဗစ်-၁၉ ဟာ ဆင်းရဲ၊ ချမ်းသာ၊ အယုတ်အလတ်အမြတ်မရွေး ခွဲခြားခြင်းမရှိဘဲ မည်သူ့ကိုမဆို ကူးစက်နိုင်ပေမယ့် သူ့ရဲ့နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများကတော့ ခွဲခြားဆက်ဆံပါတယ်။ ဒီခွဲခြားဆက်ဆံမှုကတော့ လူတစ်ဦးချင်းအဆင့်၊ အိမ်ထောင်စုအဆင့်နဲ့ နိုင်ငံအဆင့်များအထိ တည်ရှိနေပါတယ်။ ကိုဗစ်-၁၉ ကြောင့် နောက်ဆက်တွဲ စီးပွားရေးနဲ့ လူမှုရေးပြဿနာများကတော့ ထိခိုက်လွယ်တဲ့ လူအုပ်စုများအပေါ်မှာ ပိုပြီးတော့ ပြင်းထန်လွန်းလှပါတယ်။

စာရေးသူရဲ့ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် (Development Field) ထဲမှာ လုပ်ကိုင်နေမှုကနေရရှိတဲ့ ကိုယ်ပိုင်အတွေ့အကြုံများအပြင် သုတေသနတွေ့ရှိချက်များအရပါ ဆင်းရဲနွမ်းပါးမှုကို ရင်ဆိုင်ရနိုင်တဲ့ အခြေအနေကနေ ကြိုတင်ကာကွယ်တားဆီးပေးတာထက် ဆင်းရဲနွမ်းပါးမှုကနေ ဆွဲထုတ်ရတာက ပိုပြီးကုန်ကျစရိတ်များသလို အချိန်လည်းအများကြီးပေးရပါတယ်။ တကယ်တော့ ကိုဗစ်-၁၉ ကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်တဲ့ ဆင်းရဲနွမ်းပါးမှုဟာလည်း ကူးစက်ရောဂါတစ်မျိုးပါပဲ။ ကူးစက်မှုက မျိုးဆက်လိုက်ကို ကူးစက်တတ်တာ ဖြစ်ပါတယ်။ ကိုဗစ်-၁၉က လောလောဆယ်ကာကွယ်ဆေးမရှိသေးပေမယ့် ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာမယ့် ဆင်းရဲနွမ်းပါးမှုကို ကာကွယ်နိုင်မယ့် ကာကွယ်ဆေးတွေရှိပါတယ်။ ဆေးအောင်တဲ့ရာခိုင်နှုန်းကတော့ မှန်မှန်ကန်ကန်အသုံးချနိုင်မှုအပေါ် မူတည်ပါတယ်။ ဒီကာကွယ်ဆေးတွေထဲက အင်အားအကောင်းဆုံး ကာကွယ်ဆေးကတော့ လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection) ပါပဲ။

ဒီလို လူမှုကာကွယ်စောင့်ရှောက်ရေး(Social Protection) လုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အခြေခံကောင်းတွေ ရှိပြီးသား ဖြစ်ပါတယ်။ လုပ်လက်စလုပ်ငန်းတွေလည်း ဖြစ်ပါတယ်။ ဒီလို အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ကြုံရချိန်မှာ ဒီလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံပြီး ဆောင်ရွက်ဖို့နဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို လျင်လျင်မြန်မြန် တုံ့ပြန်နိုင်တဲ့ လူမှုကာကွယ်စောင့်ရှောက်ရေး (Shock Responsive Social Protection) မျိုးဖြစ်ဖို့ လိုအပ်ပါတယ်။

### နိုင်ငံတကာစံနှုန်းမီသော မဟာဗျူဟာစီမံချက်

ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတကာ အတွေ့အကြုံတွေကိုယူပြီး နိုင်ငံတကာစံနှုန်းမီတဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားအဆင့် လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက် (Myanmar National Social Protection Strategic Plan-NSPSP) ရှိပြီးသား ဖြစ်ပါတယ်။ လက်ရှိလည်း ဒီမဟာဗျူဟာစီမံချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော်နေပါတယ်။ မဟာဗျူဟာစီမံချက်မှာ အကောင်အထည်ဖော်ရမယ့် အဓိကလုပ်ငန်းအစီအစဉ် (Flagship Programs) ရှစ်ခု ပါဝင်ပြီး အဲ့ဒီထဲက ကိုယ်ဝန်ဆောင်မိခင်များနဲ့ အသက်(၂)နှစ်အောက် ကလေးသူငယ်တွေကို ငွေကြေး အထောက်အပံ့ ပေးတဲ့ (Maternal and Child Cash Transfer- MCCT)ကို ရွေးချယ်ထားတဲ့ ပြည်နယ်အချို့နဲ့ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုတွေကို ငွေကြေးအထောက်အပံ့ပေးတဲ့ (Social Pension) ကို တစ်နိုင်ငံလုံးမှာ အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။ အခုအချိန်မှာလိုအပ်တာက ဒီအစီအစဉ်တွေကို ပိုမိုချဲ့ထွင်နိုင်ဖို့နဲ့ ပိုမိုအားကောင်းအောင် ဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။ ထိခိုက်လွယ်တဲ့အခြေအနေမှာရှိတဲ့ ပြည်သူတွေဆီကို ဒီအစီအစဉ်တွေ မှန်မှန်ရောက်သွားဖို့၊ မြန်မြန်ရောက်သွားဖို့ လိုအပ်ပါတယ်။ ဒီအစီအစဉ်တွေမှာ ပိုမို ရင်းနှီးမြှုပ်နှံရမှာ ဖြစ်ပါတယ်။

တိုင်းပြည်ကိုထူထောင်တဲ့နေရာမှာ တိုင်းပြည်ကို စီးပွားရေးကောင်းအောင် အရင်လုပ်ရမယ်၊ တိုင်းပြည်စီးပွားရေးကောင်းမှ ဝင်ငွေကောင်းလာမှ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေမှာ ရင်းနှီးမြှုပ်နှံရမယ်လို့ ယူဆထားကြတဲ့ (trickle down approach) အယူအဆတွေလည်း ရှိပါတယ်။ ဒါတွေဟာ မမှန်ဘူးဆိုတာ ကမ္ဘာလုံးဆိုင်ရာ အထောက်အထားတွေအများကြီးရှိပါတယ်။

### ထိခိုက်လွယ်တဲ့အုပ်စုကို ကူညီပေး

တိုင်းပြည်ဆင်းရဲနေချိန်မှာ၊ ပြည်သူလူထုက အခုလို အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ ရင်ဆိုင်နေရချိန်မှာ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းတွေ အထူးသဖြင့် ထိခိုက်လွယ်တဲ့လူအုပ်စုတွေအတွက် ငွေကြေးအထောက်အပံ့ပေးရေးအစီအစဉ် (Cash Transfer Program) တွေ၊ ပစ္စည်းနှင့် စားနပ်ရိက္ခာအထောက်အပံ့ပေးတဲ့အစီအစဉ် (in-kind Transfer Program)တွေနဲ့ အလုပ်အကိုင်ရရှိရေးအစီအစဉ် (Cash for Work) အစီအစဉ်တွေကို အကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ်။ ဒီအစီအစဉ်တွေဟာ ဆင်းရဲတဲ့၊ ဝင်ငွေနည်းတဲ့ ပြည်သူလူထုရဲ့ အခက်အခဲ၊ အကျပ်အတည်းတွေအပေါ် စီမံခန့်ခွဲနိုင်တဲ့ (Coping Capacity) ကို မြှင့်တင်ပေးနိုင်မှာဖြစ်သလို တိုင်းပြည်စီးပွားရေးကောင်းလာဖို့၊ ဝယ်လိုအားတွေ တိုးတက်လာဖို့အတွက် ငွေကြေးထည့်သွင်းပေးတဲ့ လှုံ့ဆော်ပေးခြင်း (Stimulus) ပဲဖြစ်ပါတယ်။

### ကုန်ကျစရိတ်ချင်းနှိုင်းယှဉ်

သာမန်အားဖြင့်ကြည့်ရင် ဒီလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာ ရန်ပုံငွေထဲကနေ ကျပ်ငွေဘီလီယံရာချီပြီး သုံးစွဲရတယ်၊ ငွေကုန်ကြေးကျများတယ်လို့ ထင်စရာရှိပါတယ်။ ဟုတ်ပါတယ်။ ရင်းနှီးမြှုပ်နှံရတဲ့ ပမာဏအထိုက်အလျောက်ကြီးမားပါတယ်။ ဒီလုပ်ငန်းတွေကို အခုလုပ်ရင် နှစ်စဉ်နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ ဘီလီယံရာချီကုန်ပါမယ်။ ဒါပေမယ့်မလုပ်ဖြစ်ခဲ့ရင်တော့ နောင်မှာ နှစ်စဉ်ဘီလီယံထောင်ချီပြီး ဆုံးရှုံးရပါလိမ့်မယ်။ နှစ်စဉ်ဘီလီယံထောင်ချီအကုန်အကျခံပြီး လိုက်လံကုစားရပါလိမ့်မယ်။ ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်နဲ့ မဆောင်ရွက်ဖြစ်တဲ့အတွက် ကုန်ကျစရိတ် နှိုင်းဆကြည့်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ ဒီအကြောင်းအရာတွေကို ရေရှည်အတွက်မျှော်တွေးရှုမြင်ထားပြီးလည်းဖြစ်တယ်ဆိုတာကို နိုင်ငံတော်ရဲ့ အဂ္ဂမဟာစီမံကိန်းတစ်ရပ်ဖြစ်တဲ့ မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) မှာပါတဲ့ မဏ္ဍိုင် (၃)၊ ပန်းတိုင်အမှတ်(၄) အောက်မှာရေးဆွဲထားတဲ့ မဟာဗျူဟာများနဲ့ လတ်တလော အခြေအနေတွေကို တုံ့ပြန်ဖြေရှင်းဖို့ရေးဆွဲထားတဲ့ အားလုံးတစ်ပေါင်းတည်းကျော်လွှားခြင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ် CERP ရဲ့ ပန်းတိုင်(၄)အောက်က လုပ်ငန်းတွေကိုကြည့်ရင် သိသာထင်ရှားပါကြောင်းနဲ့ လက်တွေ့ပြည်သူလူထုကို လူမှုကာကွယ်စောင့်ရှောက်ရေးပေးဖို့အတွက်ကတော့ လုံလောက်တဲ့ရင်းနှီးမြှုပ်နှံမှုသာ လိုအပ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

**❒ သာမန်အားဖြင့်ကြည့်ရင် ဒီလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်ရဲ့ဘဏ္ဍာရန်ပုံငွေထဲကနေ ကျပ်ငွေဘီလီယံရာချီပြီး သုံးစွဲရတယ်၊ ငွေကုန်ကြေးကျများတယ်လို့ ထင်စရာရှိပါတယ်။ ဟုတ်ပါတယ်။ ရင်းနှီးမြှုပ်နှံရတဲ့ ပမာဏအထိုက်အလျောက်ကြီးမားပါတယ်။ ဒီလုပ်ငန်းတွေကို အခုလုပ်ရင် နှစ်စဉ်နိုင်ငံတော်ရဲ့ ဘဏ္ဍာရန်ပုံငွေ ဘီလီယံရာချီကုန်ပါမယ်။ ဒါပေမယ့်မလုပ်ဖြစ်ခဲ့ရင်တော့ နောင်မှာ နှစ်စဉ်ဘီလီယံထောင်ချီပြီး ဆုံးရှုံးရပါလိမ့်မယ်။ နှစ်စဉ်ဘီလီယံထောင်ချီအကုန်အကျခံပြီး လိုက်လံကုစားရပါလိမ့်မယ်။ ဆောင်ရွက်ခြင်းအတွက် ကုန်ကျစရိတ်နဲ့ မဆောင်ရွက်ဖြစ်တဲ့အတွက် ကုန်ကျစရိတ် နှိုင်းဆကြည့်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။**

## ဗြိတိန်နိုင်ငံနှင့် အခြားဥရောပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများနှင့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံတကာကုန်သွယ် သင်္ဘောများ၊ အပျော်စီး သင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် မြန်မာသင်္ဘောသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး အစီအမံများကြောင့် တာဝန်မှရပ်စဲခံရခြင်း၊ ဆိပ်ကမ်းကပ်ရာနိုင်ငံများ၌ Lock Down နှင့် ကြုံတွေ့ရခြင်း၊ ပြည်ဝင်ခွင့်မရခြင်း၊ နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းပြေးဆွဲမှု ယာယီရပ်ဆိုင်းခြင်းနှင့်အတူ ရောက်ရှိရာနေရာဒေသ များတွင် အခက်အခဲကြုံတွေ့နေရခြင်း၊ လူစားလဲလှယ်(Crew change)ပြုလုပ်ရန် အခက်အခဲများရှိခြင်းတို့ကြောင့် သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီများ၏ အစီအစဉ်ဖြင့် လည်း ကောင်း၊ မြန်မာသံရုံး များ၏ အစီအစဉ်ဖြင့် လည်းကောင်း နိုင်ငံခြားရေးဝန်ကြီးဌာနသို့ တင်ပြလျက် ကယ်ဆယ်ရေးလေယာဉ်များ၊




အထူးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယနေ့အထိ မြန်မာသင်္ဘောသားစုစုပေါင်း ၁၀၀၀ ခန့်အား ပြန်လည်ခေါ်ဆောင်ခဲ့ပြီး ဖြစ်သည်။

ယနေ့တွင် ဗြိတိန်နိုင်ငံရှိ ဆိပ်ကမ်းများတွင် ကျောက်ချရပ်နားထားသည့် သင်္ဘော ကိုးစင်းနှင့် ဘရာဇီးနှင့် ဂျာမနီနိုင်ငံတို့တွင် တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် စောင့်ဆိုင်းနေသည့် မြန်မာသင်္ဘောအမှုထမ်း ၁၇၈ ဦးနှင့် ဗြိတိန်နိုင်ငံတွင် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၇၂ ဦး စုစုပေါင်း ၂၅၀ တို့အား သက်ဆိုင်ရာ သင်္ဘောကုမ္ပဏီများ၏ အစီအစဉ်ဖြင့် ကာတာလေကြောင်းလိုင်း(Qatar Airways) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည် ပို့ဆောင်နိုင်ရေးအတွက် မြန်မာသံရုံး၊ လန်ဒန်မြို့မှ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယင်းတို့သည် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ (ဓါတ်ပုံ)

ယင်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁)ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



## ကျောက်ပန်းတောင်းတပ်နယ်က ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ သဘင်အစည်းအရုံးဝင် ၈၈၂ ဦးတို့အား အခြေခံစားသောက်ကုန်လေးမျိုး ထောက်ပံ့

**ကျောက်ပန်းတောင်း ဇွန် ၂၂**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်ပန်းတောင်း တပ်နယ်မှ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်း မြို့နယ်အတွင်းရှိ သဘင်အစည်းအရုံးဝင် ၈၈၂ ဦးတို့ အတွက် အခြေခံစားသောက်ကုန်လေးမျိုး ထောက်ပံ့ လှူဒါန်းခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံး စကားမြေခန်းမ၌ ပြုလုပ်သည်။

အဆိုပါ စားသောက်ကုန်လေးမျိုး ထောက်ပံ့လှူဒါန်းမှု နှင့်ပတ်သက်၍ နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ်ကျော်ကျော်က ကိုဗစ်-၁၉ ကူးစက်ရောဂါကာလ အလုပ်အကိုင် အခွင့် အလမ်း နည်းပါးနေသည့် သဘင်အနုပညာရှင်များကို တပ်မတော်သားများ၏ရိက္ခာများထဲမှ ခွဲဝေလှူဒါန်းခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြို့နယ်သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမိုးကျော်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးချုပ် ကျော်ကျော်နှင့် အရာရှိများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းအောင်နှင့် ဌာနဆိုင်ရာများ က သဘင်အနုပညာရှင်များအား စားသောက်ကုန်များကို တစ်ဦးချင်း ထောက်ပံ့ပေးအပ်သည်။

အဆိုပါ စားသောက်ကုန်များမှာ သဘင်အစည်းအရုံး ဝင် ၈၈၂ ဦးအတွက် ဆန်အိတ် ၁၄၀ ခြောက်ပြည်၊ ကုလား ပဲခြမ်း ၃၈၂ ပိဿာ၊ ဆီ ၂၅၈ ပိဿာ ၇၅ ကျပ်သားနှင့် ဆားပိဿာ ၂၀၀ တို့ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆည်ရေကို စနစ်တကျအကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန မှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသော ရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှု များအတွက် စနစ်တကျစီမံဆောင်ရွက်ပေးဝေလျက် ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှထုတ်ပြန်ကြေညာ သွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံ ခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG) များနှင့်အတူ "ပူးပေါင်းပါဝင် ဆည်မြောင်း စနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့် လည်း ဆည်ရေကို စနစ်တကျအကျိုးရှိစွာ သုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူ များအားလုံး အထူးအလေးထားပြီး ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ် ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန် မရွေး ဆက်သွယ်သတင်းရယူ၊ အကူ အညီတောင်းခံနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၂ - ၆ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၇၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၁၄၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၄၅၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၆၀/၅၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၀ | ကျပ် | ၅၇၅/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၀/၅၁၀ | ကျပ် | ၅၃၀/၅၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၅၉၀/၆၂၀ | ကျပ် | ၆၅၅/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၉၃ . ၉ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၆၄ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၉ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၃၁ . ၉ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၀၃ . ၅ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၉ . ၈၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၇ . ၀၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၃၃၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၅ . ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၄ . ၉၉၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)


**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၁၆၅၇ | ၁၇၄၇၅၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၃၃၉၀ | ၁၂၈၈၂၁၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၈ | ၁၄၅၈၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၅၈၇ | ၁၃၅၀၁၀၀၀ |
| TMH | ၂၈၅၀ | ၂၇၅၀ | ၃၀၄၁ | ၈၄၆၅၈၀၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၅၅ | ၄၁၈၅၀၀ |

# နှစ် ၆၀ အလွန် သာကေတ

မောင်သာ(ရှေးဟောင်းသုတေသန)

**ယခု ရန်ကုန်မြို့တည်နေရာ၌ ခရစ်နှစ် ၁၀၂၈ ခုနှစ်မှ ၁၀၄၃ ခုနှစ်အတွင်း မွန်လူမျိုးများတည်ထောင်ခဲ့သည့် ဒဂုံသည် တံငါရွာငယ်တစ်ခုသာ ဖြစ်ခဲ့သည်။ ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျသည် ၁၇၅၅ ခုနှစ် မေလ ၂ ရက်တွင် ဒဂုံမြို့ဟောင်းကိုရှင်းလင်း၍ ၇၅ ဧကကျယ်ဝန်းသော မြို့သစ်ကိုတည်ထောင်ကာ ရန်ကုန်ဟု အမည်ပေးခဲ့ပြီး မြို့ပတ်လည်ကို ကျွန်းသစ်များဖြင့် ကာရံခဲ့သည်။**



သာကေတ တံတားဟောင်း

ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ ပြီးဆုံးပြီးနောက် ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်တွင် အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ကြသည်။ ၁၈၅၃ ခုနှစ်တွင် ဒေါက်တာမောင်ဂိုမာရီ (Dr. W. Montgomery) နှင့် ဗိုလ်ဖရေဇာ (Lt. A . Fraser) တို့သည် အောက်မြန်မာနိုင်ငံ၏ အချက်အချာနေရာဖြစ်သည့် ရန်ကုန်မြို့ကို အသစ်ပြန်လည်တည်ဆောက်ရန် ဆူးလေစေတီကို ဗဟိုပြုသည့် မြို့ပြစီမံကိန်းတစ်ခုကို ရေးဆွဲခဲ့ကြသည်။

**အရေးပါသော ဆိပ်ကမ်းမြို့**

ဗြိတိသျှတို့၏ Reconstruction of Modern Rangoon 1853 စီမံကိန်းအရ ရန်ကုန်မြို့ကို လေးထောင့်အကွက်ပုံစံ (Chessboard Pattern) တည်ခဲ့ကာ ရန်ကုန်မြို့၏ နယ်နိမိတ်သည် အရှေ့ဘက်တွင် အရှေ့လမ်း(East Road) (ယခုသိမ်ဖြူလမ်း)၊ အနောက်ဘက်တွင် လမ်းမတော်၊ တောင်ဘက်တွင် ကမ်းနားလမ်းနှင့် မြောက်ဘက်တွင် ကော်မရှင်နာလမ်း (ယခုဗိုလ်ချုပ်အောင်ဆန်းလမ်း) အထိ အဝန်းအဝိုင်းဖြစ်သည်။ အရှေ့အနောက်သွယ်တန်းပြီး ပေ ၁၈၀ ကျယ်သည့် လမ်းမကြီးငါးခု (ယခုကမ်းနားလမ်း၊ ကုန်သည်လမ်း၊ မဟာဗန္ဓုလလမ်း၊ အနော်ရထာလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း) ကို ဖောက်လုပ်ခဲ့သည်။ မြို့ကွက်အတွင်း၌ တောင်မြောက်သွယ်တန်းကာ နံပါတ်စဉ်တပ်ထားသည့် ဖြတ်လမ်းများသည် အနောက်ဘက်တွင် ၁၇ လမ်းနှင့် အရှေ့ဘက်တွင် ၄၄ လမ်းအထိဖြစ်သည်။ ရန်ကုန်မြို့သည် ပင်လယ်ဝမှ ၂၁ မိုင်ကွာဝေးပြီး ရန်ကုန်မြစ်၊ ပဲခူးမြစ်နှင့် ဒေါပုံချောင်းတို့ဆုံရပ်တွင် တည်ရှိသဖြင့် ပင်လယ်ရေကြောင်းသွားလာရေးတွင် အရေးပါသော ဆိပ်ကမ်းမြို့ဖြစ်လာခဲ့ပေသည်။

အလောင်းမင်းတရား တည်ထောင်ခဲ့ချိန်မှစ၍ ရန်ကုန်မြို့သည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့ပြီး ဖွံ့ဖြိုးတိုးတက်လာခဲ့ကာ အရှေ့တောင်အာရှဒေသ၏ မြို့ကြီးတစ်ခုအဆင့်သို့ ရောက်ရှိခဲ့သည်။ မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ လူဦးရေတိုးတက်များပြားလာသဖြင့် ရန်ကုန်မြို့ကို ခေတ်အဆက်ဆက် တိုးချဲ့ခဲ့ရသည်။ ယင်းတို့အနက် ဗိုလ်ချုပ်ကြီးနေဝင်းဦးစီးသည့် အိမ်စောင့်အစိုးရလက်ထက် ၁၉၅၈ ခုနှစ်တွင် ရန်ကုန်မြို့ကို မြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်စေရန်ဆောင်ရွက်ခဲ့ရာ မြို့တော်ဝန် ဗိုလ်မှူးကြီးထွန်းစိန်က မြို့သစ်သုံးခုကို ထူထောင်၍ ကျူးကျော်နေထိုင်သူများအား အတည်တကျနေရာချထားပေးခဲ့သည်။

ထိုစဉ်က ရန်ကုန်မြို့၏ မြို့သစ်သုံးခုဖြစ်သည့် သာကေတ၊ မြောက်ဥက္ကလာပနှင့် တောင်ဥက္ကလာပမြို့နယ်တို့သည် ယခုအခါတွင် ဖွံ့ဖြိုးစည်ပင်သော မြို့နယ်များအဖြစ်သို့ ရောက်ရှိနေကြပြီ ဖြစ်သည်။ သက်တမ်း ၆၁ နှစ်ကျော်ပြီ ဖြစ်သည့် ယင်းမြို့နယ် သုံးခုသည် လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်တွင် ပါဝင်ကြသည်။

**သာကေတမြို့နယ်**

ရန်ကုန်မြို့ကို တိုးချဲ့တည်ထောင်ခဲ့သည့် မြို့သစ်သုံးခုအနက် သာကေတမြို့နယ်သည် ရန်ကုန်မြို့နှင့် အနီးဆုံးနေရာတွင် ပဲခူးမြစ်နှင့် ငမိုးရိပ်ချောင်းအကြားတွင် တည်ရှိ၍ ၄ ဒသမ ၉၃ စတုရန်းမိုင် ကျယ်ဝန်းသည်။ လက်ရှိအချိန်တွင် သာကေတမြို့နယ်၏ အရှေ့ဘက်၌ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ အရှေ့မြောက်ဘက်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ဒေါပုံမြို့နယ်နှင့် မြောက်ဘက်တွင် သဃ်္ဃန်းကျွန်းမြို့နယ်တို့ တည်ရှိသည်။ ပင်လယ်ရေ မျက်နှာပြင်အထက် ၁၅ ဒသမ ၈၅ ပေမြင့်သည့် သာကေတမြို့နယ်သည် ငမိုးရိပ်ချောင်းနှင့် ပဲခူးမြစ် ကျွန်းဆွယ်ပေါ်တွင် တည်ရှိကာ အရှေ့ဘက်တွင် ပဲခူးမြစ်၊ အနောက်ဘက်နှင့် တောင်ဘက်တွင် ပုဇွန်တောင်ချောင်း၊ မြောက်ဘက်တွင် ငမိုးရိပ်ချောင်းတို့က ဝန်းရံလျက်ရှိသည်။

သာကေတမြို့အဝင် ကျောက်စာတိုင်၌ ရေးထိုးထားသည့် မှတ်တမ်းတွင် "သာကေတမြို့ကို ၁၃၂၀ ပြည့်နှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်တွင် စတင်တည်ဆောက်သည်"ဟု ဖော်ပြထားရာ ယင်းရက်သည် ခရစ်နှစ် ၁၉၅၉ ခုနှစ် ဇန်နဝါရီလ ၈ ရက် ကြာသပတေးနေ့ဖြစ်သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံနေရာအနှံ့မှ ပြည်သူများသည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်မှုများ များပြားလာသဖြင့် ရန်ကုန်မြို့တွင် လူနေကွက်သစ်များ တစ်စတစ်စတိုးပွားလာခဲ့သည်။ သို့သော် စနစ်တကျမြို့ကွက်ချ၍ နေထိုင်ခဲ့ကြခြင်းမဟုတ်သဖြင့် သန့်ရှင်းသပ်ရပ်မှု မရှိခဲ့ချေ။ ထို့ကြောင့် ရန်ကုန်မြို့ကို ကမ္ဘာ့အဆင့်မီ မြို့တော်ကြီးအဖြစ် တည်ဆောက်ရန် မဟာရန်ကုန်မြို့တော် တည်ဆောက်ရေးစီမံကိန်းကို ၁၉၅၄ ခုနှစ်တွင် ရေးဆွဲခဲ့သည်။

သို့သော် လေးနှစ်ကြာသည့်တိုင် ယင်းစီမံကိန်းကို အကောင်အထည်မဖော်နိုင်ခဲ့ဘဲ အိမ်စောင့်အစိုးရလက်ထက် ၁၉၅၈ ခုနှစ်တွင် အိုးအိမ်အဖွဲ့က သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပဟူသည့် မြို့သစ်သုံးခုကို တည်ဆောက်ခဲ့သည်။ မြို့သစ်စီမံကိန်းနှင့်အတူ ပုသိမ်ညွန့်မီးရထားတံတားဟောင်းကို တစ်လမ်းမောင်း မော်တော်ကားလမ်းအဖြစ် ပြုပြင်တည်ဆောက်ခဲ့ကာ ရောဝဏ်လမ်း၊ မင်းနန္ဒာလမ်း၊ မြင်တော်သာလမ်း၊ ယမုံနာလမ်းမ၊ ရှုခင်းသာလမ်းနှင့် အရှေ့မြို့ပတ်လမ်းများနှင့် ကန့်လန့်ဖြတ်လမ်းများကို အကွက်ချကာ ဖောက်လုပ်ခဲ့သည်။ ထို့နောက်ရပ်ကွက်များ သတ်မှတ်၍ ပုဇွန်တောင်၊ ထင်းပုံဆိပ်၊ ကျီတော်၊ ပေတောကုန်း၊ စက်ဆန်း၊ အမဲဈေး၊ ပုသိမ်ညွန့်၊ တာမွေနတ်ချောင်းနှင့် အခြားမြို့နယ်များမှ ကျူးကျော်အကွက်များကို ဖျက်သိမ်းပြီး သာကေတမြို့သစ်တွင် ပြန်လည်နေရာချထားခဲ့သည်။

မြို့နယ်တွင် နေထိုင်ကြမည့်ပြည်သူများ သောက်သုံးရေ သုံးစွဲနိုင်ရန် ဂျိုးဖြူရေလှောင်ကန်မှ လာသည့်ရေကို ပိုက်များဖြင့် သွယ်တန်းပေးပြီး ရပ်ကွက်တိုင်းရှိ လမ်းထိပ်များတွင် အုတ်ရေကန်များကို ပြုလုပ်ပေးခဲ့သည့်အပြင် ရောဝဏ်လမ်းနှင့် အနော်မာလမ်းထောင့်၌ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် သောက်ရေကန်ကြီးတစ်ခုကို တူးဖော်ခဲ့ရာ အလှူရှင်မှာ ဦးပွင့်ကောင်း - ဒေါ်ခင်နွဲ့ရီဖြစ်သည်။

ပ.ထ.စ (ပြည်ထောင်စု) အစိုးရလက်ထက် (၁၉၆၀-၁၉၆၂) တွင် သာကေတ စက်မှုလက်မှုရပ်ကွက်ကို ဖော်ထုတ်ခဲ့ပြီး မော်တင်ကီလီဈေးတစ်ဝိုက်မှ ငါးပိငါးခြောက်ပွဲရုံများကို ပြောင်းရွှေ့နေရာချထားခဲ့သည်။ စက်မှုလက်မှုရပ်ကွက်တွင် ဗမာ့သဘော်ဆေးစက်ရုံ၊ ရွှေခြသေ့်ကော်ဖီစက်ရုံ၊ ဟံသာအေး နိုင်လွန်အထည်စက်ရုံ၊ ပွင့်ကောင်းငံပြာရည်စက်ရုံ၊ ကြက်ဆင်ဖဲထီးစက်ရုံ၊ အဏ္ဏဝါ ဆားစက်ရုံ စသည့်စက်ရုံများကို ဖွင့်လှစ်လည်ပတ်ခဲ့သည်။

**သာကေတမြို့နယ်မှ တံတားကြီး ကိုးစင်း**

မြစ်ချောင်းများဝန်းရံနေသည့် သာကေတမြို့သစ်သို့ သွားလာရေး လွယ်ကူချောမွေ့စေရန် ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်ကို ဆက်သွယ်သည့် သာကေတတံတားကို ကိုလံဘိုစီမံကိန်းအရ ကနေဒါနိုင်ငံ၏ အကူအညီဖြင့် ၁၉၆၆ ခုနှစ်တွင် တည်ဆောက်ခဲ့ကာ ၁၉၆၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ သာကေတ တံတား၏ အလယ်ခန်းပွင့်နှစ်ခုကို အရှင်ပြုလုပ်ထားသဖြင့် တံတားအောက်မှ သင်္ဘောကြီးများ ဖြတ်သန်းချိန်တွင် တံတားအလယ်ခန်းပွင့် ကြမ်းခင်းနှစ်ခုကိုအပေါ်သို့ထောင်ကာ တံတားကိုဖွင့်ပေးခြင်းဖြင့် သင်္ဘောကြီးများကို လွယ်ကူစွာ ဖြတ်သန်းစေနိုင်ခဲ့ပေသည်။

ထို့အတူ ဂျပန်-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ သာကေတမြို့နယ်နှင့် သုဝဏ္ဏကို ဆက်သွယ်သည့် သုဝဏ္ဏတံတားကို ၁၉၈၅ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

သာကေတမြို့နယ်မှ သန်လျင်မြို့သို့ ဆက်သွယ်ထားပြီး ၉၆၀၉ ပေရှည်သည့် သန်လျင်တံတားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ၁၉၈၆ ခုနှစ်တွင် တည်ဆောက်ပေးခဲ့ပြီး ၁၉၉၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ပုဇွန်တောင်ချောင်းကို ဖြတ်ကျော်လျက် ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ဆက်သွယ်ထားသည့် ၃၆၄၃ ပေရှည်သော မဟာဗန္ဓုလတံတားကို ၂၀၀၀ ပြည့်နှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

၂၀၀၇ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် သဃ်္ဃန်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်အကြားရှိ ငမိုးရိပ်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော ပေ ၉၈၀ ရှည်သည့် ကမာကြည်တံတားကို ဖွင့်လှစ်ခဲ့သည်။ ငမိုးရိပ်ချောင်းကိုပင် ဖြတ်ကျော်တည်ဆောက်သည့် ငမိုးရိပ်(သုဝဏ္ဏ) တံတားကို မူလတံတားဟောင်းမှ ၇၅ ပေအကွာတွင် တည်ဆောက်၍ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၁၅ ခုနှစ်မှာပင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ပုသိမ်ညွန့်တံတားဟောင်းအနီးတွင် ၇၅၉ ပေရှည်သည့် ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) ကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။

ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်ကို ဆက်သွယ်သည့် သာကေတတံတားသည် သက်တမ်း နှစ် ၅၀ ကျော်ချိန်တွင် ကြံ့ခိုင်မှုလျော့နည်းလာသဖြင့် ဂျပန်နိုင်ငံ၏ အကူအညီဖြင့် သာကေတတံတားနှင့် ဘေးချင်းယှဉ်လျက် ဒေါပုံတံတားအသစ်ကို တည်ဆောက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။



ပြည်ထောင်စု တိုင်းရင်းသားကျေးရွာ

❒ အိမ်စောင့်အစိုးရလက်ထက် ၁၉၅၈ ခုနှစ်တွင် အိုးအိမ်အဖွဲ့က သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပဟူသည့် မြို့သစ်သုံးခုကို တည်ဆောက်ခဲ့သည်။

❒ မြို့တည်သက်တမ်း နှစ် ၆၀ ကျော်ခဲ့ပြီဖြစ်သည့် သာကေတမြို့နယ်ကို ရပ်ကွက် ၁၉ ခု ဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ စာရင်းများအရ သာကေတမြို့နယ်၌ အိမ်ခြေ ၃၂၂၉၇ လုံးနှင့် အိမ်ထောင်စု ၄၆၀၃၄ စု ရှိသည်။

စာမျက်နှာ ၂၁ သို့

# မင်းရွာမြစ်ရေတင် ရေအသုံးချသူများအဖွဲ့ဖွဲ့စည်းကာ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်အကောင်အထည်ဖော်

**ရေစကြို ဇွန် ၂၂**

ရေစကြိုမြို့နယ် မင်းရွာလျှပ်စစ်မြစ်ရေတင်အစည်းအဝေးခန်းမ၌ ရေအသုံးချသူများအဖွဲ့ ဖွဲ့စည်းထူထောင်ရေးနှင့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်အကောင်အထည်ဖော်ခြင်း အစည်းအဝေးကို ဇွန် ၂၀ ရက်က ကျင်းပသည်။

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ကျင့်သုံးရသည့် ရည်ရွယ်ချက်မှာ ဆည်မြောင်းအဆောက်အအုံများပြုပြင်ထိန်းသိမ်းရာတွင် ပြုပြင်ထိန်းသိမ်းမှုကုန်ကျစရိတ်ထိရောက်စေရန်နှင့် ရေကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန်အပြင် မြစ်ရေတင်ရေကို အသုံးပြုသည့် ရေအသုံးချသူများအသင်းအဖွဲ့အစည်းများမှတစ်ဆင့် ဌာနနှင့်တောင်သူလယ်သမား ပူးပေါင်းပါဝင်သောရေစီမံခန့်ခွဲမှုစနစ်ကို လွယ်ကူစွာ စတင်အသုံးပြုနိုင်ရန်ဖြစ်သည်ဟု ပခုက္ကူခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲမင်းထွန်းထံမှ သိရသည်။

အဆိုပါအခမ်းအနားသို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်အေးထူး၊ တိုင်းဒေသကြီး ဒုတိယ ညွှန်ကြားရေးမှူး ဦးသန့်ချိုတို့နှင့် တာဝန်ရှိသူများ၊ မင်းရွာလျှပ်စစ် မြစ်ရေတင်ရေသောက်စိုက် ဧကများမှ ကျေးရွာသူ ကျေးရွာသားများ တက်ရောက်ကြသည်။

ပခုက္ကူခရိုင်အတွင်း၌ မြစ်ရေတင် ၁၄ ခုရှိရာ မြစ်ရေတင်ခြောက်ခုတွင် WUG/WUA အဖွဲ့ ၃၆ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကာ ခုနစ်ခုမြောက်ဖြစ်သော မင်းရွာကျေးရွာအတွက် ယနေ့အစည်းအဝေး ကျင်းပခြင်းဖြစ်ပြီး ပခုက္ကူခရိုင်တစ်ခုလုံးအတွင်း၌ WUG/WUA အဖွဲ့ပေါင်း ၁၄၀ ဖွဲ့စည်းမည်ဖြစ်သည်။ **အိမွန်ဆွေ(ရေစကြို)**



မင်းရွာမြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးရေပေးဝေနေမှုကို တွေ့ရစဉ်။

# ဒေသထွက်ကုန်များ သယ်ယူပို့ဆောင်ရောင်းဝယ်ရာတွင် အဆင်ပြေစေရန် မိတ္ထီလာမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ငါးလမ်းကို အဆင့်မြှင့်တင်

**မိတ္ထီလာ ဇွန် ၂၂**

မိတ္ထီလာမြို့နယ်၌ ဒေသထွက်ကုန်များ သယ်ယူပို့ဆောင် ရောင်းဝယ်ရာတွင် အဆင်ပြေစေရန်အတွက် ကျေးလက်ကုန်ထုတ်လမ်း ငါးလမ်းကို တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ ၂၉၅ ဒသမ ၂၅၈ သန်းဖြင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက သိရသည်။

မိတ္ထီလာမြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ဒေသထွက်ကုန်များ သယ်ယူပို့ဆောင် ရောင်းဝယ်ရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ ၂၉၅ ဒသမ ၂၅၈ သန်းဖြင့် ကျေးလက်ကုန်ထုတ်လမ်း ငါးလမ်းကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ၍ ဇန်နဝါရီ ၁၅ ရက်မှ စတင်ပြီး ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ခရိုင်ချင်းဆက်လမ်းမှ သံဘိုးကျေးရွာဆက်သွယ်သည့်လမ်းကို ဆောင်ရွက်လျက်ရှိပြီး ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို စက်ပစ်တောင်လမ်း၊ အုတ်နဲ့ဘုတ်လမ်း၊ ကျိတ်ပုလဲ-ကျောင်းရွာလမ်းနှင့် ခရိုင်ချင်းဆက် လမ်း-လက်ပံ့အိုင့်ကျေးရွာဆက်သွယ်သည့်လမ်း စသည့်ကျေးလက်ကုန်ထုတ်လမ်း ငါးလမ်းကို အဆင့်မြှင့်တင်လျက်ရှိကြောင်း၊ အဆိုပါလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများမှာ ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စမ်းစမ်းဝါထံက သိရသည်။

အဆိုပါလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များ သယ်ယူပို့ဆောင် ရောင်းဝယ်ရာတွင် ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

# တွန်းဇံမြို့နယ်ရှိ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာများသို့ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

**တွန်းဇံ ဇွန် ၂၂**

ချင်းပြည်နယ် တွန်းဇံမြို့နယ် တီးခိန်ဇန်ကျေးရွာတွင် ဆိုလာနှင့် ဆက်စပ်ပစ္စည်းအစုံ ၂၂၀ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က တီးခိန်ဇန်ကျေးရွာ အုပ်ချုပ်ရေးမှူးနေအိမ်၌ ကျင်းပသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ချင်းပြည်နယ် တီးခိန်ဇန်ကျေးရွာတွင် လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

အဆိုပါ ဆိုလာနှင့် ဆက်စပ်ပစ္စည်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးထောင်ခိုမန်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးကျော်ဇင်အောင်တို့က ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတာဝန်ခံများထံ ပေးအပ်သည်။ **(အောက်ပုံ)**

တွန်းဇံမြို့နယ် တီးခိန်ဇန်ကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် ဆိုလာနှင့် ဆက်စပ်ပစ္စည်းအစုံ ၂၂၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အခမဲ့ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

*စာမျက်နှာ ၂၀ မှ*

ထို့အတူ သာကေတမြို့နယ်ကို ဖြတ်သန်းလျက် သန်လျင်တံတားကို အသုံးပြုကာ သန်လျင်မြို့သို့ အချိန်နှင့်အမျှသွားလာနေကြသည့် မော်တော်ယာဉ်များ အလွန်များပြားလာသဖြင့် သန်လျင်တံတား အမှတ်(၃)ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် စတင်တည်ဆောက်နေပြီဖြစ်ပြီး ၂၀၂၃ ခုနှစ်တွင် ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မြစ်ကူးချောင်းကူး တံတားကိုးစင်းရှိနေသည့် သာကေတမြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီး၏ တံတားမြို့တော်ဟုပင် ခေါ်ဆိုနိုင်မည်ဖြစ်ပေသည်။

### သာကေတမြို့နယ်၏ အထင်ကရနေရာများ

၁၉၉၆ ခုနှစ်မတိုင်မီက ရန်ကုန်မြို့မှ မွန်၊ တနင်္သာရီနှင့် ရခိုင်ကမ်းရိုးတန်းဒေသများသို့သွားသည့် ပင်လယ်ကူးလူစီးနှင့် ကုန်တင်သင်္ဘောများသည် ပန်းဆိုးတန်းလမ်း၊ ကျန်းမာရေးဆိပ်ကမ်း၌သာ ဆိုက်ကပ်ခဲ့ကြသည်။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် သာကေတမြို့နယ်၊ ရှုခင်းသာလမ်းမ၏ တောင်ဘက်ခြမ်းရှိ ပဲခူးမြစ်ကမ်းတွင် ကမ်းရိုးတန်းသွား ဆိပ်ခံဇာတံတားကို တည်ဆောက်၍ ၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်မှစ၍ ပို့ဆောင်ရေးဝန်ကြီးဌာန ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းသည် ဟားခါး၊ မြစ်ကြီးနား၊ တောင်ကြီး၊ သံလွင်၊ ချင်းတွင်းအစရှိသည့် ကမ်းရိုးတန်းသင်္ဘောများဖြင့် ရခိုင်ပြည်နယ်ရှိ စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ မွန်ပြည်နယ်ရှိ မော်လမြိုင်၊ တနင်္သာရီတိုင်းဒေသကြီးရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်းမြို့များသို့ ခရီးသည်နှင့် ကုန်စည်များကို ပို့ဆောင်ပေးခဲ့ရာ ရှုခင်းသာရပ်ကွက်ရှိ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းဆိပ်ခံတံတားသည် သာကေတမြို့နယ်၏ အထင်ကရနေရာတစ်ခု ဖြစ်လာခဲ့သည်။

သာကေတမြို့နယ်ရှိ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့က ဖွင့်လှစ်ခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် ၁၀ မြောက်ရပ်ကွက်၊ အမှတ်(၁) သန်လျင်တံတားအနီးတွင် တည်ရှိသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုသွင်ပြင်လက္ခဏာများကို ဖော်ဆောင်တည်ဆောက်ပြသထားသည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသည် နေ့စဉ်လာရောက် လည်ပတ်သူများဖြင့် စည်ကားလျက်ရှိနေပေသည်။

သာကေတမြို့နယ်၏ ထင်ရှားသောနေရာတစ်ခုဖြစ်သည့် မိကျောင်းမွေးမြူရေးစခန်းကို ၁၉၇၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကာ ကမ္ဘောဒီးယားနိုင်ငံက ချစ်ကြည်ရေးလက်ဆောင်ပေးခဲ့သည့် မိကျောင်းသုံးကောင်အနက် တစ်ကောင်ကို ထိုစဉ်က ပုလဲနှင့် ငါးမွေးမြူရေး ကော်ပိုရေးရှင်းကလက်ခံရယူ၍ သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် မွေးမြူခဲ့သည်။ မိကျောင်းများကို နိုင်ငံခြားသုံးငွေရှာဖွေရန် ရည်ရွယ်ခဲ့သော်လည်း ၁၉၈၇ ခုနှစ်တွင် မိကျောင်းမွေးမြူထိန်းသိမ်းရေးနှင့် အပန်းဖြေစခန်းအဖြစ် ပြောင်းလဲဖွင့်လှစ်ခဲ့ကာ ယခုအခါတွင် မိကျောင်းကောင်ရေ ၅၀၀ ကျော်ကို မွေးမြူပြသထားသည်။

### မျက်မှောက်ကာလ သာကေတ

မြို့တည် သက်တမ်း နှစ် ၆၀ ကျော်ခဲ့ပြီဖြစ်သည့် သာကေတမြို့နယ်ကို ရပ်ကွက် ၁၉ ခုဖြင့် ဖွဲ့စည်းထားပြီး မြို့နယ်အတွင်း၌ တိုင်းရင်းသားလူမျိုးပေါင်းစုံ နေထိုင်လျက်ရှိရာ ၂၀၁၈ ခုနှစ် စက်တင်ဘာလကုန်အထိ စာရင်းများအရ သာကေတမြို့နယ်၌ အိမ်ခြေ ၃၂၉၇ လုံးနှင့် အိမ်ထောင်စု ၄၆၀၃၄ စု ရှိသည်။ သာကေတမြို့နယ်၏ လူဦးရေသည် ၂၂၁၉၅၉ ဦးဖြစ်၍ ဗမာလူမျိုးများက ၇၉ ဒသမ ၆၉ ရာခိုင်နှုန်း (၁၇၆၈၇၆ ဦး) ဖြစ်သည်။ မြို့နယ်နေပြည်သူများသည် ဗုဒ္ဓဘာသာကို အများဆုံး ကိုးကွယ်ကြကာ ခရစ်ယာန်၊ အစ္စလာမ်နှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူများလည်းရှိပြီး ထင်ရှားသော စေတီသုံးဆူဖြစ်သည့် ဇိနမာန်အောင်စေတီ၊ ၁၀၈ တောင်စေတီ၊ ရွှေအုတ်ဂူစေတီတို့အပြင် ဘုန်းကြီးကျောင်း ၂၁၃ ကျောင်း၊ သီလရှင်ကျောင်း လေးကျောင်း၊ ခရစ်ယာန်ဘာသာရေး အဆောက်အအုံ နှစ်ခု၊ အစ္စလာမ်ဘာသာရေး အဆောက်အအုံ နှစ်ခုနှင့် ဟိန္ဒူဘာသာရေး အဆောက်အအုံ သုံးခု၊ တရုတ်ဘုရား ကျောင်း တစ်ခုလည်း တည်ရှိသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မှတ်တမ်းများအရ သာကေတစက်မှုဇုန်တွင် စက်ရုံ ၂၃ ရုံ ဖွင့်လှစ်ကာ လုပ်ငန်းများလည်ပတ်နေပြီး မြို့နယ်အတွင်း၌ နိုင်ငံပိုင် စက်ရုံသုံးရုံ၊ ပုဂ္ဂလိကပိုင် ဆီအုန်းစက်ရုံ၊ ပုဂ္ဂလိကပိုင်အလုပ်ရုံ ၁၁ ရုံနှင့် အိမ်တွင်းစက်မှုလုပ်ငန်း ရှစ်ခုကို တည်ထောင်ဖွင့်လှစ်ထားသည်။ မြို့နယ်နေပြည်သူအများစုသည် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်ကြရာ မြို့နယ်အတွင်းရှိ ဈေးရုံရှစ်ရုံတွင် ဆိုင်ခန်း ၄၅၃၆ ခန်း ဖွင့်လှစ်ထားသည်။

တိုးတက်စည်ပင်သည့် မြို့နယ်တစ်ခုဖြစ်သည့် အားလျော်စွာ သာကေတမြို့နယ်တွင် အစိုးရအထက်တန်းကျောင်း ခြောက်ကျောင်း၊ အစိုးရ အလယ်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်းခွဲ တစ်ကျောင်း၊ အစိုးရ မူလတန်းကျောင်း ၄၅ ကျောင်းကို ဖွင့်လှစ်ထားသည်။

မြို့နယ်နေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် သာကေတအဝိုင်းအနီးတွင် ၁၆ ခုတင်ဆံ့ဆေးရုံကို ၁၉၈၆ ခုနှစ် ဇူလိုင်လတွင် ဖွင့်လှစ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သာကေတမြို့နယ် ပြည်သူ့ဆေးရုံအဖြစ် တိုးချဲ့ခဲ့ကာ ၂၀၁၀ ပြည့်နှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ခုတင် ၁၀၀ ဆံ့ အထူးကုဆေးရုံအဖြစ် တိုးမြှင့်ခဲ့သည်။

ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပံ့ပိုးပေးနိုင်ရန် သာကေတ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံနှင့် ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် U Energy လျှပ်စစ်ဓာတ်အားပေးစက်ရုံကို သာကေတမြို့နယ်တွင် တည်ဆောက်ခဲ့သည်။

ရန်ကုန်မြို့၏ မြို့သစ်တစ်ခုဖြစ်ခဲ့သည့် သာကေတမြို့နယ်သည် ဆယ်စုနှစ်ခြောက်ခုအတွင်း ဖွံ့ဖြိုးစည်ပင်ခဲ့ကာ စီးပွားရေး အချက်အချာကျသည့် မြို့နယ်တစ်ခုဖြစ်လာခဲ့ပြီး ၂၀၁၇ -၂၀၁၈ ခုနှစ် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ကျပ်သန်းပေါင်း ၁၄၉၈၇၇ ဒသမ ၂ ဖြစ်၍ လူတစ်ဦးချင်း ပျမ်းမျှဝင်ငွေသည် ၁၀၅၆၀၃၉ ကျပ်ဖြစ်သည်။

သာကေတမြို့နယ်တွင် နေထိုင်ကြသူများ၏ အလုပ်လက်မဲ့နှုန်းသည် ၄ ဒသမ ၁ ရာခိုင်နှုန်းသာရှိသဖြင့် မြို့နယ်နေ ပြည်သူများ၏ လူမှုစီးပွားဘဝများသည် အထူးကောင်းမွန်လျက်ရှိရာ အနာဂတ်ကာလတွင်လည်း ဆက်လက်ဖွံ့ဖြိုးစည်ပင်တိုးတက်နေမည်သာ ဖြစ်ပါပေသည်။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၁)**

**မြို့ရန်ကုန်(မောင်မြတ်မွန်၊ ဆူးလေ)**

**သာကေတမြို့နယ်ဒေသဆိုင်ရာ အချက်အလက်များ**

**(အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)**

# Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**
**သတင်းထုတ်ပြန်ချက် (၆/၂၀၂၀)**
**၂၀၂၀ပြည့်နှစ်၊ ဇွန်လ ၁၅ ရက်**

၁။ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၅/၂၀၂၀) ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများအနက် ဆဋ္ဌမအသုတ်အဖြစ် ပူးတွဲပါလုပ်ငန်း (၂၀၇၈) ခုသို့ ခွင့်ပြုငွေပမာဏ ကျပ် (၄၉.၁၁၆) ဘီလီယံကို COVID-19 Fund မှ ချေးငွေထုတ်ယူခွင့်ပြုလိုက်ပါသည်။

၂။ အဆိုပါ ချေးငွေထုတ်ယူခွင့် ရရှိသူများအား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခု၌ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည်မဟုတ်ပါကြောင်းနှင့် ကျန်ရှိသည့် လျှောက်လွှာများအား ချေးငွေများ ဆက်လက်ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

*ယမန်နေ့မှအဆက်*

ပူးတွဲ

**Covid-19 Fund မှ ချေးငွေ ခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/ လုပ်ငန်းများစာရင်း**

| | | |
|---|---|---|
| ၁၆၄၄ | အောင်အေးကျော် ကားဘော်ဒီနှင့်ဆေးမှုတ်လုပ်ငန်း | အမှတ် ၂၆၊ တာဝတိံသာလမ်း၊ ပုသိမ်စက်မှုဇုန်၊ ပုသိမ်မြို့။ |
| ၁၆၄၅ | ပရိုဟတ်ကုမ္ပဏီလီမိတက် | တိုက်(ဒီ)၊ အခန်း (၁၀၁)၊ အောင်ဇေယျလမ်း၊ အောင်ဇေယျအိမ်ယာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| ၁၆၄၆ | ကမ္ဘာ့ဝင်းကုမ္ပဏီ/ ကားပြုပြင်ရေးစင်တာ | အမှတ်-၆၉၊ စကားဝါလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ |
| ၁၆၄၇ | လင်းလက်ပြည့် | အမှတ် (၅၀)အေ၊ မြေညီထပ်၊ (၁၆၅) လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| ၁၆၄၈ | United Winner Land Company Limited | No.13, 5th Floor, Latha Condo, Latha Street, Latha Township, Yangon |
| ၁၆၄၉ | မဟာနွယ်ကိုယ်ပိုင် အလယ်တန်းကျောင်း | ချင်းတွင်းလုံးချင်းအိမ်ရာ၊ ယုဇနဥယျာဉ်မြို့တော်၊ ၉၂ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ရန်ကုန်မြို့၊ |
| ၁၆၅၀ | Mono Horizon Services Co., Ltd. | အမှတ် (၁၆၉)(ပ)၊ (၃၇)လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ |
| ၁၆၅၁ | NT Hand Made Fashion | အမှတ် (၇၉၈) ၊ ရွာမအရှေ့၊ ဓမ္မာရုံလမ်း၊ အင်းစိန်၊ |
| ၁၆၅၂ | WINNER CRYSTAL TRADING CO.,LTD | ၂၅၃၊ မြေညီ၊ ၃၉ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| ၁၆၅၃ | မိုးစက်ပစ္စည်းအရောင်းဆိုင် | အမှတ်(၂)၊ ဗဟိုရပ်ကွက်၊ ဝမ်းတွင်းမြို့၊ မိတ္ထီလာခရိုင်။ |
| ၁၆၅၄ | စိတ်ကူးအနုပညာ ကုမ္ပဏီလီမိတက် | ၂၇/၄ အေ၊ အခန်း (ဆ)၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေပင်လုံအိမ်ယာ၊ မြောက်ဒဂုံ၊ |
| ၁၆၅၅ | စေတနာကိုမြင့်နိုင် | အမှတ်(၂၇)၊ ၅၇လမ်း၊ ၂ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ |
| ၁၆၅၆ | Amazing Sound Group | အမှတ် (၄၅၀)၊ ၁၄၄ ရပ်ကွက်၊ ဆင်ဖြူရှင်လမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ |
| ၁၆၅၇ | YANG BROTHERS NATIONAL COMPANY LIMITED | Room NO.(603), No. 44, ပြည်လမ်း၊ ၆ လွှာ၊ ပင်လုံထိပ်ထားစံအိမ်ကွန်ဒို။ |
| ၁၆၅၈ | ရွှေကျွန်းမြိုင် သံပန်းသံတံခါးနှင့် Home Decoration | ၇၂/၇၄၊ ဒေါ်သိန်းတင်လမ်း၊ (၈၉)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၆၅၉ | ရွှေတောင်ကြီး ကျောက်မျက်ရတနာနှင့် မြန်မာလက်မှုအနုပညာ | အမှတ်(၅၄)၊ ရွာမကျောင်းလမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၆၆၀ | သီဂီခင် လက်ဝတ်ရတနာ ရောင်း/ဌား၊ ပန်းတိမ်လုပ်ငန်း | ၃၃၊ မလွကုန်းလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ |
| ၁၆၆၁ | ကြိုးကြာဖြူဖိနပ်လက်လီ လက်ကားဖြန့်ချီရေး | အမှတ်၂၁၀/ညီ၊ ၂၉လမ်း(၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ |
| ၁၆၆၂ | ပွင့်သစ်စ Fashion & design စက်ချုပ်ဆိုင် | အမှတ်(၁၅)၊ သုခလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ |
| ၁၆၆၃ | ခရေဖြူကုမ္ပဏီလီမိတက် | အမှတ်(၁၇/က)၊ သမာဓိ(၂)လမ်း၊ ဆ/က ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၆၆၄ | သန်းထိုက်အောင် ဆန်စပါး၊ ပဲမျိုးစုံ ရောင်းဝယ်ရေး | လိပ်ဥကုန်းကျေးရွာ၊ အုတ်ဖိုမြို့ |
| ၁၆၆၅ | Bright Link Steel | အမှတ် - ၂၉၆၈၊ စစ်တောင်းလမ်း၊ ၆၄ရပ်ကွက်၊ ဇုံ(၂)၊ တောင်/ဒဂုံ၊ |
| ၁၆၆၆ | 7 mile home Pre School | ၆၀၂၊ တိုက် (၂)၊ ပါရမီလမ်း၊ ၇ ရပ်ကွက်၊ မရမ်းကုန်း။ |
| ၁၆၆၇ | Great Life International Co; Ltd | No. (18), Shwe Bon Thar Housing, Tapinshwehtee Street, Hlaing Thar Yar Township, Yangon |
| ၁၆၆၈ | Digital Cottage Business Group Co; Ltd | အမှတ်(၁၇၇)၊ ကျွန်းရွှေမြိုင်လမ်းသွယ်(၁)၊ သုဝဏ္ဏ(၂၃) ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊ |
| ၁၆၆၉ | Easy Rider Motorbike Co.,Ltd. | အမှတ် (၂၆)၊ နွယ်နီလမ်း၊ အနောက်စောရန်ပိုင် ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်။ |
| ၁၆၇၀ | Agro Bio Product Co.,Ltd. | အမှတ်(၅၇)၊ ခေမာသီ(၃)လမ်း၊ မိချောင်းကန်အပိုင်း (၃)၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၆၇၁ | Asia Myint Mo Co.,Ltd. | Building no.C, Room 210, Hnin Si Steet, Highway Housing, Kamayut T/S |
| ၁၆၇၂ | သံလွင်ခက် | အမှတ်-စဘ(၉၀)၊ ဆောက်လုပ်ရေးလမ်း၊ စန်ဘောင် ရပ်ကွက်၊ မတူပီမြို့၊ ချင်းပြည်နယ်။ |
| ၁၆၇၃ | အောင်မြင့်မိုရ်စံအိမ် ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက် | အမှတ်(၁၀၉)၊ အကောက်ခွန်(၄)လမ်း၊ ၃၉ ဘီ ရပ်ကွက် မြောက်ဒဂုံ |
| ၁၆၇၄ | Art Man Co,.Ltd. | 220/222, Botataung Pagoda Road, PZT Township |
| ၁၆၇၅ | KHA YAN PYAR LANDSCAPING COMPANY LIMITED | အမှတ်(၂၂၃)၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်း |
| ၁၆၇၆ | Kida World Education | အမှတ်(၅၈၅)၊ သီရိမြိုင်(၉)လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၆၇၇ | Pale Nadi Services Co.,ltd. | No. 170,/176, Room 303-305, 3rd floor, MGW Center,Bo Aung Kyaw Street,Botahtaung Tsp, Ygn |
| ၁၆၇၈ | All Teem Co., Ltd. | အမှတ်(၁၀)၊ ဆရာစံလမ်းနှင့် ရိုးမရိပ်သာလမ်းထောင့်၊ တိုးချဲ့ (၂)၊ ၁၄၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၆၇၉ | THURIYA DEEPA CO.,Ltd. | No.477, Room - 5, Botahtaung Township, Yangon |
| ၁၆၈၀ | အိမ်ရှင်မ ဆေးဆိုင် | ၄/၁၁, ဗိုလ်တောက်ထိန်လမ်း၊ မင်္ဂလာရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။ |
| ၁၆၈၁ | Converge Safety Training & Consultancy Co.,ltd | No.295, Room (5-A), 6th Floor, Myoma Condo, Myoma Kyaung Street, Dagon Township, Yangon |
| ၁၆၈၂ | ရွှေသပြေကုမ္ပဏီလီမိတက် | 5 (B-3), Yankin Centre |
| ၁၆၈၃ | Super Star Plus One (စူပါစတား ပလပ်ဝမ်း) | ၇၊ ၁၇ လမ်း၊ ဘလောက် ၆၈၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာ |
| ၁၆၈၄ | Sanuki Co.,Ltd | 1007၊ သင်းဝင် ၆ လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ် မြောက်ပိုင်း |
| ၁၆၈၅ | ကြယ်စင်ပိုင်းလက်ဝတ်ရတနာအ ဌားအရောင်း | အမှတ်(၅၄)၊ ၄ ရပ်ကွက်၊ ဥဇ္ဇနာ(၉)လမ်း၊ မြောက်ဥက္ကလာပ |
| ၁၆၈၆ | Winner Global Logistics Services Co,.Ltd | No. 175, Kantaw Myaing Street, 30 Ward, Thuwana Thingagyen Tsp |
| ၁၆၈၇ | ကမ္ဘာ့သစ် (မိတ္တူ၊ ကွန်ပျူတာ စာစီ ဝန်ဆောင်မှုလုပ်ငန်း) | အမှတ် (၂၅၇)၊ ၃၉လမ်းနှင့်ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၆၈၈ | Twin Star Co., Ltd | No. 116/118, Ground Floor, Room No. B, Bo Myat Tun Street, Botahtaung Township, Yangon. |
| ၁၆၈၉ | ရတနာဇွဲ (ရွှေပန်းထိမ် လုပ်ငန်း) | အမှတ်(၁၁၆)၊ အဝေရာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၆၉၀ | ASIA ANGELS TRADING COMPANY | အမှတ် ၇ (ဂျီ)၊ နီဗွာန် (၁) လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်ရန်ကုန်၊ |
| ၁၆၉၁ | Myanmar Electrical & Instrumentation Co., Ltd. | 4th Floor, 38th Street Plaza (YCDC) Building, Seikkanthar St (Upper Block), Kyauktada Tsp, Yangon. |
| ၁၆၉၂ | Anna Sevices Co.,Ltd. | အမှတ်(၁၅၅၆)၊ ၄၂ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်) ရန်ကုန်၊ |
| ၁၆၉၃ | Bio Super Power ဇီဝသဘာဝ ပိုးမွှားကင်းစင်ရေဆိုးသန့် ဆေးရည်လုပ်ငန်း ဆရာ Bio | အမှတ် ၄၂၊ သုခလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။ |
| ၁၆၉၄ | ဆုပြည့်စိန်ရွှေ ရတနာဆိုင် | အမှတ်(၃)၊ ခိုင်ရွှေဝါလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၆၉၅ | ရွှေလက်ဆောင် အိမ်တွင်းအလှဆင်ပစ္စည်းများ | အမှတ်-(၄၇၈)၊ စေတနာ(၄)လမ်း၊ (၄၃) ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့ |
| ၁၆၉၆ | OTA Golden Family Co; Ltd | တိုက်(၁၁၄)၊ အခန်း(၃)၊ အင်းစိန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ |
| ၁၆၉၇ | ကောင်းစံဝင်းသစ်ခွဲစက်နှင့် သစ်အချောထည်လုပ်ငန်း | အမှတ်၃၀၇၊ မကွေးလမ်း၊ ၂၃ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ |
| ၁၆၉၈ | ဦးဝင်းနိုင်ဦး အောင်သရဖူ သံပန်း၊ သံတံခါးနှင့် သံထည်အဆောက်အဦ | အမှတ် (၁၃၄၃)၊ လသာ(၂)လမ်း၊ (၆၃)ရပ်ကွက်၊ ဇုန် (၂)၊ တောင်ဒဂုံ၊ ရန်ကုန်မြို့။ |
| ၁၆၉၉ | MKK Engineering & Construction Co.,Ltd. | အမှတ်(၁၇၆)၊ ဘုရင့်နောင်လမ်းနှင့် အမရာလမ်းထောင့်၊ မြောက်ဥက္ကလာပစက်မှုဇုန်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၀၀ | သမာဓိတံခါးကျည်းဘောင်နှင့်ရိဘာ ဂေဟရောင်းဝယ်တပ်ဆင်ရေး | ပ/၅၂၊ ပြည်ထောင်စုလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၀၁ | ဦးစိန်အေး (ရွှေပန်းတိမ်) | အမှတ် (ပီ) ၁၂၊မြနန္ဒာလမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ် |
| ၁၇၀၂ | Polygon Global Ltd | ၆၃၊ ဘီ ပထမထပ်၊ အင်ကြင်းလမ်း နှင်းဆီကုန်း အေရပ်ကွက်၊ သုဝဏ္ဏ၊ |
| ၁၇၀၃ | မိုးကြိုးမိုးအပြည့်ပြည့်ဆိုင်ရာ ကုမ္ပဏီလီမိတက် | အမှတ်(၄၈)၊ ဓမ္မာရုံလမ်း၊ ကန်/တောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၀၄ | Beyond Distribution Co.,ltd | No.69/70, Phin Si Min Thar Gyi Street, Hlaing Thar Yar Industrial Zone (4)၊ Yangon |
| ၁၇၀၅ | (၁) Winners' Academy ကိုယ်ပိုင် အထက်တန်းကျောင်း (၂) Royal Winners' Academy ကိုယ်ပိုင် အထက်တန်းကျောင်း | ၂၉၉၊ (၇)လမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ၅၃၃(A)၊ (၆)လမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၇၀၆ | Green Jasper Media & Advertising Co., Ltd. | အမှတ်(၅၇)၊ ပင်လုံ (၂) လမ်း၊ ရွှေပင်လုံအိမ်ယာ အပိုင်း(၄)၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၇၀၇ | "GBS" Golden Bright Star Hair Dressing | (၁) ၁၉၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ် (၂)၊ ၃၂၆၊ ဗညားဓလလမ်း၊ တာမွေ (၃) ၉၊ ကျားကွက်သစ်လမ်း၊ တာမွေ |
| ၁၇၀၈ | INTERNATIONAL MOTHER OCEAN COMPANY LIMITED | No.86၊ မြေညီထပ် ၁၆၆ လမ်း၊ တာမွေကြီး (ခ) ရပ်ကွက်၊ တာမွေမြို့၊ ရန်ကုန်တိုင်း |
| ၁၇၀၉ | Honour Friend Co.,Ltd. | အမှတ်၂၇၆၊ ၄ (က)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေ၊ ရန်ကုန်မြို့ |
| ၁၇၁၀ | အရှေ့အာရှတံခွန် ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် | ၃၄၉(မြေညီ) မဟာဗန္ဓုလလမ်း၊ ကျောက်တံတား ၇၀၂(မြေညီ) ၊ ကုန်သည်လမ်း၊ ပန်းဘဲတန်း |
| ၁၇၁၁ | Toe Ni LL-PVC Door & မှန်/အလူမီနီယံ/အိမ်အလှဆင်လုပ်ငန်း | အမှတ် ၅ ၊ သပြေဆောင်၊ ပြည်ထောင်စုလမ်း၊ ဒဂုံတ/အရှေ့ပိုင်းခရိုင် |
| ၁၇၁၂ | ပညာအလင်းပြ ပုံနှိပ်တိုက် | ၁၃၀၊ ဗိုလ်ချုပ်လမ်း၊ (၉) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ၁၇၁၃ | U Soe Lwin Thein and Group Co.,Ltd. | No.7(A), East Ywama Quarter, Insein Township, Yangon. |
| ၁၇၁၄ | Billion Force Trading Co., Ltd. | အမှတ် (၇)၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၇၁၅ | MARTIAL TECH ENGINEERING Co.,Ltd. | ၂၄၆/၂၊ ဖိုးခေါင်လမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာ၊ ရန်ကုန် |
| ၁၇၁၆ | Lucky Baby Myanmar | အမှတ်(၂၂၇)၊ ၁၁ ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ |
| ၁၇၁၇ | Gems Kingdom | 216-218, အနောက် A ဖုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ |
| ၁၇၁၈ | Auspicious Millennium Trading Group Company Ltd. | No.146, Mya Sabel Street (North), Mayangone Township, Yangon. |
| ၁၇၁၉ | M. M. A Home Decoration စတီး၊ အလူမီနီယမ် အိမ်အလှဆင်လုပ်ငန်း | (၁၅)၊ သုမင်္ဂလာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၂၀ | ပုဂ္ဂလိက အိမ်ဆိုင်လုပ်ငန်း အိမ်ဆောက်ပစ္စည်း | အကွက်(၃)၊ ဂျီတွေ့ာရပ်ကွက်၊ ငပလီမြို့။ |
| ၁၇၂၁ | Shine & Caide Club အိတ်နှင့်အထည်လုပ်ငန်း | ဘိုကလေး၊ လှည်းတန်း၊ ကမ္ဘာအေး ဂမုန်းပွင့်၊ Junction မော်တင် |
| ၁၇၂၂ | ဒွါရာရွှေပြည် ရခိုင်ပြည်နယ် ကုန်စည် ပို့ဆောင်ရေး | အမှတ်(ခ/၃၁)၊ ခရေလမ်း၊ ဘုရင့်နောင်ပွဲရုံဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၂၃ | Kyaw Mega Power Co.,Ltd. | No.885/A, 45 Ward, Northdagon, Yangon |
| ၁၇၂၄ | Ho Ho Kyaw Security Services Co.,Ltd. | တိုက်(၂)၊ အခန်း(၂၀၄)၊ လှိုင်သီရိအိမ်ရာ၊ လှိုင်မြို့နယ် |
| ၁၇၂၅ | Inno Power Company Limited. | Bargayar Road, No.249, 7 Floor, Maynigone, Sanchaung |
| ၁၇၂၆ | ရွှေဟသ်ာလက်လီ/လက်ကား(မီး သွေး)ရောင်းဝယ်ရေး | အမှတ် (၁၂)၊ မြေညီထပ်၊ ရွှေဟသ်ာလမ်း၊ (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၇၂၇ | မြဝတီမိုဘိုင်းဖုန်းအရောင်းဆိုင် | ဆိုင်(၁)- ၈၅/A, ဗဟိုလမ်း၊ ခိုင်ရွှေဝါ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ ဆိုင်(၁)- ၆၅၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၇၂၈ | ခေတ်လိုက် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း | က 117 ကံကော်လမ်း (၁)၊ ဘုရင့်နောင်ပွဲရုံ |
| ၁၇၂၉ | ကိုစိန်ငွေးခါတ်ပုံဆိုင် | အမှတ်(၂၁/၃)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေ |
| ၁၇၃၀ | ဂန္ဓဝင်- ကွန်ပျူတာ၊ ရီဇို၊ မိတ္တူလုပ်ငန်း | အမှတ် (၅၁)၊ ဗိုလ်ချုပ်လမ်း ၊ (၂) ရပ်ကွက်၊ လှိုင်သာယာ |
| ၁၇၃၁ | ဦးမောင်ကြီး | အမှတ် ၅၀ ၊ မြင်တော်သာလမ်း ၆၊ အနောက်ရပ်ကွက်၊ သာကေတ |
| ၁၇၃၂ | BBB တာယာနှင့် ဘက်ထရီရောင်းဝယ်ရေး | ၁၄၆၊ ဗိုလ်မှူးဗထူးလမ်း၊ ၄၂ ရပ်ကွက်၊ မြောက်ဒဂုံ |
| ၁၇၃၃ | မိုးသောက်ပန်း (ဆေးမျိုးစုံဆိုင်) | (၂၄၄) ၊ မာလာနွယ်(၁)လမ်းထိပ်၊ အင်းစိန်မြို့နယ် |
| ၁၇၃၄ | LUCKY WAY ကုန်စည်ပို့ဆောင်ရေး | အမှတ် (ခ/၁၃၃) (A) ၊ ကားကြီးကွင်း၊ ပတ်လမ်း၊ ဘုရင့်နောင် |
| ၁၇၃၅ | သန္တာပုံနှိပ်တိုက် | အမှတ် (၂၈/၃၂) ၊ ၄၂ လမ်း (အောက်) (၇) ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ် |
| ၁၇၃၆ | Lawkanat Myanmar Group Company | No (16), Thitsar Street, 12 Qrt, Yankin Township |
| ၁၇၃၇ | 7 - 7 Lucky Gems | G - 38, Myanmar Culture Valley, People Park Yangon |
| ၁၇၃၈ | လွင် သစ်အခြေခံ ပရိဘောဂလုပ်ငန်း | အမှတ် (၁)၊ ရခိုင်ရိုးလေးလမ်း၊ ရခိုင်ရိုးလေးရပ်ကွက်၊ ထန်းတပင်မြို့နယ် |
| ၁၇၃၉ | Summit ဖြန့်ချီရေး | အမှတ်(၅)၊ အာသာဝတီလမ်း၊ စောရန်ပိုင် အနောက်ရပ်ကွက်၊ အလုံမြို့နယ် |
| ၁၇၄၀ | ဂန္ဓဝင်မေဆောက်လုပ်ရေး ကုမ္ပဏီလီမိတက် | အမှတ်(၁၀၇၉)၊ ယူကလစ်လမ်း၊ ရာဇသင်္ဂဟအိမ်ရာ၊ ပုဗ္ဗသီရိ၊ နေပြည်တော် |
| ၁၇၄၁ | Myanmar Promotional Services (MPS) Co.,Ltd. | 22/24, Aye Condo, Corner of Shin Saw Pu Rd and Baho Rd, Ahlone Tsp, Ygn |
| ၁၇၄၂ | လှိုင်မြင့်မိုရ်ပွဲရုံ | အမှတ် ၆၁, မြို့သာ ၁ ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ကလေးမြို့၊စစ်ကိုင်းတိုင်း |
| ၁၇၄၃ | Aung Bphone Kywal Co.,ltd | အမှတ် ၂၆၄, အေးစေတီလမ်း၊ ဗမာအေးရပ်ကွက် ၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၇၄၄ | သမီးတော် ကွန်ပျူတာ/မိတ္တူ လုပ်ငန်း | ဆိုင် ၁ - အမှတ် ၆/၅, ဗိုလ်ချုပ်လမ်း ၊ မင်္ဂလာရပ် ၊ ပျဉ်းမနားမြို့ ဆိုင် ၂ - အမှတ် L-1, သိပ္ပံလမ်း၊ ဒဂုံတက္ကသိုလ်ကျောင်းဝင်း၊ရန်ကုန် |
| ၁၇၄၅ | Diamond Pavilion Gems & Jewelery | Shop 1 , Diamond Plaza, No. 075, Ground Floor, Mandalay Shop 2 , Yandanar Mall, No B-188-189, Level 2 , Mandalay Shop 3, Junction City, No.02-C005, Level 2, Yangon Shop-4, Magway, Shop-5 Pyay |
| ၁၇၄၆ | Myint Mo Aung Trading And Engineering Co.,ltd. | No.708, Waizayandar Tower, Waizayandar Road, Thingangyun Tsp, Yangon |

*စာမျက်နှာ ၂၃ သို့*

စာမျက်နှာ ၂၂ မှ

| | | |
|---|---|---|
| ၁၇၄၇ | ထူးထူးကျော်ကျောက်ခွဲစက် | A 2 / 34 – 35 / စက်မှုဇုန် ၊ ရွှေဘိုမြို့ |
| ၁၇၄၈ | REG Engineering Co.,ltd. | အမှတ် – F – 25, စံပယ်လမ်း၊ ချမ်း သာ ရွှေပြည်အိမ်ယာ၊ ၁၀ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၇၄၉ | Here & Now Dance Studio | အမှတ် – ၂၊ ဗိုလ်စောပုလမ်း နှင့် b –1 လမ်းသွယ်၊ သရက်တောရပ်ကွက်၊ ကြည့်မြင်တိုင် |
| ၁၇၅၀ | Peace Myanmar Kumudra Co.,ltd | No.64 F, KyaikWine Pagoda Road, Mayangone Tsp, Yangon 09-457197112 |
| ၁၇၅၁ | WIN STAR | Shop 1, No. 91, Hantharwaddy Road, Kamayut Tsp, Yangon<br>Shop 2, No. 161, U Chit Maung Road, Bahan Tsp, Yangon |
| ၁၇၅၂ | မင်္ဂလာရောဂါရှာဖွေရေး ဓါတ်ခွဲခန်း | ၆/၁၊ စည်ပင်ရုံးလမ်း၊ ရန်အောင် (၂)ရပ်ကွက်၊ ပျဉ်းမနား၊ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ |
| ၁၇၅၃ | Victory (အလုပ်ဝင်ရန် ပြင်ဆင်မွမ်းမံသင်တန်းကျောင်း) | ၆၀၂၊ သမ္မာ ဒိဋ္ဌိလမ်း၊ ၅ လွှာ၊ တာမွေမြို့နယ် |
| ၁၇၅၄ | Sanmizu သောက်ရေသန့် လုပ်ငန်း (Bottled Drinking Water Factory) | အမှတ် – ၃၃၊ သခင်ဖိုးလှကြီးလမ်း၊ မင်းရပ် ရပ်ကွက်၊ လက်ပံတန်းမြို့ |
| ၁၇၅၅ | ဒေါ်ကြည်စုလွင်, ကသစ်ပွင့် ဘော်ဒါဆောင် | အမှတ် ၁၀၊ (၁)လမ်း၊ ရွှေဝတ်မှုံ၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၁၇၅၆ | RIXS International Co.,ltd | N.74, 31st Street, Lower Block, Pabedan Tsp, Yangon |
| ၁၇၅၇ | London Business Academy | ၇၃ လမ်း၊ သဇင်နှင့် ငုရွှေဝါကြား၊ မင်္ဂလာ မန္တလေး Block 4, Unit 12 |
| ၁၇၅၈ | ရွှေတောင်ထွန်း အထည်ဆိုင် | တိုက် ၇၊ အခန်း ၃၊ နှင်းဆီလမ်း, သာရာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| ၁၇၅၉ | ဝင်းသစ္စာ မိဘရိပ်ကောင်းသစ္စာ ဆေးခန်းများ | ဒေလီယာနှင့် ဇလပ်ဝါကြား ၊ ၇၀x၇၁) ၊ ဆ – ၂ ရပ်ကွက်၊ ချမ်းမြသာစည်၊ ကျန်းမာရေးစောင့်ရှောက်မှု၊ မန္တလေး |
| ၁၇၆၀ | ဟသ်ာဆေးနှင့် ဆေးပစ္စည်းရောင်းဝယ်ရေး | စံပယ်မြိုင်လမ်းထိပ်၊ ဝွေ့ကြီးကုန်း၊ ပုသိမ်ကြီး ၊ ယခင် – ရန်ကင်းတောင်ရပ် |
| ၁၇၆၁ | Blossom Technology | တိုက် ၁၂/၁၊ ဘော်စင်လမ်း၊ ၂၄ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၁၇၆၂ | မခိုင် အိမ်ဆောက်ပစ္စည်းဆိုင် | အမှတ် ၁၂ ၊ လုပ် သာ လမ်း၊ (င/ က) ရပ် ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး |
| ၁၇၆၃ | Eden Excellent Storage Co.,Ltd | 421၊ Bo Hum Ba Htoo Road, 6th Quather, East Dagon Township , Yangon |
| ၁၇၆၄ | ရွှေလိပ်မင်းယွန်းထည်လုပ်ငန်း | ပုဂံမြို့သစ်၊ ကျန်စစ်သားရပ်ကွက်၊ သမုဒ္ဒရာစ်ရပ် |
| ၁၇၆၅ | Assembler Computer Centre (ကွန်ပြူတာသင်တန်းကျောင်း) | အမှတ် (၆)၊ သက်သာဆိုင်၊ ခေမာသီလမ်း၊ ဈရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၇၆၆ | မြတ်သီရိ ဆန်ရောင်းဝယ်ရေး လုပ်ငန်း | နရ (၂၇၇)၊ GTC လမ်း၊ နမ်းဘော်ဝမ် (က)၊ ရပ်ကွက်၊ လှိုင်ကော်မြို့ |
| ၁၇၆၇ | ရွှေစင်ဟိန်း | ထန်းတပင်ကျေးရွာ၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်း။ |
| ၁၇၆၈ | အောင်သပြေ (၂) | ဖျောက်ဆိပ်ကုန်းကျေးရွာ ၊ အမရပူရမြို့နယ်၊မန္တလေးတိုင်း။ |
| ၁၇၆၉ | Crest Vantage Company Limited | အမှတ် – ၂၉၄၊ (၁) လမ်းမြောက်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၇၀ | အဆာကူရာ မြန်မာရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | အမှတ် ၂ A, အခန်း ၆, သုမင်္ဂလာလမ်း၊ ကျိုက္ကဆံအနောက်ရပ်ကွက် ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန် |
| ၁၇၇၁ | စွမ်းအားလျှပ်စစ် | အမှတ် – ၁၆/၇၉ လမ်း၊ ၃၈ x ၃၈ လမ်း၊ အကွက် – ၆၅၃ ၊ ဟေမ မာ လာ တောင် ရပ် ကွက် ၊ မ ဟာ အောင်မြေ |
| ၁၇၇၂ | ဟုတ်ဝှါဖုန်းဆိုင် | မြို့မဈေးအနီး၊ ဈေးလမ်း၊ မင်းလမ်းရပ်ကွက် ၊စစ်ကိုင်းမြို့ |
| ၁၇၇၃ | ကောင်းခန့်အထည်ဆိုင် | မြေညီထပ်၊ ဆိုင်အမှတ် (၅၈)၊ ရွှေမင်္ဂလာဈေး၊ မင်္ဂလာတောင်ညွန့်မြို့နယ် |
| ၁၇၇၄ | ကမ္ဘာသစ်လျှပ်စစ်နှင့် နာရီလက်လီလက်ကား အရောင်းဆိုင် | အမှတ် – ၇၊ မင်္ဂလာဒုံဈေးလမ်းမကြီး၊ မင်္ဂလာဒုံဈေး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၇၇၅ | မင်းထက်ကျော် သစ်စက် | မင်း ထက် ကျော် သစ် စက်၊ အမှတ် ၂၆၆၊ ညောင် လှ၊ ရေနံချောင်း၊ မကွေးမြို့ |
| ၁၇၇၆ | ဦးမြသိန်း(သမီး) ဒေါ်နီနီလွင် ကျောက်ခွဲစက် လုပ်ငန်း | မ ကွေး တိုင်း ၊ ကံ မ မြို့ နယ်၊ ကြို့ ပင် တိုက် နယ် |
| ၁၇၇၇ | YBM Company Limited | နဂ – ၁၈၈၊ နှင်းဆီလမ်း၊ နမ့်ဘော်ဝမ်(ခ) ရပ်ကွက်၊ လှိုင်ကော်မြို့။ |
| ၁၇၇၈ | အီချီဂို ဂျပန်-မြန်မာ မျက်မမြင်အကြောပြင် | အမှတ် – ၄၃၂၊ တ/ဥက္ကလာပ (၁၀)ရပ်ကွက်၊ သစ္စာလမ်းမကြီး၊ ရန်ကုန်မြို့ |
| ၁၇၇၉ | Z & H International Co.,ltd | Building 24, Ground Floor, 01–04, Pyi Yeik Mon Housing, No 7 quarter, Kamayut Township. |
| ၁၇၈၀ | SUPREMACY COMPANY LIMITED | A/677, Nwetheingi (1) street,North Okkala, Yangon. |
| ၁၇၈၁ | ဇေယျာမျိုးမြင့်ကုမ္ပဏီ | No.(176), Nat Nann Village, Nat Nann Villagetract, Homelin Township, Sagaing Region. |
| ၁၇၈၂ | တော်ဝင်စက်သုံးဆီဆိုင် | အမှတ် – ၅၈၉ (ခ)၊ မ ရမ်း တ လင်း ၊ ရန် ကုန် – ပြည် လမ်း မ ၊ မြို့ မ (၁) ရပ် ကွက် ၊ မှော်ဘီမြို့နယ် |
| ၁၇၈၃ | ဆန်စပါးနှင့် ပဲမျိုးစုံရောင်းဝယ်ရေး | ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့၊ အမှတ် (၃) ရပ်ကွက်၊ ဝေန်ရောလမ်း |
| ၁၇၈၄ | မြပန်ဝါကုမ္ပဏီလီမိတက် Mya Pan Wah Co.,ltd | အမှတ် ၃၁၊ လာဘ်မိုးရွှေလမ်း အင်းစိန်မြို့နယ်၊ ရန်ကုန် |
| ၁၇၈၅ | ဦးကျော်ဝင်း+ဒေါ်နှင်းဆီ | အမှတ် ၅၈၃/၅၈၅၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ် |
| ၁၇၈၆ | Gold Horizon Engineering & Services Co.,ltd | အမှတ် ၂၉၄(၃B)၊ Shwegonedine (Middle Qtr), Bahan, Yangon. |
| ၁၇၈၇ | ရွှေဘုန်းထက်ကုန်စည် ပို့ဆောင်ရေး | မ/ ၃၆၇ ၊ မြောက်ရပ်ကွက်၊ မူဆယ်မြို့ |
| ၁၇၈၈ | Electronic Pictures Production | ၁၀၉၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇၈၉ | Shwe Mandalar May Services Enterprises Ltd | No.12, Room8, Hnin Si Street, Mingalar Taung Nyunt Tsp, YGN |
| ၁၇၉၀ | မိုးမခ (ရာပွင့်) သစ်စက် | ချင်းတွင်းလမ်း၊ (၇)လမ်း၊ စက်မှုဇုန်ရပ်ကွက်၊ ပခုက္ကူမြို့ |
| ၁၇၉၁ | K.K.K | ဖျောက်ဆိပ်ကုန်းကျေးရွာ၊ သံရည်ကျို ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း |
| ၁၇၉၂ | Ikon Trading Co.,ltd | No. 328 (A), Pyay Road, Sanchaung Township, Yangon |
| ၁၇၉၃ | Ruby Weighing & Trading CO.,ltd | No. G – 4, Bayint Naung Tower, II–A , Bayint Naung Road, Q –4 , Kamaryut Township , Yangon |
| ၁၇၉၄ | ကြယ်စင်ဦး ချည်ထည်လုပ်ငန်း | အမှတ် ၁၅၊ ယု ဓ န လမ်း၊ ပ ခု က္ကူ မြို့ |
| ၁၇၉၅ | ရွှေမြန်မာ | အခန်းအမှတ် (၃၃)၊ ဆောက်လုပ်ရေးတိုက်တန်း။ အခန်းအမှတ် (၃၂)၊ တောင်ကျောင်းကြီးတိုက်တန်း၊ ပြင်ဦးလွင်မြို့။ မြို့ပတ်လမ်း၊ ခရိုင်တရားရုံးရှေ့။ |
| ၁၇၉၆ | Myanmar Coach Center Co.,ltd | အမှတ် (၉)၊ ရန်ကုန်-ပြည်လမ်း၊ ထောက်ကြန့်မြောက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်။ |
| ၁၇၉၇ | Myanmar Certified Training Centers Co., ltd. | 10 A, 2nd Floor, Urban Asia Centre, Botahtaung Tsp, Yangoon. |
| ၁၇၉၈ | ချစ်စနိုးဦး Car Autoservice | အမှတ် – ၃၀၈/၃၀၉၊ သစ္စာလမ်း၊ သပြေကုန်း၊ ဇမ္ဗူသီရိရပ်ကွက်၊ နေပြည်တော် |
| ၁၇၉၉ | Phoenix General Electrical Products | အမှတ် ၃၁၈/ ၃၁၉၊ ယောက်ကော်လမ်းနှင့် ပဲခူးလမ်းထောင့် ၊ ၂၃ ရပ်ကွက်၊ တောင်ဒဂုံစက်မှုဇုံ (၁) တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ ရန်ကုန်တိုင်းဒေသကြီး |
| ၁၈၀၀ | Leon Entreprise | အမှတ် (၁၃၇/ B – 4) , သံလွင်လမ်း၊ကမာရွတ်မြို့နယ် |
| ၁၈၀၁ | Treasure Hope Apex Co.,Ltd | အမှတ်(၄)၊ ပိတောက် (၅) လမ်း၊ မြို့သစ်(ဂ)၊ ရပ်ကွက်အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း |
| ၁၈၀၂ | ဇမ္ဗူကြယ်ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် | အမှတ်(၃၆)၊ ခေမာသီ(၂)လမ်း၊ မိချောင်းကန်အပိုင်း(၃)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၀၃ | CO2 Solutions Co.,Ltd | No.160,U Tayoke kyee Road Industrial Zone (2), Dagon Seikkan Township, Yangon, Myanmar |
| ၁၈၀၄ | Falcon Breeze International Co., Ltd | တိုက်(အေ)၊ အခန်းအမှတ်(၂၁၀)၊ Highway Complex၊ ဟံသာဝတီလမ်း၊ ရပ်ကွက်အမှတ်(၆)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ |
| ၁၈၀၅ | Golden Heir Trading Co.,ltd | အမှတ်(၉၃)၊ သာခုကန်လမ်း၊ သာခုကန်စက်မှုဇုံ၊ ရွှေပြည်သာမြို့နယ်။ |
| ၁၈၀၆ | ရွှေစင်ထွန်း | ဖျောက်ဆိပ်ကုန်းကျေးရွာ ၊ အမရပူရမြို့နယ် |
| ၁၈၀၇ | Royal Hap Co., Ltd | No(113), Hlaing Tsp, Yangon, Myanmar |
| ၁၈၀၈ | ချိုထောက်ပံ့ရေးလုပ်ငန်းစု | အမှတ် (၉)၊ ဖြတ်လမ်း(၃)၊ သန်ပန်ချောင်းရပ်ကွက်၊ ကျောက်ဖြူမြို့ |
| ၁၈၀၉ | မိသားစုအထည်ဆိုင် | မြေညီထပ်၊ ဆိုင်အမှတ် (၁၂၁) ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ |
| ၁၈၁၀ | MKF Company Limited | 52/B Anawmar ! St, 13 Ward, Southokkalapa Tsp, Yangon. |
| ၁၈၁၁ | Unique Synergy Co.,ltd | No.7 (A), Thiri Mingalar Street, Kamaryut Township, Yangon |
| ၁၈၁၂ | မီဒီ အလှကုန်/ လူသုံးကုန် | No.144, Hledan 3 Qtr, Kamaryut Tsp, Yangon, Myanmar |
| ၁၈၁၃ | Grand Medi Core Co.,ltd | 233 (B), Upper Kyee Myint Dyne Road, East Thardu Ward, Kyee myint dyne Township, Yangon, Myanmar |
| ၁၈၁၄ | TKS Co., Ltd | G–14,R–606 MICT Park Hlaing Township,Yangon |
| ၁၈၁၅ | PK Myanmar Trading Co.,Ltd | Yangon–Insein Rd, No36/B, BA13–3rd floor, Mayangone Tsp,Yangon,Myanmar |
| ၁၈၁၆ | မြင့်မြင့်မိုဆန်ပွဲရုံ | A–76 ၊ နောင်ရိုးလမ်း၊ ဘုရင့်နောင်ဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၁၈၁၇ | AKK Store | ၅/၈ ဗိုလ်ချုပ်လမ်း၊ စမ်းမြို့ရပ်ကွက်၊ ကလေးမြို့ |
| ၁၈၁၈ | MCC (သန်လျင်) ကွန်ပျူတာနှင့် စီးပွားရေးကျွမ်းကျင်မှု အထူးသင်တန်းကျောင်း | အမှတ်– ၂၁၊ သိမ်ကုန်းလမ်း၊ အမှုထမ်း ရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်း |
| ၁၈၁၉ | မောင်အောင်လွင် ပိုးထည် | NO (122), ဗဟိုရုံ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး အမှတ် (၇၂)၊ အရှေ့ (D) ရုံဟောင်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေး |
| ၁၈၂၀ | ရောရုပ်ရှင်ရုံ | အမှတ်– ၇ ၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ရုပ်ရှင်ရုံ |
| ၁၈၂၁ | Total Logistics Services Co.,ltd | No,205/ E, Amara Street Industrial Ward North Okkalapa Township Yangon |
| ၁၈၂၂ | မြန်မာရွှေလွင်ပြင် စက်သုံးဆီအရောင်းဆိုင် ၀၀၂ | ဦးပိုင်အမှတ်(၁၆၆)၊ ညောင်လွန့်ကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။ |
| ၁၈၂၃ | LUXURY HUB MYANMAR TRADING COMPANY LIMITED | အမှတ် (၂၁၆)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၂၄ | Live Life CO.,ltd | No. 76 A, 1st Street, South Okkalapa Industrial Zone, 8 Quarter, South Okkalapa Tsp,YGN |
| ၁၈၂၅ | MCG Co., Ltd. | လမ်း– ၄၀၊ ၇၁/၇၂ လမ်းကြား၊ မဟာအောင်မြေ၊ မန္တလေးမြို့ |
| ၁၈၂၆ | AMT Group | အမှတ်(၃/၄)၊ ပရဟိတဆိုင်ခန်း၊ လမ်းမတော်လမ်း၊ ဈေးလယ်စိုးရပ်ကွက်၊ မကွေးမြို့။ |
| ၁၈၂၇ | အောင်သုခအေး | ကသ-၇၀၊ ကုန်သည်လမ်း၊ ကျေးပင်ကြီးရပ်၊ စစ်တွေမြို့။ |
| ၁၈၂၈ | Myanmar NIC Co.,Ltd | No.363(B), Ground Floor, Banyardala Street, Tamwe Township Yangon, Myanmar |
| ၁၈၂၉ | ပြည်ထိပ်ထားကုမ္ပဏီ လီမိတက် | အမှတ် (၈၄၉)၊ ဒုတိယထပ်၊ ထူပါရုံ (၁၄) လမ်း(အနောက်)၊ (၁) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၈၃၀ | The Explorer Group (ICT Service Provider) Co., Ltd. | အခန်းအမှတ်(TB–3–4)၊ Greatwall Shopping Center, Corner of 33rd Street & 78th Street, Mandalay. |
| ၁၈၃၁ | မြတ်ဂေဟာ ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် | အမှတ် (၉၇၇) ၂ လမ်း၊ အောင်မေတ္တာ (က)၊ မကွေးမြို့ |
| ၁၈၃၂ | MEC ကိုယ်ပိုင် အထက်တန်းကျောင်း | အမှတ် (၁၀၀/၂က) ၊ (၁၀၀/၂ခ) မဲထီးလမ်း၊ ပြည်တော်သာ၊ မကွေးမြို့ |
| ၁၈၃၃ | Medical Shwe Bhone Co., Ltd | အမှတ်၇၃၊၇၄၊ ၇၅၊ အောင်သုခလမ်း၊ သင်္ဃန်းကျွန်းမြို့နယ် ၊ရန်ကုန်မြို့၊ |
| ၁၈၃၄ | Green Age Film Production | 196/200 ဓမ္မသုခကျောင်းလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၈၃၅ | ဖွဲမာန်ဝင့်ဘော်ဒါဆောင် | ခြံအမှတ်-၆၊ အိုင်ဗိုင်းလမ်း၊ ၁၂ ရပ်ကွက်၊ မအူပင်မြို့ |
| ၁၈၃၆ | ကျော်ကြီးသီးနှံပွဲရုံ | အမှတ်(၂၉၁)၊၂၄လမ်း၊ ရန်ပယ်ရပ်၊ သီးနှံပွဲရုံလုပ်ငန်း၊ မကွေးမြို့ |
| ၁၈၃၇ | Biomed Myanmar CO.,ltd | No.(151). Room (B–302), Myawady Bank Luxury Comlex. Corner ofBogyoke Aung San Road and Wardan Street, Lanmadaw Tsp. Yangon. |
| ၁၈၃၈ | MYANMAR MARITIME EXCELLENT STARS COMPANY LIMITED | No(2) Zone, Department of Marine Administration Compound Dawbon |
| ၁၈၃၉ | စိုးဝင်းမြင့် စက်သုံးဆီ/ My FEEL စားသောက်ဆိုင် | ပခန်းကြီးကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ |
| ၁၈၄၀ | Royal Shine Star Co., Ltd | No(o–1), 22 Street, Bet86x87 Street Mandalay |
| ၁၈၄၁ | Sithar Coffee Co.,ltd | No.(477), Ground Floor, Aye Yeik Thar(2) Street, Bahan Township, Yangon09–5098490 |
| ၁၈၄၂ | WM Power Co., Ltd | အမှတ်– ၁၁၆၊ သမိုင်းဘူတာရုံလမ်း၊ (၂) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန် |
| ၁၈၄၃ | Precision Focus Co., ltd | C 1/002, Zawtika Housing, Laydaunkkan Road, Thingankyung Tsp, Yangon |
| ၁၈၄၄ | OK Computer Center | မြို့မ (၂)၊ ကန်ပတ်လက်မြို့၊ ချင်းပြည်နယ် |
| ၁၈၄၅ | Burman Barbershop | No–90, Bogalay Zay Street, Botahtaung Township, Yangon |
| ၁၈၄၆ | မြမြင့်မိုရ်ကိုယ်ပိုင် အထက်တန်းကျောင်း | အမှတ် (၉၃၇/ခ)၊ သစ္စာလမ်းမကြီး၊ ဘုရားလမ်းမှတ်တိုင်၊ ၇/တောင်ဥက္ကလာ |
| ၁၈၄၇ | MEC (Mingalar Education Center) ကိုယ်ပိုင်အထက်တန်းကျောင်း | အမှတ် – ၂၀၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့ နယ်၊ ရန် ကုန် တိုင်း ဒေသကြီး |
| ၁၈၄၈ | QS Logic Co.,ltd | အမှတ်19 (စီ) ၊ ဓမ္မာရုံလမ်း၊ (၁၀) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။ |
| ၁၈၄၉ | ကိုနိုင်လင်းနှင့် ညီအစ်ကိုများ | အမှတ် ၆၄၃ ၊ ၆ လမ်း၊ (၁) ရပ်ကွက် ၊ မရမ်းကုန်းမြို့နယ် |
| ၁၈၅၀ | သီရိရတနာ ညော့ရိပ်သာ | ၃/၆၂၊ အောင်ဇေယျလမ်း၊ အောင်ဇေယျ ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း |
| ၁၈၅၁ | Mawtaung Landscape Co.,ltd | No(Tha/054), Pyihtaung Su (1st) Street, Ayetharyar Quarter, Mawtaung Township, Tanintharyi , Myanmar |
| ၁၈၅၂ | မြန်မာရွှေလွင်ပြင် စက်သုံးဆီအရောင်းဆိုင် | မိုင်တိုင် ၃၂၆၊ ပြင်စည်စံပြကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ |
| ၁၈၅၃ | Discount Corner (Furniture Shop) | Yuzana Plaza, 4th Floor |
| ၁၈၅၄ | Queen Telecom Mobile Phone | အမှတ်–၂၅၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်။ |
| ၁၈၅၅ | Everdone Company Ltd | No.(518), (41) Street, between 80 and 81 Street, Mandalay. |
| ၁၈၅၆ | ရွှေညောင်ပင် တွင်စက်မှုလုပ်ငန်း | No.500, 127 လမ်း၊ စက်မှုဇုံ၊ လှိုင်ကော်။ |
| ၁၈၅၇ | ဝင်းရတနာပွဲရုံ | အမှတ်– ၄၊ စကုလမ်း၊ မင်းဘူးမြို့ |
| ၁၈၅၈ | K & Associates Company Limited | No. Pa– 74–75, Myomazay, Pywe Yone Tan, Zabuthiri Township, Naypyitaw |
| ၁၈၅၉ | San San Training Centre | ဘုရင့်နောင်လမ်း၊ အောင်ဇေယျရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်း၊ |
| ၁၈၆၀ | အောင်သစ်ဆန်း | ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ် (၄) ရပ်ကွက် |
| ၁၈၆၁ | P3T Design Studio | အမှတ်(၂၇၂) ဘီ ၊ ကာဘိုးလမ်း၊ ၄၅ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |
| ၁၈၆၂ | Dior By Heart (DIOR) | No.D ၊ မေဥယျာဉ်အိမ်ရာ၊ ရတနာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၁၈၆၃ | ဦးမြဆိုင်ကယ်အပိုပစ္စည်း ရောင်းဝယ်ရေး | အရှေ့ဈေး၊ ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ |
| ၁၈၆၄ | Gloria Cakes & Coffee Shwe Pyi Hein Co.,ltd | 1+2 Myakhanthar Shop House, Myakanthar Lane, Kamayut |
| ၁၈၆၅ | နုနုဝေ ကုန်မျိုးစုံ ရောင်းဝယ်ရေး | အာရှလမ်း၊ ဈေးတန်း(၉) ရပ်ကွက် ၊တမူးမြို့ |
| ၁၈၆၆ | Mighty Grace Co.,ltd | 458–460, Yathar Condo, 7A, 7F1, 31st Street, Pabedan Township, Yangon |

(ဆက်လက်ဖော်ပြပါမည်)

# မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက ချောင်းမြောင်းတိုက်ခိုက်

**နေပြည်တော် ဇွန် ၂၂**

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံနယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို ယနေ့ ညနေပိုင်း တွင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ချောင်းမြောင်းတိုက်ခိုက်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ဒုံးပိုက်ကျေးရွာအနီး မောင်တော-အငူမော်ကားလမ်း၌ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ ရောက်ရှိနေပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းများကို မိုင်းထောင်၊ မိုင်းဆွဲတိုက်ခိုက်မှုများ ဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းရရှိသဖြင့် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးဆောင်ရွက်ရန်အတွက် နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များက ယနေ့ညနေပိုင်းတွင် အင်းဒင်ရဲကင်းစခန်းမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ကြောင်း၊ ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် ကိုးတန်ကောက်ကျေးရွာအနီး အရောက်၌ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ချောင်းမြောင်းတိုက်ခိုက်ခဲ့သဖြင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင် ၃ ဦး ကျဆုံးခဲ့ကာ ရဲတပ်ဖွဲ့ဝင် ၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ပြင် မော်တော်ယာဉ် လိုက်ပါမောင်းနှင် ပို့ဆောင်သည့် အရပ်သား ယာဉ်မောင်း ၁ ဦး သေဆုံးခဲ့ပြီး ယာဉ်နောက်လိုက် ၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ တပ်မတော်စစ်ကြောင်းများက အချိန်မီသွားရောက်ပူးပေါင်း၍ စစ်ကူပစ်ကူဆောင်ရွက်ပေးခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားသော AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအား ထက်ကြပ်လိုက်စစ်ဆင်လျက်ရှိကြောင်း။

AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့များအနေဖြင့် အများပြည်သူအသုံးပြုလျက်ရှိသော ဆက်သွယ်ရေးလမ်းကြောင်းများကို မိုင်းထောင်၊ မိုင်းဆွဲတိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းရေး ပျက်ပြားအောင် ဆောင်ရွက်လျက်ရှိသည့်အပြင် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များကိုပါ ယခုကဲ့သို့ ချောင်းမြောင်းတိုက်ခိုက်လျက်ရှိကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**




# လမိုင်းမြို့ မော့ကနင်ကျေးရွာတွင် မီးလောင်မှုဖြစ်

**လမိုင်း ဇွန် ၂၂**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် လမိုင်းမြို့ မော့ကနင်ကျေးရွာအုပ်စု မော့ကနင်ကျေးရွာ အမှတ်(၃) ဗုဒ္ဓဂေသီလမ်း အိမ်အမှတ် (၈/၅၀) နေ ဦးနွတ်နေအိမ်မှ ဇွန် ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၄၀ ခန့်က မီးစတင်လောင်ကျွမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် မီးစတင်လောင်ခဲ့သည့် နေအိမ် အပါအဝင် နေအိမ် ၂၁ လုံး လောင်ကျွမ်းခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

မီးလောင်ရာနေရာသို့ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မော့ကနင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ လမိုင်းမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မော့ကနင်ကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ် တစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ မိနစ် ၃၀ တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**လမိုင်း (ပြန်/ဆက်)**



ဇွန် ၂၂ ရက် နံနက် ၃ နာရီခန့်က စမ်းချောင်းမြို့နယ် လင်းလွန်းမြောက်ရပ်ကွက် ဇလွန်လမ်းအတွင်းရှိ အမြင့်ပေ ဖ၀ ခန့်၊ လုံးပတ်ရှစ်ပေခန့်ရှိ စိန်ပန်းပင်ကြီး ရုတ်တရက်လဲပြိုမှုဖြစ်ခဲ့ရာ စမ်းချောင်းမြို့နယ် မီးသတ်တပ်ဖွဲ့မှ အုပ်ချုပ်မှုယာဉ်တစ်စီး၊ ရှာဖွေကယ်ဆယ်ရေးယာဉ်တစ်စီးနှင့် မြို့နယ်စည်ပင်မှ တာဝန်ရှိသူများက လာရောက်အကူအညီပေးကြသည်။ (စိန်ပန်းပင်ပြိုလဲမှုကြောင့် သစ်ပင်အနီးတွင် ညအိပ်ရပ်နားထားသော မော်တော်ယာဉ်လေးစီး၊ သစ်ပင်အနီးမှ ခြောက်ထပ်တိုက်လေးလွှာနှစ်ခန်းတွဲပျက်စီးခဲ့ရပြီး အနီးဝန်းကျင်ရှိ လူများထိခိုက်မှုမရှိကြောင်း သိရသည်။) ကိုကြီးတင်

# ရေပူ၊ မရမ်းချောင် စစ်ဆေးရေးစခန်းများ၌ တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇၅ သန်းတန်ဖိုးရှိ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကွမ်းစားဆေးနှင့် စားသောက်ကုန် (အချိုရည်) များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# AFC Cup ပြိုင်ပွဲ အာဆီယံအုပ်စုလက်ကျန်ပွဲများ ကစားမည့်ရက်သတ်မှတ်

**ရန်ကုန် ဇွန် ၂၂**

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ရပ်နားထားရသည့် ၂၀၂၀ AFC Cup ပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲ ကစားမည့်ရက်များ သတ်မှတ်လိုက်ပြီဖြစ်သည်။

အာရှဘောလုံး အဖွဲ့ချုပ်သည် အုပ်စုလက်ကျန်ပွဲများနှင့်ပတ်သက်၍ ပြိုင်ပွဲဝင်နိုင်ငံများမှ ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူများနှင့် ဇွန် ၂၂ ရက်က ဒုတိယအကြိမ် အစည်းအဝေးပြုလုပ်ခဲ့ပြီး အာဆီယံဇုန်အုပ်စုလက်ကျန်ပွဲများနှင့် ပတ်သက်၍ သဘောတူညီမှု ရခဲ့ခြင်းဖြစ်သည်။ Video Conferencing ဖြင့် ပြုလုပ်သည့် အစည်းအဝေးတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်တို့ တက်ရောက်ဆွေးနွေးခဲ့သည်။ အာဆီယံဇုန်အုပ်စုသုံးခု၏ လက်ကျန်ပွဲများကို စက်တင်ဘာ ၂၃၊ ၂၆၊ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ယခင်ရေးဆွဲထားသည့် အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် မကျင်းပတော့ဘဲ အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ကာ ကျင်းပရန် စီစဉ်ထားသည်။ ၂၀၂၀ ရာသီ AFC Cup ပြိုင်ပွဲကို ဇုန်အလိုက်ခွဲ၍ ကျင်းပလျက်ရှိပြီး အာဆီယံဇုန် အုပ်စုသုံးခုသာ ပထမအကျော့သုံးပွဲ ကျင်းပရသေးပြီး ဒုတိယအကျော့သုံးပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။ ပထမအကျော့အပြီး အနေအထားအရ ရန်ကုန်အသင်းက သုံးပွဲကစား ခုနစ်မှတ် ရထားပြီး ရှမ်းယူနိုက်တက် အသင်းမှာမူ သုံးပွဲစလုံး အရေးနိမ့်ထားသောကြောင့် အမှတ်မရသေးပေ။ ရန်ကုန်အသင်းသည် အုပ်စု (F) တွင် ဟိုချီမင်းစီးတီး (ဗီယက်နမ်)၊ ဟောင်အန်ယူနိုက်တက် (စင်ကာပူ)၊ လာအိုတိုယိုတာ (လာအို)၊ ရှမ်းယူနိုက်တက် အသင်းသည် အုပ်စု (H) တွင် တမ်ပနိစ်ရိုဗာ (စင်ကာပူ)၊ ကာယာ (ဖိလစ်ပိုင်)၊ မာကာဆာ (အင်ဒိုနီးရှား) တို့နှင့် ပါဝင်နေသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ပြိုင်ပွဲကျင်းပသည့် ပုံစံကို အနည်းငယ်ပြောင်းလဲခဲ့သလို ပြိုင်ပွဲဝင်အသင်းများ ခရီးသွားလာမှု နည်းပါးစေရန် အုပ်စုတစ်ခုကို အိမ်ရှင်တစ်နိုင်ငံ ရွေးချယ်ကာ ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

❖ *ကျော့ဖုံးမှ*

ဂျူဗင်တပ်စ်အသင်းသည် ဂွန်ဇာလို ဟီဂူအင်၏နေရာကို အစားထိုးရန်အတွက် နာပိုလီအသင်းမှ မီလစ်ကို ခေါ်ယူရန် အခွင့်အရေးလက်လွတ်ဆုံးရှုံးလိုက်ရပြီးနောက် ယခုအခါတွင် မက္ကဆီကို တိုက်စစ်မှူး ဂျေမီနက်ဇ်ကို ခေါ်ယူလိုနေခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဂျေမီနက်ဇ်သည် ပြီးခဲ့သည့် စနေနေ့တွင် ပရီမီယာလိဂ် ပွဲစဉ် ၃၀ အဖြစ် ဝုဗ်အသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သောပွဲစဉ်တွင် ဝုဗ်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သူ ဖြစ်သည်။

ယခုအခါတွင် အီတလီသတင်းစာတစ်စောင်ဖြစ်သည့် Tuttosport က ဂျူဗင်တပ်စ်အသင်းအနေဖြင့် အသင်းဘဏ္ဍာရေးထိခိုက်မှုကို လျှော့ချနိုင်ရန် အလို့ငှာ ဂျေမီနက်ဇ်အတွက် ငွေသားအပြင်အသင်းမှ ကစားသမားနှစ်ဦးပါ အလိုက်ပေးကမ်းလှမ်းရန် စီစဉ်နေကြောင်း ရေးသားဖော်ပြထားသည်။ ဝုဗ်အသင်းသည် ဂျေမီနက်ဇ်ကို ပြောင်းရွှေ့ကြေး ပေါင် သန်း ၅၀ ဝန်းကျင်ရရှိလျှင် ရောင်းထုတ်ဖွယ်ရှိနေကြောင်း သိရသည်။ ထိုကစားသမားနှစ်ဦးထဲမှ တစ်ဦးဖြစ်သူ ရူဂါနီသည် အသင်းသို့ အိုင်းယက်စ်အသင်းမှ ဒီလစ်ရောက်ရှိလာပြီးနောက် ဆာရီ၏ မျက်နှာသာပေးခြင်း မခံရတော့ကြောင်း သိရသည်။ ထို့အပြင် ဝုဗ်အသင်းကလည်း ပြီးခဲ့သည့် နွေရာသီတွင် ရူဂါနီနှင့်ပတ်သက်ပြီး စုံစမ်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ သို့သော်လည်း ထိုအချိန်က အသင်းမှ ဝါရင့်ခံစစ်ကစားသမား တစ်ဦးဖြစ်သူ ချီလီနီ ဒဏ်ရာရရှိနေသောကြောင့် ရူဂါနီကို ထွက်ခွာခွင့်မပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဘာနာဒက်စ်ချီသည်လည်း နည်းပြ ဆာရီလက်အောက်တွင် စီရော်နယ်ဒို၊ ကွာဒရာဒိုနှင့် ဒေါက်ကလပ်စ် ကော်စတာတို့ ရှိနေခြင်းကြောင့် အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် ရုန်းကန်နေရသူဖြစ်သည့်အတွက် ထိုကဲ့သို့ အလိုက်ပေးကမ်းလှမ်းသည့် ကစားသမားနှစ်ဦးထဲတွင် ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းများ၏ ဖော်ပြချက်အရ သိရသည်။

ဂျေမီနက်ဇ်သည် ယခုသီတင်းပတ်အစောပိုင်းတွင် ၎င်းကို နာမည်ကြီးအသင်းများဖြစ်သည့် ရီးရဲမက်ဒရစ်၊ လီဗာပူးနှင့် မန်ယူအသင်းတို့က ချိတ်ဆက်ခဲ့သည်ဟု အင်တာဗျူးတစ်ခုတွင် ဝန်ခံပြောကြားခဲ့သည်။ ထို့အပြင် ဤကဲ့သို့ နာမည်ကြီးအသင်းများ၏ စိတ်ဝင်စားမှုကို ခံရခြင်းသည် မယုံကြည်နိုင်လောက်သည့် အရာတစ်ခုပါဖြစ်သည်ဟုလည်း ပြောကြားခဲ့သည်။ ဂျေမီနက်ဇ်သည် ဘင်ဖီကာ အသင်းမှ ဝုဗ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် ပြိုင်ပွဲအရပ်ရပ် ၈၉ ပွဲ ပါဝင်ကစားထားပြီး ဂိုး ၄၀ သွင်းယူပေးထားနိုင်ကြောင်း သိရသည်။ ၎င်း၏ ဝုဗ်အသင်းသည် ပရီမီယာလိဂ် ပွဲ ၃၀ ကစားပြီးတွင် ရမှတ် ၄၆ မှတ်ဖြင့် အဆင့် ခြောက်နေရာတွင် ရပ်တည်နေပြီး လာမည့်နှစ်ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်အတွက် အားကောင်းလာသည့် အခြေအနေတွင် ရောက်ရှိလာသည်။

**အောင်ဇော်**

## ဆန်အမှတ်တံဆိပ်နှင့် အမည်စာတမ်းအမှတ်အသားအား အများသိစေရန်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ မြစ်ငယ်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် (၄၇) တွင် နေထိုင်သူ ကျွန်တော် ဦးသန့်ဇော်မျိုး ၆/မအရ(နိုင်)၀၉၆၆၉၇ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်သည် အောက်တွင်ဖော်ပြထားသော ဆန်အမှတ်တံဆိပ်နှင့် စာတမ်းအမှတ်အသားအားပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာခြင်းအဖြစ် တရားဝင်သုံးစွဲအသုံးပြုနိုင်ရန်အတွက် မြိတ်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၁၁၁/၂၀၂၀ ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။




အထက်တွင် ကပ်နှိပ်ဖော်ပြထားသည့် ဆန်အမှတ်တံဆိပ်နှင့် စာတမ်းအမှတ်အသားအား ကျွန်ုပ်မှ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သော ဆန်ရောင်းဝယ်ရေးလုပ်ငန်းတွင် အသုံးပြုမည့် ဆာလာအိတ်များ၊ အင်္ကျီ၊ ဆိုင်းဘုတ်၊ လိပ်စာကတ်များ၊ စည်းတံဆိပ်၊ ပြေစာဖြတ်ပိုင်း စာအုပ်တို့တွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ပြီး ဆန်ရောင်းဝယ်ရေး လုပ်ငန်းများအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကြေညာ၍ မိမိ၏ ဆန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် သုံးစွဲအသုံးပြုမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဆန်အမှတ်တံဆိပ်နှင့် အမည်စာတမ်းအမှတ်အသားကို ကျွန်ုပ်မှတစ်ပါး အခြားသူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အများကဖြစ်စေ၊ ဆင်တူယိုးမှားသော်လည်းကောင်း၊ ပုံတူထင်ယောင် ထင်မှားသော်လည်းကောင်း အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြစ်စေ၊ သံတူကြောင်းကွဲဖြစ်စေ၊ တုပသုံးစွဲအသုံးပြုပါက ဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူခြင်းခံရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန့်ဇော်မျိုး**
**၆/မအရ(နိုင်)၀၉၆၆၉၇**
**အမှတ်(၄၇)၊ ဗဟိုလမ်း၊ မြစ်ငယ်ရပ်၊ မြိတ်မြို့**
**ဖုန်း-၀၉-၅၆၄၁၃၇၉**

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### ကလေးခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် -၅

**ကွယ်လွန်သူ ဦးဇမ်ဆွင်းမုန်၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တပ်ဦးသီတာရပ်ကွက်၊ နယ်မြေ (၈/၉၂)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဇမ်ဆွင်းမုန် (ဘ)ဦးနန်ထောင်၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေထိန်းစာလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးကျင့်ရှင်းပေါင် (ဘ)ဦးနန်ထောင် ၅/ကလထ(နိုင်)၀၅၈၀၉၅၊ တပ်မတော်(ငြိမ်း)၊ ကြို့သုံးပင်ရပ်ကွက်၊ နယ်မြေ(၁၁/၂၅)နေသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၆ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၂ ရက်) တနင်္လာနေ့၌ ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဇမ်ဆွင်းမုန်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၆ရက်(၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ ရက်) တနင်္လာနေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးကျင့်ရှင်းပေါင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိန်းထိုက်ဦး)**
**ခရိုင်တရားသူကြီး**
**ကလေးခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၈)၊ မြေကွက်အမှတ် (၆၈၈)၊ ပဲခူးမြစ်လမ်း၊ အကျယ်အဝန်း (၄၀'×၆၀') ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းကမ်းလှမ်းလာသူ ဦးစော်စော်အောင် (၉/မရမ(နိုင်)၀၈၀၁၇၃) ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။**

**ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ အကွက်အမှတ် (၁)၊ ပဒေသာ၊ ဦးပိုင်အမှတ် (၁၄၈)၊ မြေယာအမှတ်(248)၊ မြေရီယာ ၀ ဒသမ ၁၁၀ ဧကရှိ မြို့မြေငှားဂရန်အမှုတွဲအမှတ် (၉၃၂/၉၀-၉၁)အရ ဒေါက်တာဖရင့်အာမြ အမည်ပေါက်ခဲ့သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်၊ စံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်လှလှအေးနှင့် ဒေါ်ခင်သီတာမျိုးတို့နှစ်ဦးမှ နေအိမ်ခြံမြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၀၉၁/၂၀၂၀)အရ ဝယ်ယူပိုင်ဆိုင်ပြီး ပြင်ဦးလွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း/သက်တမ်းတိုးဂရန်သစ် ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာစာပါသည့်ရက်မှ အစပြု၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ဟ/၇၁၄၀ Bojej 100 Three Wheel Vehicla (Passgener) ယာဉ်လက်ဝယ်ရှိသူ Genuine Auto Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/2979 TOYOTA WISH ZNE10 STATION WAGON(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန်းကျော်စိုး ၉/မနမ(နိုင်)၀၀၃၈၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ပေါက်မြို့နယ်တရားမရုံး၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၁၈

| | | |
|---|---|---|
| မသီရိဟေမာန်ထွန်း | နှင့် | မောင်ဝေဖြိုးထွန်း |
| **တရားလို** | | **တရားပြိုင်** |

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ အောင်တော်မူရပ်ကွက်နေ တရားပြိုင် မောင်ဝေဖြိုးထွန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ မသီရိဟေမာန်ထွန်းက တရားဝင်အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှိသူဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇွန် ၂၄ ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလဆန်း ၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို၏ စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မနားရှိန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ပေါက်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ အကွက်အမှတ် (၇-ပဒေသာ)၊ ဦးပိုင်အမှတ် (၂၀၂)၊ မြေယာအမှတ် (202)၊ မြေရီယာ ၀ ဒသမ ၀၅၅ ဧကရှိ ပြင်ဦးလွင်ခရိုင်မြေငှားဂရန်အမှုတွဲအမှတ် (၁၄၂/၂၀၁၇-၂၀၁၈)အရ ဦးမိုးမြင့်အမည်ပေါက်ခဲ့သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်၊ စံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်စန်းသီတာမှ နေအိမ်ခြံမြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၁၄၂/၂၀၂၀)အရ ဝယ်ယူပိုင်ဆိုင်ပြီး ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း/ဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/6376 Forland Bj3042D SPFA E2 D.J(၄x၂) ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဟန် ၉/တတဥ (နိုင်)၀၂၇၆၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အမည်မှန်

ထီးချိုင့်မြို့၊ ဖုန်ကုန်းလေး ကျေးရွာနေ ဦးညွန့်ရွှေ၏သမီး အမည်မှန်မှာ မမေဇင်သန်း ၅/ထခန (နိုင်)၀၉၂၆၃၂ ဖြစ်ပါကြောင်း။

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/2077 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/1501 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## ရောင်းချရန်ကြော်ငြာစာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ်-၉၅

| | | |
|---|---|---|
| ဦးဝင်းကျော် | နှင့် | ၁။ ဒေါ်ဖြူဖြူ<br>၂။ ဦးခင်မောင်ဝင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

မန္တလေးခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် - ၅၂/၂၀၁၅ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၃ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ ရက်) နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညညု-၄၆)၊ ဦးပိုင်အမှတ် (၁၂)၊ ၃၀ပေx၄၀ပေ အကျယ်အဝန်းရှိ ဦးအေးအမည်ပေါက်မြေကွက်ထဲမှ တောင်ဘက် ဦးအေး၊ မြောက်ဘက် ဒေါ်ချိုချိုမြင့်တို့၏ အလယ်ပိုင်း(၂၀ပေx၄၀ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ထရံကာသွပ်မိုး၊ မြေစိုက်အဆောက်အဦ၊ ရေ-မီးအစုံအလင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

**လေလံကြမ်းခင်းဈေး ကျပ်သိန်း (၅၀၀) (ကျပ်သိန်းငါးရာ)**

**လေလံတင်ရောင်းချမည့်စည်းကမ်းများ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်အတိုင်း စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကို ပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(တင့်တင့်ဌေး)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

## တစ်ချက်တည်းကျင်းဝင်

၂၀-၆-၂၀၂၀ ရက်တွင် မူဆယ်မြို့ ရွှေသမင်ဂေါက်ကွင်း၌ ဒေါက်တာစိုင်းကျော်နိုင် (ငြိမ်းထက်စံ)သည် ကစားဖော်များဖြစ်ကြသော ဦးကျော်မြင့်(97)၊ ဦးခေါ်ဆောင်(KBZ)၊ ဒေါ်နန်းလှဦး၊ ဒေါ်ဇင်မိုးဖြူတို့နှင့်အတူ ဂေါက်ရိုက်ကစားစဉ် ကျင်းအမှတ် 8 HOLE အကွာအဝေး 160 ကိုက်ကို Titleist No (Avx-3) ဘောလုံးအား HONMA Tw 727 IRon No(7)တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D-4769 Toyota Mark II JZX 110 S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မြင့်ထွန်း ၅/ကနန(နိုင်)၀၅၁၉၉၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၂၁၉၁)၊ ဧရိယာကေအတွက် မြေပေးမိန့်ထုတ်ပေးပါရန် ဒေါ်အေးအေးမူ(ကိုယ်စား) ဒေါ်တင်ညို (ဘ)ဦးဖိုးငွေ ၉/ပမန(နိုင်)၁၁၄၆၂၉ မှ မြေချစလစ်၊ နှစ်ဦးသဘောတူအရောင်းအဝယ်စာချုပ်၊ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၅၀၅/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ (၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများ တင်ပြ၍ မြေပေးမိန့်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများတင်ပြပြီး ယနေ့မှစ၍ ခုနစ်ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/1582 JIN BEI MINI BUS (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခမ်းဘူ ၁/ပတအ(နိုင်)၀၂၉၃၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖခင်အမည်မှန်

ဖောင်းပြင်မြို့နယ်၊ အထက (မင်းယားစံပြကျေးရွာ)ဆဋ္ဌမတန်း(A)မှ မောင်ထက်ရဲရင့်နှင့် ပထမတန်း(B)မှ မရွှေရည်ရွှန်းပိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုကိုပိုင် ၁၄/လပတ(နိုင်)၁၃၂၂၄၇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ အကွက်အမှတ် (၁၂-ညံတောအနောက်)၊ ဦးပိုင်အမှတ်(၁၇၀-ခ)၊ မြေယာအမှတ် (93)၊ မြေရီယာ ၀ ဒသမ ၀၆၇ ဧကရှိ မြို့မြေငှားဂရန်အမှုတွဲအမှတ် (၁၃၅/၁၉၇၆-၁၉၇၇)အရ ဦးအပါလွင် ပါ(၃)ဦး အမည်ပေါက်ခဲ့သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်၊ စံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်မီမီလွင်နှင့် ဦးညီညီလွင်တို့နှစ်ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်အမှတ်(၁၀၅/၂၀၂၀)အရ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ပြီး ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်း/သက်တမ်းတိုးဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများ ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ကြို့ပင်ကောက်မြို့၊ ဈေးချိုတောင်ရပ်ကွက်၊ ပွဲစားတန်းလမ်းရှိ အကွက်အမှတ် ၅^s ဈေးချိုရပ်၊ ဦးပိုင်အမှတ် ၁၀၈^a၊ မြေရီယာ ၀ ဒသမ ၀၄၉ ဧကရှိ ဂရန်မြေကွက်သည်ကွယ်လွန်သူ ဦးမောင်လှနှင့် ဇနီးဒေါ်အုံးတင် ဂရန်အမည်ပေါက်နေထိုင်ပိုင်ဆိုင်ခဲ့ပြီး မိဘများကွယ်လွန်သွားသည့်အခါ သားဖြစ်သူ ဦးစိန်ဝင်းမှ အမွေဆက်ခံပိုင်ဆိုင်လာရာမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်လင်းထံသို့ ဦးစိန်ဝင်းက ၁၉၉၅ ခုနှစ်တွင် အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ရာ ဦးဇော်လင်းက လက်ရောက်ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။ တာဝန်ယူရောင်းချသူ ဦးစိန်ဝင်းမှ ဂရန်အမည်ပေါက်သူ မိဘများကွယ်လွန်ချိန်တွင် ဂရန်စာရွက်စာတမ်းတို့မှာ ပျောက်ဆုံးနေသဖြင့် ကျွန်ုပ်မိတ်ဆွေထံ ပေးအပ်နိုင်ခြင်းမရှိ၍ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည်တို့ကို သက်ဆိုင်ရာမြို့မရဲစခန်း၊ မြို့နယ်တရားရုံးနှင့် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတို့တွင် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှ အဆိုပါဂရန်မြေကွက်အား ဂရန်သက်တမ်းတိုးအမည်ပြောင်းလျှောက်ထားဆောင်ရွက်နေပြီဖြစ်သဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုဂရန်မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဂရန်အမည်ပြောင်းသက်တမ်းတိုးခြင်းအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်ဝင်း**
**B.A(Law) LL.B (Advocate)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၈၅) (၂၇-၉-၂၀၀၄)
အမှတ်-၇၄၊ လှည်းတန်းလမ်း၊ ဈေးချိုတောင်ရပ်ကွက်၊
ကြို့ပင်ကောက်မြို့၊ ဖုန်း-၀၉-၅၃၇၄၃၈၀

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်မြို့၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာစီမံကိန်းရှိ Star City (C)၊ အဆောက်အဦအမှတ်(C-2)၊ အခန်းအမှတ်(၁၅၀၂)၊ ၁၅-လွှာ၊ အကျယ်အဝန်း (၁၅၈၃) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးအောင်လင်း (၁၂/ကမရ(နိုင်)၀၂၈၇၇၈)၊ ဦးလှမျိုး (၁၂/ဗဟန(နိုင်)၀၇၀၄၁၈)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။**

**ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။**

**လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်အေးမြမွန် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၆၇၉)**
**အမှတ်(၆)၊၄-လွှာ(ယာ)၊ ၁၂၃-လမ်း၊ သပြေကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၇၉၅၆ ၈၃၃၇၈**

## ကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဇောဓိရိပ်သာလမ်း၊ အိမ်အမှတ်(၈)နေ (ဦးလှတင်) -ဒေါ်ရပ်စောမွေ့တို့၏သမီး၊ (ဦးချန်စိန်ဗုက်-ဒေါ်ချိန်ဆွိချို)တို့၏သမီးချွေးမ၊ ဦးဇော်မင်း@လုလု ၏ချစ်လှစွာသောဇနီး၊ ဦးချမ်းငြိမ်းဇော်-ဒေါ်အိအိသွယ်၊ ဒေါက်တာကျော်ထွန်းဝင်း-ဒေါ်ပိုးသဲ၊ဒေါ်အိသဲတို့၏ ချစ်လှစွာသောမွေးသမိခင်၊ မြေးဖြစ်သူမောင်ဇေယံ၊ မဇဲလ်လာလုဝင်းတို့၏ အဘွား **ဒေါ်အေးအေး(ခ) လီအဟောင် အသက်(၆၄) နှစ်** သည် ၂၀-၆-၂၀၂၀ရက်(စနေနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူအား ပြုစုစောင့်ရှောက်ကုသပေးခဲ့ကြသော အာရှတော်ဝင်ဆေးရုံကြီးမှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအားလည်းကောင်း၊ ၂၁-၆-၂၀၂၀ရက်(တနင်္ဂနွေနေ့) ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ပေးသော အဘဦးအောင်ဖုန်း၊ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)နှင့် စစ်ဘက်နယ်ဘက်အရာရှိကြီးများ၊ Yangon Golf Club မှ အဖွဲ့ဝင် အသင်းသူ၊ အသင်းသားများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီအသီးသီးမှ အကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လွမ်းသူ့ ပန်းခြင်း၊ လွမ်းသူ့ ပန်းခွေပေးပို့သူများနှင့် ရည်စူးကုသိုလ်အတွက်လှူဖွယ်ပစ္စည်းပေးပို့သူများအားလုံးကိုလည်းကောင်း၊ ကွယ်လွန်သူ၏ အရိုးပြာအိုးအား ရန်ကုန်ပင်လယ်ဝတွင် ရေမျှောနိုင်ရန် Cruise စီစဉ်ဆောင်ရွက်ပေးသော ဦးကျော်ထွန်း Yangon River Cruise အားလည်းကောင်း၊ ဝမ်းနည်းကြေကွဲကြောင်း လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း၊ လူမှုကွန်ရက်တို့မှ သတင်းမေးမြန်း အားပေးစကားပြောကြားပေးကြသော ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ဆွေသူငယ်ချင်းများအားလည်းကောင်း၊ ဈာပန အခမ်းအနားအတွက် အဘက်ဘက်မှ လိုလေသေးမရှိအောင် မေတ္တာအပြည့်ဖြင့် စီစဉ်ဆောင်ရွက်ပေးသော **ဦးတေဇ(Htoo Group of Companies )**နှင့် ဝန်ထမ်းများအားလုံးကိုလည်းကောင်း၊ ဈာပနကိစ္စအဝဝကို အဆင်ပြေချောမွေ့အောင် ကူညီဆောင်ရွက်ပေးသော **ဦးမင်းသိန်း** အားလည်းကောင်းနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို နွေးထွေးလှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

### တစ်ဦးတည်းဖြစ်ပါကြောင်း

တပ်ကုန်းမြို့နယ်၊ မူလွန်-(မကျီးကုန်း)တွင် တာဝန်ထမ်းဆောင်နေသော အထွေထွေ ဆရာမ ဒေါ်သက်သက်ခိုင်၏ ဖခင်အမည်မှန်မှာ ဦးဖိုးပြား(ခ)ဦးသန်းထွန်း ၉/ တကန(နိုင်)၁၄၉၄၃၃မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/ 7395 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

---

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/4035 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ် ကြောင်း အများသိစေရန်ကြေညာအပ်ပါ သည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေး(ခ)LE AH HAUNG
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဇောဓိရိပ်သာလမ်း၊ အိမ်အမှတ်(၈)နေ HTOO Group of Company ၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေး(ခ)LE AH HAUNGသည် ၂၀-၆-၂၀၂၀ရက် နံနက် ၈:၃၀ နာရီတွင် ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဇောဓိရိပ်သာလမ်းရှိ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Limited မိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်
### LL.B(81. Batch)
### အသက်(၆၃)နှစ်

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ နာယက၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း)ဒေါက်တာခင်ဇော်၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်သည် ၂၁-၆-၂၀၂၀ ရက် နံနက် ၁၀:၄၆ နာရီတွင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ ဒေါက်တာ မြဟန်နှင့် ဗဟိုအလုပ်အမှုဆောင်များ**
**မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း
### အသက်(၇၉)နှစ်

Golden Land Co., Ltd (Dawei) ဦးသူရိန်သန်းဆွေ(Director )၏ ကျေးဇူးရှင် မိခင် ဒေါ်ခင်ခင်ဝင်းသည် ၂၁-၆-၂၀၂၀ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Golden Land Co., Ltd (Dawei)**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအုန်းခင်(စမ်းချောင်း)
### တပ်မတော်-ရေ(ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း(ငြိမ်း)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဇော်ဂျီလမ်း၊ အမှတ်(၆၇၇)နေ (ဦးလှတင်-ဒေါ်ခင်ရီ)တို့၏ သားကြီး၊ (ဦးအောင်စိုး-ဒေါ်မမလေး)တို့၏သားသမက်၊ (ဦးကျော်မြင့်)-ဒေါ်ခင်မာကြည်၊ (ဦးသိန်းခင်)၊ ဒေါ်ခင်မေအုန်း၊ ဒေါက်တာ ဦးမင်းဆွေ(ရန်ကုန်ဆေးရုံသစ်၊ ဆေးရုံအုပ်ကြီး-ငြိမ်း)-ဒေါ်သန်းသန်း၊ ဦးဝင်းကြည်-(ဒေါ်စန်းရီ)၊ ဦးအုန်းကျော်-ဒေါ်ဝင်းတင်၊ ဦးအုန်းသိန်း-ဒေါ်ခင်စန်းမော်တို့၏အစ်ကိုကြီး၊ ဦးစိုးရ-ဒေါ်ခင်ဝင်း၊ ဦးရဲမြင့်-ဒေါ်သန်းသန်းအေး(ထ-၁၊ မ/ဒဂုံ၊ ငြိမ်း)၊ ဦးစိုးနိုင်-ဒေါ်သိန်း သိန်းဦး၊ ဒေါ်မိုးသူဇာ၊ ဦးကိုကိုကြည်-ဒေါ်ကြည်ကြည်ဝင်း(အမက-၆၊ မူလွန်၊ တောင်ဒဂုံ)၊ ဒေါ်နှင်းယုလွင်၊ ဒေါ်အေးမြကြည် (ဗဟိုငှက် ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ ရန်ကုန်)၊ ဒေါ်အေးပပခိုင်(MEGA Co.,Ltd)တို့၏ဖခင်၊ တူ၊ တူမ ၂၅ယောက်တို့၏ဘကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ (ဒေါ်မြင့်မြင့်)၏ချစ်လှစွာသောခင်ပွန်းသည် ၂၂-၆-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၀၀:၅၀နာရီတွင် Green Cross ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၄၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီမှ ၁၁နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### အမည်မှန်

ဦးသန်းထွန်း၏သား ကန်ကြီးထောင့်မြို့၊ အထက နဝမတန်း အောင်မှ မောင်သူရ၏ အမည်မှန်မှာ မောင်သူရစိုး ဖြစ်ပါကြောင်း။

**မောင်သူရစိုး**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မင်း(ခ)ဦးလုလု၏ ဇနီး ဒေါ်အေးအေး အသက်(၆၄)နှစ်သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Best Friends:** ယဉ်ထွေးသက်၊ ခင်မောင်ဝင်း(မွန်လေး)၊ ဖြိုးမောင်မောင်၊ စိုးမြင့်(USA)၊ Norman Wu (USA), Sammy Thane(USA), Johnny(USA)၊ အုန်းမြင့်(S'pore)၊ သာဒင်(USA), Willie Wu

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဇော်မင်း(ခ)ဦးလုလု၏ ဇနီး ဒေါ်အေးအေး အသက်(၆၄)နှစ်သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Lee Tian Tong & Family (S'pore)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေး(ခ)LE AH HAUNG
## အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဇောဓိရိပ်သာလမ်း၊ အိမ်အမှတ်(၈)နေ HTOO Group of Company ၏ ဒုတိယ ဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ ချစ်လှစွာသောဇနီး ဒေါ်အေးအေး(ခ)LE AH HAUNGသည် ၂၀-၆-၂၀၂၀ရက် နံနက် ၈:၃၀နာရီတွင် ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဇောဓိရိပ်သာလမ်းရှိ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Grand Yangon Public Co.,Ltd မိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

Htoo Group of Companies ၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ ဇနီးဖြစ်သူ (ဒေါ်အေးအေး @ LE AH HAUNG) အသက်( ၆၄)နှစ် သည် ၂၀-၆-၂၀၂၀ရက် နံနက် ၈:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးအေးဝင်းနှင့် ဒေါ်နွယ်နီတင်မိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်အေးအေး@Le Ah Haung
### အသက်(၆၄)နှစ်

Htoo Group of Companies ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်း(ခ)ဦးလုလု၏ဇနီး ဒေါ်အေးအေး@Le Ah Haung သည် ၂၀-၆-၂၀၂၀ရက်(စနေနေ့) နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

**ဦးသက်ခိုင် (Honma Golf)**
**ဦးဝင်းထင်ကျော်(W.H.K)**
**Cepsa Lubricant မိသားစု**

---

### အမည်မှန်

ဦးမြင့်ဆွေ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နေ ဦးစည်သူကို၏ အမည်မှန်မှာ ဦးခန့်ဇော်ဟိန်း ၅/ကလထ(နိုင်)၁၅၇၁၆၃ ဖြစ်ပါကြောင်း။

**ဦးခန့်ဇော်ဟိန်း**

---

### ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အလက (သူရဲချောင်းကျေးရွာ) အဋ္ဌမတန်းမှ မောင်ပြည့်ဖြိုးအောင်၏ဖခင် ဦးဖိုးထောင်၏ အမည်မှန်မှာ ဦးထောင်ကျော် ၁၄/မမက(နိုင်)၁၅၆၈၇၉ ဖြစ်ပါကြောင်း။

**ဦးထောင်ကျော်**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/3326 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

## သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ခင်ဝင်း
(ထားဝယ်)
အသက်(၇၉)နှစ်

ထားဝယ်မြို့၊ တလိုင်းထိန်ရပ်နေ (ဦးဘိန်ကြည်-ဒေါ်သောင်းစိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ (၁)ဦးသန်းဆွေ (ယဉ်ကျေးမှု ဒုဝန်ကြီး)(ငြိမ်း)၏ဇနီး၊ ရန်ကုန်မြို့၊ စီးပွားရေးတက္ကသိုလ် စာရင်းအင်းဌာန ပါမောက္ခ ဒေါက်တာ မြသန္တာ၊ မနုဿဗေဒဌာန ကထိက(အငြိမ်းစား) ဒေါ်အေးစန္ဒီ-ဗိုလ်မှူးကြီးကျော်ထွေး(တပ်မတော်-ရေ)၊ အင်္ဂလိပ်စာဌာန ကထိက ဒေါ်ဝင်းမဠူ၊ ဦးသူရိန်သန်းဆွေ-ဒေါ်ရင်ရင်သက်တို့၏ မိခင်၊ မောင်အောင်ဘုန်းပြည့်၊ မခင်သုန္ဒြေဦး၊ မောင်ဟိန်းသူရိန်ဆွေတို့၏ အဘွားသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)ညနေ ၄:၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၆-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ကူးတို့ သုသာန်သို့ ပို့ဆောင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဒုတိယဗိုလ်မှူးကြီး သိန်းအောင်(ငြိမ်း)
ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
မျက်စိရောဂါပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်
အကြံပေးပုဂ္ဂိုလ်၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မြေနုလမ်း၊ မြေနီကုန်း၊ 2 A ရွှေပိတောက်ကွန်ဒိုနေ (ဦးတင့်-ဒေါ်သန်းစိန်)(ကျောင်းကုန်း)တို့၏သား၊ ဒေါ်ခင်ခင်မြင့်၊ ဦးထွန်းဝေ-ဒေါ်တိုးတိုးကြည်၊ ဒေါ်ချိုချိုတင့်တို့၏မောင်၊ ကိုမြတ်မင်းသူ-ဒေါက်တာ အိအိခိုင်၊ ကိုလင်းချိုထွန်း-ဒေါက်တာဖြူဖြူသိမ်း၊ ကိုမျိုးမင်းအောင်-မဝင်းဝင်းစိုးအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါက်တာ မြသီတာအေး၏ ခင်ပွန်းသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၀:၃၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၂၀ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) ငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၇-၆-၂၀၂၀ရက်(စနေနေ့)နံနက်တွင် အထက်ပါ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
သက်ကြီးကန်တော့ခံ
### ဒေါ်အုန်းမြင့်(ခ) ဒေါ်ခင်အေးမြင့်(မြိတ်)
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ် ၂၆(မြေညီထပ်) နေ ဦးကျော်တင့်(နာယက၊ မြိတ်မြို့နယ်အသင်း၊ ရန်ကုန်)၏ဇနီးသည် ၁၇-၆-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **အမှုဆောင်အဖွဲ့**

### မြိတ်မြို့နယ်အသင်း(ရန်ကုန်)
သက်ကြီးကန်တော့ခံ
### ဒေါ်တင်တင်အုန်း(မြိတ်)
အသင်းဝင်အမှတ်-၁၆၁၇
အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပိတောက်ပင်လမ်း၊ အမှတ်(၂၀/၂၂၊ မြေညီထပ်)နေ ဦးကျော်ဇော(အလုပ်အမှုဆောင်၊ မြိတ်မြို့နယ်အသင်း-ရန်ကုန်)၏ဇနီး ဒေါ်တင်တင်အုန်းသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **အမှုဆောင်အဖွဲ့**

## ဦးစိန်သောင်း
အသက်(၇၉)နှစ်

ရောဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နေ ဆရာကြီး ဦးတင်မောင်-ဒေါ်ပုတို့၏ သားကြီး၊ ဒေါ်မြစီ၏အစ်ကိုကြီး၊ ဟင်္သာတမြို့၊ မြဝတီရပ်ကွက်၊ သီရိ(၂)လမ်း၊ အမှတ်(၄၇၇)နေ (ဒေါ်စိန်မြင့်)၏ ခင်ပွန်း၊ ကိုလှနိုင်မင်း-မသက်သက်အေးတို့၏ ဖခင် ဦးစိန်သောင်းသည် ၂၂-၆-၂၀၂၀ရက် ညနေ ၃:၂၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

### ဝမ်းနည်းကြေကွဲခြင်း
### SAMUEL ဦးရှင်းသန့်ထွဋ်
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားဦးစီးဌာန
တံတားအထူးအဖွဲ့(၆)၊ နေပြည်တော်
အသက်(၄၄)နှစ်

SAMUEL ဦးရှင်းသန့်ထွဋ်သည် ၂၂-၆-၂၀၂၀ရက် (တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကယားပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနများမှ အရာထမ်း၊ အမှုထမ်းမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ဒဂုံမြောက်ပိုင်းမြို့နယ်၊ (၄၅) ရပ်ကွက်၊ ကြေးတိုင်လမ်း၊ အမှတ် (၁၂၃)နေ United Friends Abilities Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဦးတင်ဝင်းအောင်၏ဖခင် ဦးမောင်ဝင်း အသက် (၇၇) နှစ်သည် ၂၁-၆-၂၀၂၀ ရက် (တနင်္ဂနွေနေ့) ညနေ ၆:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဖွဲ့စည်းတည်ထောင်သောဒါရိုက်တာအဖွဲ့**
**United Friends Abilities Co.,Ltd**

### ဦးအောင်ကျော်ဇော(စစ်တွေ)
အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ကျောက်မြောင်းလမ်းနှင့်မြို့သစ်(၁)လမ်းထိပ်၊ အမှတ်(၈၄)၊ (၇)လွှာ-(A)နေ(ဦးအောင်ထွန်းဦး)+(ဒေါ်စိန်ခိုင်ဦး)တို့၏သား၊ ဒေါ်မခင်သန်း၏ခင်ပွန်း၊ ဦးတင်မောင်(Chief Accountant, NPGPG Ltd.)+ဒေါ်ခင်စောဦး(Manager, UAB, PZD-Yekyaw)၊ ကိုမောင်သာအေး(ကိုသာအေးစာရေးကိရိယာနှင့်အထွေထွေရောင်းဝယ်ရေး)+မသန်းသန်းဌေး တို့၏ဖခင်၊ မြေး(၄)ယောက်တို့၏အဖိုးရှင်သည် ၂၂-၆-၂၀၂၀ ရက်(တနင်္လာနေ့) နံနက် ၇:၃၀တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ(၂)နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် စတင်ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

### ဦးကျော်ခိုင်သန်း(ခ)ဦးပေါက်စ
TUNN STAR CO.,Ltd
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၉)ရပ်ကွက်၊ (၄၈)လမ်း၊ အမှတ်(၇၀/၇၂)နေ ဦးငွေသန်း(တရားလွှတ်တော်ရှေ့နေ)- ဒေါ်ခင်သန်းထိုက်တို့၏သား၊ (ဦးမြင့်ခိုင်သန်း)၏ညီ၊ ဒေါ်မြမျိုးသန်း၊ ဒေါက်တာအေးမင်းသန်း(တွဲဖက်ပါမောက္ခ၊ သမိုင်းဌာန၊ ရန်ကုန် အဝေးသင်တက္ကသိုလ်)-(ဦးရဲထွဋ်)၊ (ဦးဘိုသန်းဌေး)-ဒေါ်နီလွဲ့ဝင်းတို့၏အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၂၃၊ က)၊ မိသားစုလမ်းနေ ဒေါ်အေးအေးခိုင်မြင့်သန်း၏ခင်ပွန်း၊ မောင်ကောင်းထက်၏ဖခင်၊ တူ၊ တူမ သုံးယောက်တို့၏ဘကြီးသည် ၂၁-၆-၂၀၂၀ရက် ညနေ ၆:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးအေးမြင့်
အသက်(၆၃)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဒေါက်တာခင်ဇော်၏ဇနီး ဒေါ်အေးအေးမြင့် သည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယဝန်ကြီး ဦးတင်မြင့်နှင့်ဇနီး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်
အသက်(၆၃)နှစ်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ (မွေးရေ/ ကျေးလက်)မှ အမြဲတမ်းအတွင်းဝန်(ငြိမ်း)ဒေါက်တာခင်ဇော်၏ဇနီး ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့်သည် ၂၁-၆-၂၀၂၀ရက် နံနက် ၁၀:၄၆ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့်အရာထမ်း၊ အမှုထမ်း
မိသားစုများ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်

### အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်အေးအေးမြင့်(ခ)ဒေါ်မြင့်မြင့် အသက်(၆၃)နှစ်
(LL.B, 81.Batch)

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြသော်တာလမ်း၊ အမှတ်(A-181)နေ ဒေါက်တာခင်ဇော် အမြဲတမ်းအတွင်းဝန်(ငြိမ်း) စိုက်ပျိုးရေး ၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ချစ်လှစွာသောဇနီးသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၀:၁၅ နာရီတွင် ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး သိန်းအောင်(ငြိမ်း)
ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ မျက်စိရောဂါပညာ ဌာန၊
တပ်မတော် ဆေးတက္ကသိုလ်
အကြံပေးပုဂ္ဂိုလ်၊ အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)
နာယက၊ မြန်မာနိုင်ငံဆရာဝန်အသင်း (မျက်စိရောဂါပညာအဖွဲ့)
အသက်(၇၅)နှစ်

မြန်မာနိုင်ငံဆရာဝန်အသင်း(မျက်စိရောဂါပညာအဖွဲ့)၏နာယကအဖွဲ့ဝင်၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ မျက်စိရောဂါပညာ ဌာန၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး သိန်းအောင်(ငြိမ်း)သည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၀:၃၅ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်း နည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံဆရာဝန်အသင်း(မျက်စိရောဂါပညာအဖွဲ့)**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး သိန်းအောင်(ငြိမ်း)
ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)
မျက်စိရောဂါ ပညာဌာန၊ တပ်မတော် ဆေးတက္ကသိုလ်
အကြံပေးပုဂ္ဂိုလ်၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)
အသက်(၇၅)နှစ်

သည် ၂၁-၆-၂၀၂၀ ရက်(တနင်္ဂနွေနေ့) ည ၁၀:၃၅ နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မျက်စိရောဂါပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် မျက်စိကုသမှုပါရဂူများ (ဆေး ဝန်ထမ်းတပ်ဖွဲ့)အနေဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်အေးအေး @ Le Ah Haung
အသက်(၆၄)နှစ်

ရန်ကုန်ဂေါက်သီးရိုက်အသင်း (YGC)၏ Captain ဦးဇော်မင်း(ခ)ဦးလုလု၏ဇနီး ဒေါ်အေးအေး(ခ)Le Ah Haung သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTS(30) သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးရှင်းသန့်ထွဋ်
B.E(Civil)
အသက်(၄၄)နှစ်

တံတားအထူးအဖွဲ့(၆)၊ နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးရှင်းသန့်ထွဋ်သည် ၂၂-၆-၂၀၂၀ရက် (တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တံတားအထူးအဖွဲ့(၆)မှ ဝန်ထမ်းမိသားစုများ**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်ဆွေ(ခ)ဦးမောင်မြင့်
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ စက်မှု(၁)
အသက်(၇၇)နှစ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်ခင်ငွေးကြွယ်၏အစ်ကိုဖြစ်သူ ဦးမြင့်ဆွေ(ခ)ဦးမောင်မြင့်သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၁:၀၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

### ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်ဆွေ(ခ)ဦးမောင်မြင့်
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း၊ စက်မှု(၁)
အသက်(၇၇)နှစ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဒေါ်ခင်ငွေးကြွယ်၏အစ်ကိုဖြစ်သူ ဦးမြင့်ဆွေ(ခ)ဦးမောင်မြင့်သည် ၂၀-၆-၂၀၂၀ရက် (စနေနေ့) နံနက် ၁:၀၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန်နှင့်ဝန်ထမ်းများ**
**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
### ဦးမောင်ဝင်း
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ကြေးတိုင်လမ်း၊ အမှတ်(၁၂၃)နေ (ဦးပိန်-ဒေါ်အုန်းရှင်) တို့၏သား၊ (ဦးဘရွှေ-ဒေါ်လှရွှေ)တို့၏သားသမက်၊ (ဒေါ်သန်းချစ်)၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီး တင်ဝင်းအောင်(ငြိမ်း) -ဒေါ်ခင်ပြုံးမော်၊ (ဦးမိုးကျော်)၊ (ဦးခင်ဇော်)၊ ဒေါ်လွဲ့လွဲ့ဝင်းတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၁-၆-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၆:၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

### ဒေါ်ကြူကြူ
လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ သလ္လာဝတီလမ်း၊ အမှတ် (10,F)နေ (ဦးမောင်မောင်ခင်)၏ဇနီး၊ ဦးမျိုးဆက်၊ ဦးတင်အောင်ထွန်း-ဒေါ်ခင်မို့မို့သင်းတို့၏မိခင်၊ သက်ထားသူဇာ၊ မင်းခန့်မောင်၊ ဆုသစ္စာတို့၏အဘွားသည် ၂၁-၆-၂၀၂၀ရက် ည ၇:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၂၀ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းမေ(ဖျာပုံ)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ စိမ်းလဲ့ရိပ်သာဝင်း၊ အမှတ် ၄၂E, G4 နေ (ဦးချစ်စိန်)၏ဇနီး၊ ဦးနေအောင် -ဒေါ်ခင်အေးမြင့်(အမျိုးသားမုန့်တိုက်၊ ပခုက္ကူ)၊ဦးစိန်ငြေး-ဒေါ်အေးအေးမော်(MAM Construction )၊ ဒေါ်စန္ဒာသိင်္ဂီ၊ ဒေါ်နီနီစိန်(အမက-၁၊ဗဟန်း)၊ ဦးသန်းဇော်ဦး(ညွှန်ကြားရေးမှူး၊ ပြည်သူ့လွှတ်တော်ရုံး)- ဒေါ်မြမြစိန်၊ ဦးငွေမင်းသန်း-ဒေါ်လှလှမြတ်(ဆန်းစတား ပြက္ခဒိန် နှင့် ပုံနှိပ်လုပ်ငန်း)တို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၂-၆-၂၀၂၀ရက် မွန်းလွဲ ၁၂:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

### ခရစ်တော်၌အိပ်ပျော်ခြင်း
### SAMUEL ဦးရှင်းသန့်ထွဋ်
BE(Civil)
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ တံတားအထူးအဖွဲ့(၆)
အသက်(၄၄)နှစ်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကံလှကွက်သစ်ရပ်ကွက်၊ အမှတ်(ပ-233A)နေ (ဦးချင်ထွဋ်မိတ်)-ဒေါ်ညွန့်ညွန့်ထွဋ်တို့၏ ချစ်လှစွာသောသားထွေး၊ (ဦးဝင်းလွင်)-ဒေါ်အေးအေးခိုင်တို့၏သားသမက်၊ ဒေါ်ဖူးသန္တာလှိုင်၏ခင်ပွန်း၊ မသွန်းဆုရတီထွဋ်၏ဖခင်၊ ဒေါ်သန္တာထွဋ်၊ ဦးဖိလစ်ရင်ထွဋ်၊ ဒေါ်နန္ဒာထွဋ်-ဦးဌေးစန်း၊ ဦးစတီဗင်နိုင်ထွဋ်၊ ဒေါ်အေးအေးကြည်၊ ဒေါ်လွင်လွင်ထွဋ်၊ ဦးခင်ကြွယ်ထွဋ်- ဒေါ်စုစုဟိန်း၊ ဦးပီတာစိုးထွဋ်-ဒေါ်တင်တင်မာ၊ ကိုမာကုလင်းထွဋ်၊ ဒေါ်နှင်းနှင်းတို့၏ချစ်လှစွာသောမောင်လေး/ညီလေးသည် ၂၂-၆-၂၀၂၀ရက် (တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၄-၆-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် (ခုတင်-၁၀၀၀) ဆေးရုံကြီး အအေးတိုက်မှ ကွေ့ကြီးခရစ်ယာန်သုသာန်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၂**

ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ရှင်းလင်းပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ဒုတိယလှိုင်း မကူးစက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ကိုဗစ်-၁၉ ဒုတိယလှိုင်းအတွက် အထွေထွေပြင်ဆင်ရန် မလိုအပ်ပါကြောင်း၊ ယခုပုံစံအတိုင်း လူတိုင်းသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဆောင်ရန်၊ ရှောင်ရန်များကို တိတိကျကျ လိုက်နာဆောင်ရွက်ပါက ကိုဗစ်-၁၉ ဒုတိယလှိုင်းအတွက် စိုးရိမ်စရာ မလိုပါကြောင်း၊ ကပ်ရောဂါ သဘောသဘာဝအရ ရောဂါကူးစက်မှုမှာ အတက်၊ တည့်တည့်သွား၊ ပြန်ကျ ဖြစ်ပါကြောင်း၊ အခုအခြေအနေတွင် မတက်တော့ဘဲ နည်းနည်း ပြန်ဆင်းနေသည့် ပုံစံဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မပေါ့ဆသင့်ပါကြောင်း၊ Mask တပ်ဆင်ခြင်းသည် ရောဂါကာကွယ်ရေးအတွက် အရေးကြီးသည့်အတွက်

*စာမျက်နှာ ၉ ကော်လံ ၁* ❍

## သတင်းစာရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၂၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနတို့၏ စတုတ္ထ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ဇွန် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## SIM Card များ စနစ်တကျပြန်လည် မှတ်ပုံတင်နိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ ထပ်မံအသိပေးကြေညာချက်

စာ - ၂

. . . . . . . . . . . . . . . . . . . . . .

## လူ့အခွင့်အရေးကောင်စီ၏ (၄၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အီးယူမှတင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းအား မြန်မာနိုင်ငံက ပယ်ချခဲ့

စာ - ၆

. . . . . . . . . . . . . . . . . . . . . .

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၂-၆-၂၀၂၀) ရက်နေ့၊ ည(၈:၀၀)နာရီ

စာ - ၁၅

# အစိုးရနှင့် NCA-S EAO ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာ အလုပ်အဖွဲ့ အစည်းအဝေး ကျင်းပ

### ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) အစည်းအဝေးများ ဇူလိုင်လဆန်းတွင် ပြန်လည်ကျင်းပသွားရန် သဘောတူညီမှုရရှိ



**ရန်ကုန် ဇွန် ၂၂**

အစိုးရနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAO) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာရေးဆိုင်ရာ အလုပ်အဖွဲ့အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ယနေ့ကျင်းပသည့်အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊

*စာမျက်နှာ ၈ ကော်လံ ၁* ❒

## ဂျေမီနက်ဇ်အတွက် ကစားသမားနှစ်ဦး အလိုက်ပေးကမ်းလှမ်းမည့် ဂျူဗင်တပ်စ်

ဂျူဗင်တပ်စ်အသင်းသည် တိုက်စစ်မှူး ရာအူးလ်ဂျေမီနက်ဇ်၏ ပြောင်းရွှေ့ကြေးကိုလျှော့ချပြီး တူရင်သို့ခေါ်ယူနိုင်ရန်အလို့ငှာ အသင်းမှ ရူဂါနီနှင့် ဘာနာဒက်စ်ချီတို့ကို ဝုဗ်အသင်းသို့ အလိုက်ပေးကမ်းလှမ်းဖွယ်ရှိနေကြောင်း အီတလီအခြေစိုက်သတင်းများတွင် ဖော်ပြထားသည်။ ဥရောပနာမည်ကြီး အသင်းအများအပြားကလည်း ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၄၅ ပွဲတွင် ၂၃ ဂိုး သွင်းယူပေးထားနိုင်သော မက္ကဆီကို တိုက်စစ်မှူး ဂျေမီနက်ဇ်အား ခေါ်ယူရန် စိတ်ဝင်စားနေကြကြောင်း သိရသည်။



ဂျေမီနက်ဇ်သည် ကနဦးတွင် ဘင်ဖီကာအသင်းမှ ဝုဗ်အသင်းသို့ အငှား ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့တွင် ပေါင် ၃၇ သန်းဖြင့် ဝုဗ်အသင်းက အမြဲတမ်းစာချုပ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် မန်ယူအသင်းတို့ကလည်း လာမည့်ရာသီအပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုစာရင်းတွင် ဂျေမီနက်ဇ်ကို ထည့်သွင်းထားကြောင်း သိရသည်။

*စာမျက်နှာ ၂၄ ကော်လံ ၄* ❖